www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၉၂၀၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၆၆၄၁၂၀၈

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၉ ခုနှစ် ဧပြီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ကဲ. . . အားလုံးပဲ မင်္ဂလာပါ၊ ခင်ဗျားတို့ခရီးသည်တွေအားလုံးကို ဟောဒီရေလမ်းခရီးမှာ လိုက်လံပြသဖို့ တာဝန်ယူထားရတာကတော့ ကျွန်တော်ပါပဲ။ ကျွန်တော်က ခင်ဗျားတို့ရဲ့တိုးရစ်ဂိုက် (Touriste-Guide)ဆိုပါတော့ဗျာ။

ဖြည်းဖြည်း ဖြည်းဖြည်း. . . မတိုးကြပါနဲ့၊ လှေပေါ်မှာ နေရာလွတ်တွေအများကြီးရှိပါတယ်။ လူစေ့အောက်စေ့နေရာရကြမှာပါ မပူပါနဲ့၊ ဟော့ ဟော့. . . ဟိုကလေး ပွဲကိုင်ဘီးနားကို မသွားနဲ့လေ၊ နောက်နည်းနည်းဆုတ် သားရဲ့၊ အေး အေး. . . ဟုတ်ပြီ. . . လိမ္မာတယ်။

ဟုတ်ကဲ့ပါခင်ဗျာ၊ ခရီးမထွက်ခင် ကြိုတင်မေတ္တာရပ်ခံချင်တာကတော့ ခရီးသည်များအနေနဲ့ ကျွန်တော်တို့လှေပေါ်မှာ သွား



www.burmeseclassic.com

www.burmeseclassic.com


နေစဉ်အတောအတွင်း အစားအသောက်စားတာ အမှိုက်သရိုက် ပစ်တာတွေဖို့ ရှောင်ကြဉ်စေချင်ပါတယ်၊ အားလုံးကိုပဲ ကျေးဇူးတင်ပါတယ်။ ကဲ... ကျွန်တော်တို့ လှေစထွက်ရအောင်။

အခု ကျွန်တော်တို့သွားရင်း တွေ့ကြရမယ့်မြစ်ကြောင်းခရီးစဉ်ဟာ ကျွန်တော်တို့နိုင်ငံကိုလာရောက်ကြတဲ့ ခရီးသည်တွေအတွက် အင်မတန်မှ ဆွဲဆောင်မှုရှိတဲ့နေရာတစ်ခုပါပဲ။

ဟောဒီမြစ်ရဲ့အထက် မိုင်အတော်ဝေးတဲ့နေရာမှာ အင်မတန်ရသာထူးကဲတဲ့ စားဖိုမှူးကြီးတွေရဲ့လက်ရာနဲ့ တည်ခင်းမယ့် စားသောက်ဆိုင်ကြီးတွေ၊ ရှုခင်းကောင်းတဲ့နေရာမှာ ဖွင့်ထားတဲ့ကဖေးဆိုင်တွေ အများကြီးရှိပါတယ်။

ဒါပေမဲ့ နေရာကောင်းကောင်းကိုလိုချင်ရင်တော့ ကြိုတင်ပြီးမှာထားနိုင်မှ စိတ်ချရမယ်ခင်ဗျ။

ဟုတ်ပါတယ်ခင်ဗျာ၊ လူ့ဘဝရှင်သန်မှုရဲ့ အသံဗလံတွေ အငွေ့အသက်တွေလို့ပဲ ဆိုရမလားမသိဘူး။ ကြက်သွန်ဖြူနံ့သင်းသင်းနဲ့ အသားကင်တွေရှိတယ်။ ချိုမြိန်တဲ့ သီချင်းသံတွေရှိမယ်။ ရယ်မောသံတွေကိုလည်း ကြားရမယ်။

ကဲ... ဒါကို နားထောင်ပြီး ခင်ဗျားတို့ သွားရည်ကျလာကြပြီမဟုတ်လား။ ဟောဒီလှေပေါ်ကခုန်ချပြီး ကမ်းခြေဆီကို လက်ပစ်ကူးသွားဖို့တောင် စိတ်ကူးချင်စိတ်ကူးကြမိမှာ။ အဲ... အဲ... ရယ်စရာပြောတာနော်၊ တကယ်မလုပ်ရဘူး။



လှေပေါ်ကဆင်းပြီး ရေထဲကူးဖို့လုံးဝမကြိုးစားပါနဲ့။ သတ်မှတ်ထားတဲ့စည်းကမ်းနဲ့ ဆန့်ကျင်နေလို့ပါ။

ဩော်... ဟုတ်ကဲ့၊ အခုဆိုရင် ဟောဒီမြစ်ရဲ့ ညာဘက်အခြမ်းကို ကြည့်လိုက်ကြစမ်းမြဲ။ မြစ်ကမ်းစပ်မှာ ကုက္ကိုပင်အိုကြီးတစ်ပင်ကို မြင်ကြတယ်မဟုတ်လား။ ဟုတ်ပြီ... ဟုတ်ပြီ... ခင်ဗျားတို့ သေသေချာချာကြည့်လို့ရအောင် လှေကို အရှိန်လျှော့ပေးပါ့မယ်။

ကဲ... တွေ့ပြီလား၊ အဲဒီကုက္ကိုပင်ကြီးရဲ့ သက်တမ်းဟာ နှစ်ပေါင်းရာချီနေပြီဗျ။ ဂျပန်ခေတ်တုန်းကဆို အဲဒီကုက္ကိုပင်ကြီးကို လူသတ်ကုန်းသစ်ပင်ကြီးလို့ခေါ်ကြတယ်။ ဖက်ဆစ်တွေက အပြစ်မဲ့တဲ့ရွာသားတွေနဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေကို အဲ့ဒီသစ်ပင်ကြီးအောက်မှာ နေ့စဉ်ရက်ဆက်ဆိုသလို လှံစွပ်နဲ့မသေမချင်းထိုးသတ်ပြီး သုတ်သင်သတ်ဖြတ်ခဲ့ကြတာကလား။

ရှေ့မီနောက်မီ လူကြီးသူမတွေပြောစကားအရတော့ လူပေါင်း တစ်ရာ့သုံးဆယ်ကျော်လောက် အဲ့ဒီသစ်ပင်ကြီးအောက်မှာ သေခဲ့ကြတယ်ဆိုပဲ... ကျွတ်... ကျွတ်၊ ကျွန်တော့်စိတ်ထဲမှာတော့ အဲဒီအဖြစ်အပျက်တွေဟာ မနေ့တနေ့ကလိုပါပဲဗျာ။

ဟော... ပြောရင်းဆိုရင်းဗျာ... ဟောဟိုမြစ်ကမ်းနဖူးမှာ လှမ်းမြင်နေရတာကတော့ အဓိကရအဆောက်အအုံကြီးတစ်ခုပါပဲ။ အထပ်နှစ်ဆယ်လောက်မြင့်တဲ့ဟိုတယ်ကြီးကို မြင်ကြရဲ့မဟုတ်လား။ တကယ်ခမ်းနားတဲ့ဟိုတယ်ပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့တောင် သိချင်သိလိုက်ကြလိမ့်မယ်၊ 'ဓနအောင်' ကုမ္ပဏီပိုင်ရှင်ကြီး ဒေါက်တာထွန်းမြင့်နဲ့ သူ့မိန်းမတို့မင်္ဂလာဆောင်ကြတာ အဲဒီဟိုတယ်မှာပေါ့၊ စည်းကားလိုက်တဲ့ မင်္ဂလာညစာခံပွဲဗျာ၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်တွေ အဆိုတော်တွေ အားလုံးနီးပါး လာကြတာကိုး၊ လက်ဖွဲ့လိုက်တဲ့ပစ္စည်းတွေဆိုတာလည်း တကယ့် အဖိုးတန်တွေချည်းပဲဗျ။

ဒါပေမဲ့ သူတို့လင်မယားခမျာ ကံဆိုးရှာတယ်ဗျာ၊ ဘာတွေအဆင်မပြေဖြစ်ကြသလဲ မပြောတတ်ဘူး၊ အဲ့ဒီလက်ထပ်ပြီးတဲ့ ညမှာပဲ နှစ်ယောက်စလုံး အထပ်နှစ်ဆယ်မြင့်တဲ့ ဟိုတယ်ခေါင်မိုးပေါ်ကနေခုန်ချပြီး ကွယ်လွန်သွားကြရှာတယ်။

ဩော်. . . အစ်မလေး ဘာအလိုရှိလို့လဲခင်ဗျာ။ အစ်မလေးတို့ဇနီးမောင်နှံနှစ်ယောက် အဲဒီဟိုတယ်ကြီးကို နောက်ခံထားပြီး ဓါတ်ပုံရိုက်ချင်သေးသလား၊ အားမနာပါနဲ့. . . ကျွန်တော်လေ့ကို အရှိန်လျှော့ပေးပါ့မယ်၊ အမှတ်တရ ဓါတ်ပုံရိုက်ထားလိုက်ကြပါလားဗျာ၊ အစ်မလေးတို့ ဇနီးမောင်နှံနှစ်ယောက်စလုံးက လက်ထပ်မင်္ဂလာပွဲဝတ်စုံတွေနဲ့ဆိုတော့ အဲဒီဟိုတယ်နောက်ခံနဲ့ အရမ်းပနံရတာပဲဗျ။

ဟော. . . ဟိုရှေ့မှာ မြင်နေရတာကတော့ သုခမြိုင်ကြိမ်ကုလားထိုင်စက်ရုံပါပဲ၊ အဲ. . . စက်ရုံတော့မရှိတော့ဘူးပေါ့ခင်ဗျာ။ တစ်ရုံလုံးမီးလောင်သွားလို့ အခုတော့ မီးကျွမ်းထားတဲ့ တိုင်ငုတ်



မည်းမည်းတွေနဲ့ စက်ရုံမြေနေရာပဲ ကျန်ရစ်ခဲ့တော့တယ်။

အဲဒီစက်ရုံမီးလောင်တုန်းက ညစောင့်အလုပ်သမားတစ်ယောက်လည်း မီးထဲမှာပိတ်မိပြီး သေသွားတယ်ဆိုပဲ။ ညာဘက်ကြီးမီးလောင်တာဆိုတော့ စက်ရုံထဲမှာကူပြီးမီးငြိမ်းဖို့ ဝန်ထမ်းအင်အားလည်း လုံလုံလောက်လောက်မရှိဘူးလေ၊ လောင်စာပစ္စည်းကလည်း ကြိမ်တွေဖြစ်နေတော့ မီးစွဲအားကောင်းတယ်နဲ့တူပါတယ်။ မီးညွန့်တွေဆိုတာ လေထဲမှာတဟူးဟူးနဲ့ အမြင့်ကြီးတက်နေတာ။

ဗျို့. . . အပြာရောင်ယူနီဖောင်းဝတ်ထားတဲ့ အစ်ကိုကြီး၊ ခင်ဗျားစိတ်မကောင်းဖြစ်ရင်လည်း တိုးတိုးသက်သာ ဝမ်းနည်းပါဗျာ။ ဘေးကခရီးသည်တွေ စိတ်အနှောင့်အယှက်ဖြစ်ကုန်ပါ့မယ်၊ တိုးတိုးဗျ တိုးတိုး။

ကိုင်း. . . ရှေ့မှာ လှမ်းကြည့်လိုက်ကြပါဦးဗျာ၊ မြစ်ကမ်းနှစ်ဖက်ကိုဆက်သွယ်ပေးထားတဲ့ တံတားကြီးကို တွေ့တယ်မဟုတ်လား။ အလယ်မှာရထားသံလမ်းနဲ့လေ၊ ဟော. . . ဟော ပြောရင်းဆိုရင်း ရထားတစ်စင်း ခုတ်သွားပြီဗျို့၊ ကြည့်စမ်း. . . မြစ်ယံထက်က မိုးပျံတံတားကြီးပေါ်မှာ ရထားတစ်စင်း ခုတ်မောင်းသွားတာ ဘယ်လောက်လှသလဲ၊

အဲ. . . လှသာလှတာဗျ။ အန္တရာယ်တော့အကြီးသား၊ ဟိုတစ်လောကပဲ ရထားပေါ်မှာ ဈေးရောင်းတဲ့လူတစ်ယောက် ပြုတ်ကျလို့ ရထားကြိတ်ခံရပြီးသေပြီးပြီ၊ အဲဒီတုန်းကဆိုရင် သွေးတွေနဲ့စ်



www.burmeseclassic.com

www.burmeseclassic.com



. . . ဗျို့. . . ဟေ့လူ ဟေ့လူ. . . ဘာဖြစ်လို့ မတ်တတ်ထရပ်တာလဲ၊ အံမယ်. . . သူများကိုလှည့်ကြည့်နေပြန်ပြီ၊ ခင်ဗျားကို ပြောတာဗျ. . . လည်ပင်းမှာ ပတ်တီးနဲ့မိတ်ဆွေကြီးရဲ့. . . ပြန်ထိုင် ပြန်ထိုင်၊ ခင်ဗျားက အဲဒီ့လို ဗြုန်းကနဲထရပ်လိုက်တော့ လှေကလူးသွားတာပေါ့။

အဆင်မသင့်ရင် ခင်ဗျားတောင် ရေထဲပြုတ်ကျသွားဦးမယ်၊ ရေထဲဆင်းဖို့များတော့ ယောင်လို့တောင်မှ စိတ်မကူးလိုက်နဲ့နော်၊ ခင်ဗျားတို့ အကြီးအကျယ် ဒုက္ခရောက်သွားကြလိမ့်မယ်။

ကဲ. . . ပြောရင်းဆိုရင်း မြစ်ကွေ့ချိုးကို ရောက်လာပြန်ပြီ၊ ဒီနေရာမှာ မြစ်ကြောင်းကကျဉ်းပြီး ကမ်းနဲ့နီးနေတော့ လှေက ဖြည်းဖြည်းပဲသွားနိုင်တယ်၊ ကမ်းနဲ့ ဘယ်လောက်နီးသလဲဆို ဟောဟိုမှာ ညာဘက်ကိုလှမ်းကြည့်လိုက်စမ်း၊ ကားလမ်းကိုတောင် မြင်နေရတယ် မဟုတ်လား။

လမ်းဟိုဘက်မှာရပ်ထားတာက လူနာတင်ယာဉ်လေ၊ အဲ့ဒီဘေးမှာ၊ ကုန်တင်ကားကြီးရပ်ထားတာကိုရောမြင်လား၊ အဲဒီနေရာဟာ စောစောက ကားလမ်းပေါ်မင်းပြေးတဲ့နေရာပဲလေ။

ဟုတ်တယ်. . . မင်းကိုပြောနေတာ၊ ငါ့ကို ဘာပြန်ပြီး ကြောင်ငေးကြည့်နေတာလဲ၊ ဒီလှေပေါ်ကို တက်ဖို့တန်းမစီခင်အချိန်တုန်းက မင်းပြေးနေတဲ့နေရာဟာ အဲဒီကုန်တင်ကား ရှေ့တည့်တည့်ပဲလေ၊ ဟိုမှာမတွေ့ဘူးလား၊ သွေးအိုင်ထဲမှာကျနေတဲ့ ဖိနပ်တစ်ဖက်က မင်းရဲ့ဖိနပ်ပေါ့။





ဘာအခုမှ ကြောင်တောင်တောင်လုပ်နေရတာလဲ၊ ဟိုအရင်ကတည်းက ကားလမ်းပေါ်သွားရင် မျက်စိရှင်ရှင်ထားပြီး သတိနဲ့သွားဖို့ မင်းမိဘတွေကမမှာထားဘူးလား၊ ကဲ. . . အခုမှတော့ ဘာမှလုပ်လို့မရတော့ဘူး၊ ပြီးတာတွေလည်းပြီးခဲ့ပြီပဲ။

ကဲ. . . ကဲ. . . ဒီတော့ လှေပေါ်မှာပါတဲ့ ခရီးသည်များအားလုံး ကျွန်တော့်အတွက် ကူးတို့ခကလေးများ မစကြပါ။

ဘာ. . . ကူးတို့ခပေးဖို့ ပိုက်ဆံမပါဘူးဟုတ်လား၊ အဓိပ္ပါယ်မရှိတာဗျာ။

ခင်ဗျားတို့ ပါးစပ်ထဲ ခင်ဗျားတို့ပြန်စမ်းကြည့်လိုက်စမ်းပါ၊ ကိုင်း. . . ပိုက်ဆံတစ်မတ်ကို တွေ့တယ်မဟုတ်လား။ အဲဒါဟာ. . . ဟောဒီ့ မရဏမြစ်ကိုဖြတ်ကူးဖို့ ကူးတို့ခပေါ့။

ကဲ. . . မရဏနိုင်ငံထဲကိုလည်းဝင်ရတော့မယ်။ ကူးတို့ခလေးတွေ အသင့်ပြင်ထားကြ။ ဟောဒီ့ရှေ့ဆုံးကနေ တစ်ယောက်ချင်းစီလိုက်ကောက် . . .

ဟာ. . . ဟာ. . . ဟေ့. . . မထနဲ့. . . မထနဲ့လေ. . . ။

ဟိတ်. . . ရေထဲကို မဆင်းရဘူးလို့ပြောနေတာ မကြားဘူးလား၊ ဟာ. . . ဒုက္ခပါပဲကွာ၊ ဒီလောက်တားနေတဲ့ကြားက ရေထဲဆင်းပြီးကူးပြေးပြီ။

ကြည့်စမ်း. . . ကြည့်စမ်း၊ ရေကူးပြီး ဟိုဘက်ကမ်းပေါ် ပြေးတက်သွားလိုက်တာ၊ သူ့ကိုယ်သူ လူစွမ်းကောင်းများ မှတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သလားမသိဘူး။

အဲဒီလို ဒုက္ခပေးတဲ့ကောင်တွေကြောင့် ခက်ပါတယ်၊ တမလွန်ကိုရောက်ပြီးမှ လူ့လောကထဲကို ပြန်ထွက်ပြေးချင်လို့ ရတာမှ မဟုတ်တာ။

လောကဟာ သုနိယာမတရားနဲ့သူ တည်ဆောက်ထားတာ မဟုတ်လား။

အဲဒီလို တမလွန်ပြေးတွေကို လိုက်ဖမ်းဖို့ ကျုပ်မှာ တာဝန်တစ်ခု ပိုလာပြန်တာပေါ့ဗျာ။

■



## အခန်း (၁)

"ဟဲ့. . . ဝတ်ရည်ဖြူ၊ နင်ဟာလေ တော်တော်ကို တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမပဲ"

ပေရယ်က ကျွန်မမျက်နှာကို စေ့စေ့ကြည့်ကာပြောရင်း သူ့စကားသူ သဘောကျစွာဖြင့် တဟီးဟီးရယ်နေ၏။ သူမ၏စကားကြောင့် ကျွန်မက ပါးစပ်အဟောင်းသားဖြစ်သွားပြီး ပြန်မေးလိုက်သည်။

"ဟမ်. . . ငါက တစ်ကိုယ်ကောင်းဆန်တယ်ဟုတ်လား။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ. . . ကြည့်စမ်းပါဦး၊ နင်ချည်းပဲ ကိတ်မုန့် သုံးခုတောင်လည်း ယူထားသေးတယ်၊ ပြီးတော့ ကိတ်မုန့်ပေါ်က အနှစ်တွေကိုချည်းပဲ ရွေးစားပစ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် ပေရယ်၏ညီမဖြစ်သူ မေကဝင်လာပြီး. . .

"အမယ်လေး. . . ပေရယ်ရယ်၊ ဝတ်ရည်ဖြူ စားချင်သလို စားပါစေ၊ ဒီနေ့က သူ့မွေးနေ့မို့ ငါကိုယ်တိုင် အဲဒီကိတ်မုန့်တွေကို ဖုတ်ထားတာ၊ စားသာစား ဝတ်ရည်ဖြူ. . . အားမနာနဲ့"

မေ့အပြောကြောင့် ကျွန်မက ရှက်ရယ်ရယ်လိုက်ရင်း လက်ချောင်းများတွင်ပေကျံနေသည့် ကိတ်မုန့်အနှစ်များကို လျှာဖြင့်လျက်လိုက်သည်။ ထို့နောက် . . .

"မေတို့ညီအစ်မတွေ အဲဒီလိုစေတနာကောင်းကြလို့လား မသိဘူး၊ ကိတ်မုန့်တွေက အရမ်းကောင်းတာ. . . ဂွတ်ရှယ်ပဲ"

ပေရယ်က အားပါးတရ ထပ်မံရယ်မောလိုက်ရင်း . . .

"အံမယ်. . . အံမယ်. . . ဝတ်ရည်ဖြူပြောတာကြားလား၊ 'ဂွတ်ရှယ်'ပဲတဲ့၊ နေစမ်းပါဦး . . . ဝတ်ရည်ဖြူ နင် အရင်တုန်းက ဒီလိုစကားလုံးမျိုးမပြောတတ်ပါဘူး၊ အခုမှ ဘယ်လိုဖြစ်ရတာလဲ"

"အရင်ကမပြောပေမယ့် အခုပြောတယ်လေ၊ ဘာဖြစ်လဲ ဒီနေ့ ငါ အသက်ဆယ့်ခြောက်နှစ်ပြည့်ပြီ၊ အရင်တုန်းကလို အိမ်တွင်းပုန်းနေရတဲ့ ကလေးလေးမဟုတ်တော့ဘူး၊ လိမ္မာချင်ယောင်ဆောင်နေဖို့လည်း မလိုတော့ဘူး၊ ငါ ပြောချင်သလိုပြောမှာပဲ"

ကျွန်မက ထိုစကားများနှင့်အတူ ပေရယ့်ကို လျှာထုတ်ပြီး ပြောင်ပြလိုက်သည်။ ထိုစဉ် အခန်းထဲသို့ဝင်လာသည့် ညီအစ်မ အငယ်ဆုံးဖြစ်သူ ဖွန်က . . .





"တယ်မဟုတ်ပါလား၊ ဝတ်ရည်ဖြူကတော့ ဟောဒီဆယ့်ခြောက်နှစ်ပြည့်တဲ့နေ့ကစပြီး လန်းတော့မယ်ပေါ့၊ စကားအပြောအဆိုကအစ ဟော့ရှော့ဖြစ်လာပြီ"

"ဟုတ်တယ်. . . ဖွန်၊ ငါ လူကြီးဖြစ်ပြီ။ ကိုယ့်ကိုယ်ကို ထိန်းနိုင်တဲ့အရွယ်ရောက်ပြီပဲ"

ကျွန်မ၏ စကားအဆုံးမှာပင် ပေရယ်ကဝင်ပြီး . . .

"ဟုတ်ပါပြီ ဟုတ်ပါပြီ. . . ကိုယ့်ကိုယ်ကိုထိန်းနိုင်တဲ့ ဒေါ်ဝတ်ရည်ဖြူရယ်၊ နင့်ဆံပင်မှာ ကိတ်မုန့်အနှစ်တွေပေနေတယ်. . . သုတ်လိုက်ပါဦး"

ပေရယ်စကားကြောင့် ကျွန်မစိတ်တွေ ညစ်မှိုင်းသွားသည်။ လက်ဖြင့်စမ်းကြည့်လိုက်တော့ ကျွန်မဆံပင်မှာ ကိတ်မုန့်အနှစ်တွေ တကယ်ပဲပေပွနေလေသည်။ ဘုရားရေ. . . ဒီလိုနမော်နမဲ့ပုံစံမျိုးနဲ့ ငါကိုယ်ငါလူကြီးဖြစ်ပြီလို့ ဘယ်လိုယုံကြည်ရမှာလဲ။

ကျွန်မဆံပင်ကို တစ်ရှူးစက္ကူဖြင့် စိတ်မချမ်းမြေ့စွာ သုတ်နေချိန်တွင် ပေရယ်တို့ ညီအစ်မသုံးယောက်ကတော့ ကျွန်မကိုကြည့်ပြီး ခွက်ထိုးခွက်လန်ရယ်နေကြ၏။ ဖွန်ဆိုလျှင် ရယ်ရလွန်းသောကြောင့် လည်ချောင်းထဲတွင် ကိတ်မုန့်ဖတ်ပင်နင်နေသေးသည်။

ပေရယ်၊ မေနှင့်ဖွန်တို့သည် သုံးမြွှာပူးညီအစ်မဖြစ်ကြသည်။ ကျွန်မ၏ အချစ်ဆုံးသူငယ်ချင်းသုံးဦးလည်းဖြစ်၏။ ကျွန်မတို့ကျောင်းမှ သူငယ်ချင်းတွေအားလုံးက သူတို့ကို 'ပြက္ခဒိန်ညီအစ်မသုံးယောက်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်ကြသည်။

သူတို့ညီအစ်မသုံးယောက်သည် အတော်ကလေး ဆင်တူကြသည်။ သို့ရာတွင် သူတို့က တစ်ယောက်နှင့်တစ်ယောက် မတူအောင် အမြဲကြိုးစားနေကြသည်။

ပေရယ်နှင့်မေက ပိုပြီး ရုပ်ချင်းဆင်သည်။ နှစ်ယောက်စလုံးသည် နက်မှောင်ဖြောင့်စင်းသော ဆံပင်များနှင့်ဖြစ်ပြီး မျက်လုံးများက ဝိုင်းစက်ကြည်လင်နေကြ၏။ သူတို့နှစ်ယောက်နှင့် နှိုင်းစာလိုက်လျှင် အငယ်ဆုံးညီမဖြစ်သူဖွန်က အသားပိုဖြူလေသည်။ နေပူမိထားလျှင်ကား သူတို့အားလုံး မတိမ်းမယိမ်းသာဖြစ်၏။

သို့သော် သူတို့စိတ်ထဲကတော့ မတူပါဘူးဟုသာ အလွန်အပြောခံချင်ကြသည်။ စတိုင်လ်တွေကိုလည်း တစ်ယောက်နှင့်တစ်ယောက်မတူအောင် မျိုးစုံလုပ်ထားကြ၏။

ပေရယ်၏ဆံပင်များက ခါးလောက်အထိရှည်သည်။ အဝတ်အစားဆိုလျှင်လည်း သူများအင်္ကျီငှားဝတ်လာသလို ပုံမကျပန်းမကျ အင်္ကျီပွပွကြီးများ၊ ပုံစံတုံးသောဒီဖိုင်းများကို ဝတ်လေ့ရှိသည်။ နောက်ပြီး တချွင်ချွင်နှင့် သံစုံမြည်နေသည့် လက်ဝတ်လက်စားများ၊ လည်ဆွဲပုတီး အလုံးကြီးကြီးများနှင့် တိုးလို့တွဲလောင်း ဖန်စီနားကပ်များကိုလည်း ကြိုက်တတ်သည်။

မေကတော့ ပို၍သပ်သပ်ရပ်ရပ်ရှိသည်ဟုပြောရမည်။ သူမ၏ဆံပင်ကလည်း ကျောလယ်ခန့်အထိသာရှိ၏။ ဂျင်းဘောင်းဘီကျပ်





ကျပ်ကို ရောင်စုံတီရှပ်များနှင့်တွဲကာ ဝတ်ဆင်တတ်၏။ သူမ၏ မျက်နှာသည် ဘယ်အခါကြည့်လိုက်ကြည့်လိုက် မျက်နှာသစ်ပြီးခါစလို အမြဲတမ်းရှင်းသန့်နေ၏။

အငယ်ဆုံးညီမဖြစ်သူဖွန်ကတော့ သူတို့ထဲတွင် အနေအထိုင်အအေးဆုံးတစ်ယောက်ဖြစ်သည်။ စကားပြောလျှင်လည်း နူးညံ့တိုးဖွဖွသောလေသံဖြင့် ပြောတတ်၏။ သူမကိုကြည့်ရသည်မှာ သိုးဆောင်းပုံပြင်ထဲက နတ်သမီးတစ်ယောက်နှင့်တူသည်ဟု ခံစားရစေသည်။

ပြောင်းပြန်ဖြစ်နေသည်ကား အငယ်ဆုံးဖြစ်သူ ဖွန်က တည်ငြိမ်အေးဆေးသလောက် အကြီးဆုံးဖြစ်သည့်ပေရယ်က အလွန်အစအနောက်သန်ခြင်းပင်ဖြစ်သည်။ ပေရယ့်မျက်စိထဲတွင် မည်သည့်အရာမှ အလေးအနက်မြင်သည်မရှိ၊ အားလုံးကို ရယ်စရာလုပ်ပစ်တတ်သည်။

အမှန်တိုင်းဝန်ခံရလျှင် ကျွန်မက ပေရယ်၏စတိုင်လ်ကို ကျိတ်ပြီးအားကျနေမိသူဖြစ်သည်။ သူ့လိုပင် ရယ်စရာမောကာနှင့် ပေါ့ပေါ့ပါးပါးနှင့် နေတတ်သူဖြစ်ချင်၏။ အခုလို နေရာတကာ ရှက်ရွံ့တတ်ပြီး တည်တည်ကြီးနေထိုင်တတ်သော ကျွန်မဘဝကို ကျွန်မသဘောမကျမိချေ။ လိုအပ်သည်ထက်ပိုပြီး လေးနက်လွန်း သည်ဟုထင်၏။

ကြည့်စမ်းပါဦး. . . ကျွန်မဘဝဟာ ဘယ်လောက်တောင် ပျင်းရိစရာကောင်းလိုက်သလဲလို့။ ပေရယ်နှင့် တတွဲတွဲအနေများလျှင်တော့ သူမလို ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်လာမည်ဟု မျှော်လင့်ထား



www.burmeseclassic.com

www.burmeseclassic.com

မိသည်။

အလတ်မဖြစ်သူ မေကတော့ ကျွန်မတို့အားလုံးထဲတွင် ဉာဏ်အကောင်းဆုံးဖြစ်သည်။ ကျွန်မအနေဖြင့် ကျောင်းစာကို အမီလိုက်နိုင်ခြင်းသည် အစွမ်းကုန်ပင်ပင်ပန်းပန်း ကြိုးစားခြင်းကြောင့်ဖြစ်သော်လည်း မေအတွက်ကတော့ ထိုသို့မဟုတ်။ သက်တောင့်သက်သာဖြင့် အထူးတလည် ကြိုးပမ်းစရာမလိုဘဲနှင့်ပင် စာတော်သောကျောင်းသူတစ်ယောက် ဖြစ်နေလေသည်။

ထို့ကြောင့်ပင် မေ့အတွက်ကျောင်းစာအပြင် တခြားလူမှုရေးအလုပ်တွေအတွက် အချိန်ပိုများစွာရနေ၏။ သူမကိုယ်တိုင်ကလည်း လူစုလူဝေးနှင့် ဟိုအဖွဲ့ဒီအဖွဲ့များတွင် ပါဝင်လုပ်ကိုင်ရသည်ကို ပျော်မွေ့တတ်သူဖြစ်၏။ အခုရက်ပိုင်းမှာလည်း 'ခွေးလိမ္မာပြိုင်ပွဲ'ကျင်းပ ရန် ရန်ပုံငွေရှာနေသည်ဟုဆို၏။

ညီမအငယ်ဆုံးဖြစ်သူ ဖွန်ကတော့ သူ့စာသာသူ စိတ်ကူးယဉ်ကမ္ဘာလေးထဲတွင် သီးခြားနေထိုင်သူဖြစ်သည်။ ဖွန့်အာရုံထဲတွင် စိုးမိုးနေသည့် တစ်ခုတည်းသောအနုပညာမှာ 'အက'ဖြစ်သည်။ တကယ်တမ်းမှာလည်း ဖွန်သည် အကနှင့်ပတ်သက်၍ ပါရမီအခံကြီးမားသူဖြစ်သည်။

ရုပ်သေးမင်းသမီးအက ကနေသည့်အခါမျိုးဆိုလျှင် ကြည့်နေရင်းမှာပင် ဖွန့်တစ်ကိုယ်လုံး သစ်သားရုပ်သေးရုပ်တစ်ရုပ် ဖြစ်သွားသကဲ့သို့ ထင်မှတ်ရလေသည်။ ကျွန်မကိုယ်တိုင်ကလည်း





မင်းသမီးဝတ်စုံနှင့်ကရသည်ကို ဝါသနာပါသည်။ သန်ဘက်ခါတွင် ကျင်းပမည့် ကျောင်းပေါင်းစုံ မြန်မာ့ရိုးရာဆိုကရေးတီးပြိုင်ပွဲမှာပင် ဝင်ရောက်ယှဉ်ပြိုင်ဖို့ စာရင်းပေးထားသေး၏။

သို့သော် ကျွန်မ ဆုရဖို့ကားမျှော်လင့်ချက်မရှိချေ။ ဖွန်နှင့်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့်ပင်။ သို့ရာတွင် သူ့ပါရမီနှင့်သူ ထူးချွန်ခြင်းဖြစ်သောကြောင့် ဖွန့်အပေါ်တွင် မနာလိုဖြစ်စရာ ဘာအကြောင်းမှ မရှိပါ။

နောက်ပြီးတော့လည်း သူတို့ညီအစ်မသုံးယောက်စလုံးသည် ကျွန်မအတွက် အကောင်းဆုံးအဖော်မွန်များ၊ တကယ့်မိတ်ဆွေစစ်စစ်များဖြစ်ကြသည်။ ထို့ကြောင့်ပင် ဒီနေ့မွေးနေ့ပွဲကို သူတို့က ကျွန်မပျော်အောင် အမျိုးမျိုးစီစဉ်ပေးထားကြခြင်းဖြစ်သည်။

ကိတ်မုန့်စားပြီးသွားကြသောအခါ ပေရယ်က စားပွဲဝိုင်းမှ ပျာပျာသလဲထထိုင်ရင်း

"ကဲ . . . ကဲ သွားကြရအောင်ဖေ့"

"ဟင် . . . ဘယ်ကိုသွားကြမလို့လဲ"

သူတို့အစီအစဉ်ကို သိမထားသောကြောင့် ကျွန်မက အူကြောင်ကြောင်ဖြင့်မေးလိုက်သည်။ မေက ကျွန်မလက်ကို အတင်းဆွဲခေါ်လျက် . . .

"လိုက်ခဲ့မှာသာလိုက်ခဲ့စမ်းပါ၊ နင့်မွေးနေ့မှာ တစ်ချိန်လုံးပျော်ရအောင် ငါတို့ အမျိုးစုံစဉ်းစားထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သွားမယ် ဘာလုပ်မယ်ဆိုတာကိုတော့ ပြောဦးမှ ပေါ့ဟဲ့ အခုပဲ ည(၇)နာရီထိုးတော့မယ်၊ တော်ကြာ အိမ်ပြန် နောက်ကျနေရင် အဆူခံနေရမှာစိုးလို့"

ကျွန်မက ညည်းညည်းညူညူဖြင့် ပြောလိုက်သောအခါ ဖွန်က သူမ၏ဆံပင်များကို ကလစ်ဖြင့်ညှပ်ရင်း . . .

"သိပ်ဝေးဝေးမဟုတ်ပါဘူး၊ မြို့ဦးစေတီဘုရားပွဲဈေးတင်ပါ"

"သြော် . . ."

ဒါကြောင့် သူတို့ညီအစ်မတွေ အရမ်းတက်ကြွနေကြတာကိုး ဟု ကျွန်မတွေးလိုက်သည်။ ကျွန်မတို့မြို့တွင် ဒီပွဲတော်က အစည်ကားဆုံးဖြစ်၏။ လူတွေကလည်း တိုးမပေါက်အောင်စည်ကားလှ သည်။ ဆိုင်ခန်းတွေကလည်း မျက်စိတစ်ဆုံး၊ နာမည်ကြီးဇာတ်သဘင် အဖွဲ့တွေကလည်း နှစ်ဖွဲ့သုံးဖွဲ့အပြိုင်ကလေ့ရှိသည်။

မိုးအလင်းထိပွဲကြည့်ဖို့ အိမ်ကခွင့်မပေးသောကြောင့် ဇာတ်ပွဲကိုတော့ ကျွန်မတို့ကြည့်ဖြစ်လေ့မရှိပါ။ သို့သော် ပွဲဈေးတန်း တစ်လျှောက်သွားပြီး ချားရဟတ်စီးခြင်း၊ ဗူးသီးကြော်ဆိုင်များတွင် ထိုင်စားခြင်း၊ ဆိုင်ခန်းများကိုငေးမောခြင်း၊ သူငယ်ချင်းများနှင့် ပွဲဈေးတန်းအတွင်းစုံလျှင် ဟေးလားဝါးလား နောက်ပြောင်အော်ဟစ်ရခြင်းတို့ကိုမူ ကျွန်မနှစ်ခြိုက်သည်။

ထို့ကြောင့်ပင်လျှင် သူတို့ညီအစ်မသုံးယောက်နှင့်အတူ လိုက်ဖို့ ခေါင်းညိတ်လိုက်မိခြင်းဖြစ်၏။ ထိုခြေလှမ်းအစသည်ပင် ကြောက်





မက်ဖွယ်ရာကံကြမ္မာဆိုးဆီ ခေါ်ဆောင်သွားမည့် နိဒါန်းဖြစ်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ချားရဟတ်ပေါ်မှ ဆင်းလာတော့ ကျွန်မတို့လေးယောက်စလုံး ရီဝေဝေမူးနောက်နောက်ဖြစ်ကာ ခြေလှမ်းတွေဒယိမ်းဒယိုင်နှင့် တစ်ယောက်ကိုတစ်ယောက် တွဲထားရ၏။

စရင်းနောက်ရင်းနှင့် ချားရဟတ်ကို အပတ်ပေါင်းမည်မျှစီးခဲ့မှန်းပင် မရေမတွက်နိုင်တော့။ အခု ကျွန်မမျက်လုံးထဲတွင် မြေပြင်သည် နိမ့်လိုက်မြင့်လိုက်နှင့် လှိုင်းထနေသလိုခံစားရသည်။ ကျွန်မက မျက်လုံးကို ပေကလပ်ပေကလပ်လုပ်လိုက်၏။ ပွဲဈေးတန်းမှ မီးရောင်များက ကျွန်မမျက်လုံးအိမ်ထဲတွင် ရောင်ပြန်ဟပ်နေသည်။

"ဟူး. . . ဆိုးလိုက်တာ"

ဖွန်ကပြောရင်း ဖရိုဖရဲဖြစ်နေသော သူမ၏ဆံပင်များကို လက်





ဖြင့်သပ်လိုက်၏။ မေကတော့ ချားရဟတ်ခုံတန်းများတွင်ရေးထားသည့် 'ပီယမောင်'ဟူသော ချားရဟတ်အမည်ကို သမင်လည်ပြန်ငေးကြည့်ရင်း. . .

"ဒီချားရဟတ်နာမည်က အဆန်းပဲဟ၊ 'ပီယမောင်'ဆိုတော့ 'ပေါင်ရမည်'လို့အဓိပ္ပါယ်ထွက်နေတာပေါ့နော်"

ချားရဟတ်ပိုင်ရှင်သာ သူမ၏စကားကိုကြားလျှင် ဘယ်လောက်ဒေါသဖြစ်မည်မသိ။ ကျွန်မတို့ကတော့ တခစ်ခစ်ရယ်လိုက်မိကြသည်။ မေက အဲဒီလို ကပ်သီးကပ်သတ်အတွေးတွေ စိတ်ကူးရတတ်သည့်နေရာတွင် အလွန်တော်ပါသည်။ ထိုစဉ် ပေရယ်က. . .

"ပွဲဈေးတန်းထဲ လျှောက်ကြရအောင်ဟာ၊ ငါတို့ ကျောင်းကအကောင်တွေတောင် ပွဲဈေးတန်းထဲမှာ လမ်းသလားနေကြတာတွေ့ရမလားမသိဘူး"

"အမယ်လေး. . . မကြည့်ချင်မှအဆုံး တွေ့ရပါစေမိမ့်မယ်၊ အဲဒီယောက်ျားဆိုတဲ့ သတ္တဝါတွေဟာ လူစုစုရှိရင် မိန်းကလေးတွေနား ရစ်သီရစ်သီလုပ်ဖို့ကလွဲပြီး ဘာများအသုံးကျလို့လဲ"

မေ၏စကားသည် တစ်ဝက်တစ်ပျက်ခန့်သာမှန်သည်ဟု ကျွန်မထင်၏။ တကယ်တမ်းတွင် ပွဲဈေးတန်းထဲ၌ ကျွန်မတို့ကျောင်းမှ မည်သူ့ကိုမဆို တွေ့နိုင်သည်ပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့မြို့ကလေးသည် ခပ်ကျဉ်းကျဉ်းသာဖြစ်ပြီး အခုလိုပွဲတော်ရက်များအတွင်း ဒီလိုပွဲဈေးတန်းမှလွဲ၍ တခြားလည်စရာပတ်စရာ



www.burmeseclassic.com

www.burmeseclassic.com

များများစားစားမရှိလှချေ။

ဒီလိုနှင့် ပွဲဈေးတန်းအတွင်း ဟိုဒီငေးမောကာ လျှောက်လာကြရာမှ ပေရယ်က . . .

"ဟဲ့. . . ဟိုမှာ မြားပစ်ပြီးကစားလို့ရတဲ့နေရာရှိတယ်၊ သွားပစ်ကြည့်ရအောင်"

"ဟာ. . . ပေရှယ်ကလည်း ကလေးမှမဟုတ်တာ"

ကျွန်မ ချက်ချင်းပင်ငြင်းလိုက်မိ၏။ မြားပစ်သည့်ဆိုင်ခန်းထဲမှ လူဝဝကြီးတစ်ယောက်ကတော့ မိုက်ကရိုဖုန်းကိုင်ကာ. . .

"လာနော်. . . လာနော်. . . ကံစမ်းသွားကြဦးမလား၊ မြားသုံးချောင်းပစ်မှငွေတစ်ရာ၊ မှန်အောင်ပစ်နိုင်ရင် အရုပ်လှလှလေးတွေရမယ်၊ ကဲ. . . လာကြ. . . လာကြ၊ ရပ်ကြည့်လို့အမြတ်မရှိပါဘူး"

ဟု အော်နေသည်။ မေက ထိုအသံကိုနားထောင်ရင်း နှာခေါင်းရှုံ့လိုက်၏။ ပြီး . . .

"မှတ်ပြီ. . . အဲဒီအရုပ်တွေက ဘယ်လောက်တန်မှာမို့လို့ လဲ၊ ပျော်စရာလည်းမကောင်းဘူး၊ ငါက ဝတ်ရည်ဖြူကို သူ့မွေးနေ့အထိမ်းအမှတ်နဲ့ ထူးထူးခြားခြားတစ်ခုခုလုပ်စေချင်တာ"

"ဘယ်လို ထူးထူးခြားခြားလဲဟင်"

ဖွန်က ဝင်မေးသည်။ မေက . . .

"အို. . . ခါတိုင်းလုပ်နေကျမဟုတ်တဲ့ဟာ တစ်ခုခုပေါ့"

"ဟော. . . တွေ့ပြီ. . . တွေ့ပြီ၊ တကယ်ထူးခြားမယ့်ဆိုင်





ကို ငါတွေ့ပြီ၊ လာ. . . လာ"

ပေရယ်က ရွှင်မြူးစွာအော်ဟစ်ရင်း ကျွန်မ၏လက်ကိုအတင်းဆွဲခေါ်သွား၏။ သူရပ်လိုက်သည့်ဆိုင်ရှေ့မှ ဆိုင်းဘုတ်ကိုမြင်လိုက်ရသောအခါ ကျွန်မ အသက်ရှူရပ်သွားသလိုပင် ခံစားလိုက်ရသည်။

"ဆေးမင်ကြောင်ထိုးသည်"

ဆိုင်၏ကျောဘက်နံရံတွင် အနီရောင်၊ နက်ပြာရောင်တို့ဖြင့် ရေးခြယ်ထားသည့် ဆေးမင်ကြောင်ရုပ်ပုံစံမျိုးစုံကို ခင်းကျင်းထား၏။ ဆေးလိပ်နံ့၊ အမွှေးတိုင်နံ့တို့ဖြင့်လည်း မွန်းကြပ်မွှန်ထူနေသည်။ ကျွန်မကအလန့်တကြားဖြင့် . . .

"ဟင့်အင်း. . . ဟင့်အင်း. . . မထိုးချင်ဘူး"

ကျွန်မက ရုန်းထွက်ဖို့ကြိုးစားသော်လည်း ပေရယ်၏သန်မာသောလက်က ကျွန်မ၏လက်ကောက်ဝတ်ကို တင်းကြပ်မြဲမြံစွာ ဖမ်းဆွဲထား၏။ ပေရယ်က . . .

"ဘာလို့မထိုးရမှာလဲ၊ ဟိုမှာကြည့်စမ်း ပုံလှလှလေးတွေ အများကြီးပဲ။ နင်ကြိုက်တာရွေး ဝတ်ရည်ဖြူ၊ နင့်အတွက် စပါယ်ရှယ်မွေးနေ့လက်ဆောင်အဖြစ် ဆေးမင်ကြောင်ထိုးပေးဖို့ ငါ ဆုံးဖြတ်ထားတယ်၊ ငါ့ဆုံးဖြတ်ချက်ကိုတော့ မပြင်နိုင်ဘူး၊ နင်ထိုးကိုထိုးရမယ်. . . ဒါပဲ"

"နင်. . . နင် နောက်နေတာမဟုတ်လား ပေရယ်၊ တောင်းပန်ပါတယ်ဟာ၊ နောက်တာဆိုရင် တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံကိုကြည့်ရင်း ကျွန်မစိတ်ထဲမှာ အညှို့ခံထားရသလို ရှိဝေလာသည်။ ဒီပုံကို ကြည့်လည်းမကြည့်ရဲ၊ မျက်စိကိုလည်းလွှဲဖယ် မပစ်နိုင်ဘဲဖြစ်နေသည်။ ရုပ်ပုံ၏ မိစ္ဆာမျက်လုံးတွေကတဆင့် ကျွန်မကို အိပ်မွေ့ချနေသည်ဟု ထင်ရသည်။ ငါ. . . ငါ ဘာဖြစ်နေတာလဲ။

သတိကင်းလွတ်သလို ဖြစ်နေသည့်အခိုက်အတန့်မှာပင် ပေရယ်က ကျွန်မ၏ ညာဘက်လက်ကိုဆွဲယူပြီး ဆေးမင်ကြောင်ထိုးသူကို . . .

"ဦးလေး. . . သူ့လက်ခုံပေါ်မှာ ဟိုပုံကိုထိုးပေးပါ"

ဘာကြောင့်မှန်းမသိ။ ကျွန်မနှုတ်က ငြင်းဆန်သည့်စကား ထွက်မလာ။ ထိုစဉ်မှာပင် ဆေးမင်ကြောင်ထိုးသည့်ဦးလေးကြီးက ဆေးအဆီတစ်မျိုးမျိုးကို ဂွမ်းစဖြင့်တို့ယူပြီး ကျွန်မညာဘက်လက်ခုံပေါ် သုတ်လိမ်းလိုက်သည်ကို အတွေ့အထိအာရုံဖြင့်သိလိုက်၏။

ထို့နောက် တဒီဒီမြည်နေသော ဆေးမင်ကြောင်ထိုးစက်၏ အသံကို ကြားလိုက်ရသည်။

ဖျတ်ကနဲ အိပ်ရာမှလန့်နိုးလာသူတစ်ယောက်လို ကျွန်မ ခံစားလိုက်ရပြီး ကြောက်လန့်တကြားဖြင့် ယယ်သံပါအောင် အော်လိုက်မိလေတော့သည်။

"အား. . ."

■



## အခန်း (၃)

"ဝတ်ရည်ဖြူကလည်းဟယ်. . . အသည်းငယ်လိုက်တာ၊ ဘာဖြစ်လို့ ဒီလောက်တောင်အော်ရတာလဲ"

ဆေးမင်ကြောင်ထိုးသည့်နေရာမှ ဝေးရာသို့သုတ်ခြေတင် လာရင်း ဖွန်ကပြောသည်။ ကျွန်မက အကြောက်မပြေသေးသဖြင့် ဘာစကားမှပြန်မပြောနိုင်။ မေကတော့ ပေရယ့်ကိုသာ အပြစ်တင် နေသည်။

"ပေရယ်ကလည်းဟယ်. . . နင်စတာနောက်တာ လွန် လွန်းပါတယ်၊ ဝတ်ရည်ဖြူက မထိုးချင်ဘူးလို့ပြောနေတဲ့ဥစ္စာ"

"ငါကလည်း တကယ်ထိုးခိုင်းမလို့မဟုတ်ပါဘူးဟာ၊ ဒါပေမဲ့ သူ့လက်ခုံပေါ်မှာ အရုပ်ဆွဲပေးတဲ့အချိန်ထိ ဘာမှမပြောတော့ သူ



www.burmeseclassic.com

www.burmeseclassic.com

တကယ်စိတ်ပါသွားပြီ အောက်မေ့လို့ပေါ့”

ပေရယ်၏စကားကြောင့် ကျွန်မရင်ထဲထိတ်ကနဲဖြစ်သွားပြီး. . .

“ဘာ! ငါ့လက်ခုံပေါ်မှာ ပုံဆွဲပေးလိုက်တယ်ဟုတ်လား”

“ဟုတ်တယ်လေ. . . ဆေးမင်ကြောင်မထိုးခင် ပုံကြမ်းကို ဘောလ်ပင်နဲ့အရင်ရေးရတာပဲဥစ္စာ၊ နင့်လက်ပေါ်မှာ ပုံကြမ်းဆွဲပေးနေတုန်းကတော့ နင်က ကြည်ကြည်ဖြူဖြူနဲ့ အငေးသားကြည့်နေပြီးတော့”

ကျွန်မညာလက်ခုံကို ကမန်းကတန်း ပြန်ကြည့်လိုက်သည်။

“ဟင်. . .”

ဟုတ်သည်။ လက်ခုံပေါ်တွင် ဘောလ်ပင်ဖြင့်ရေးဆွဲထားသော မကောင်းဆိုးဝါးပုံ. . .။ ဒီပုံကို ဘယ်အချိန်က ရေးဆွဲလိုက်မှန်း ကျွန်မ မသိပါ။ အိပ်မွေ့ချထားခံရသလို ဖြစ်နေသည့်အချိန်တွင် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်မ အရမ်းကြောက်သွားပြီး လက်ခုံပေါ်မှပုံကို အတင်း ပွတ်တိုက်ကာ ဖျက်ပစ်နေမိသည်။ တစ်ကိုယ်လုံးလည်း ချွေးစေးတွေ ပြန်ကာ အေးစက်လာ၏။ ပေရယ်က ကျွန်မကိုကြည့်ရင်း သနားအားနာစွာဖြင့် . . .

“ဆောရီးပါ ဝတ်ရည်ဖြူရယ်၊ နင် ဒီလောက်ကြောက်သွားမှန်း ငါမသိလို့ပါ”

“ရပါတယ်ဟာ. . . ငါ ဘာမှမဖြစ်ပါဘူး”





ကျွန်မက သူစိတ်ချမ်းသာအောင် တမင်ပင် ပေါ့ပေါ့ပါးပါးလေသံဖြင့်ပြောလိုက်၏။ ထိုအခါကျမှပင် ပေရယ်လည်း အရင်ပုံစံအတိုင်း ရယ်လားမောလား ပြန်ဖြစ်လာလေတော့သည်။

ဘယ်လိုပဲစစ သူတို့ညီအစ်မတွေကို ကျွန်မ စိတ်ဆိုးစရာအကြောင်းမရှိပါ။ သူတို့သည် ကျွန်မအတွက် အချစ်ဆုံးသူငယ်ချင်းတွေဖြစ်ကြသည်မဟုတ်လား။

ပွဲဈေးတန်းထဲတွင် ကျွန်မတို့လေးယောက်သား အတန်းလိုက်ကြီးလျှောက်သွားနေသဖြင့် ခရီးမတွင်လှ။ ဆိုင်ခန်းတွေတစ်လျှောက် ကြိတ်ကြိတ်တိုးနေသောလူတွေကြားမှာ မကြာခဏညပ်နေသည်။ ထိုစဉ် ဖွန်က တစ်စုံတစ်ယောက်ကို လှမ်းမြင်လိုက်ဟန်ဖြင့် . . .

“ဟာ. . . ဟိုမှာ ရဲဂေါင်စိုးမဟုတ်လား”

ပြောပြီးသည်နှင့် သူမ၏အကြည့်က ကျွန်မဆီသို့ ရောက်လာသည်။ ကျန်သည့် ညီအစ်မနှစ်ယောက်ကလည်း ပြုံးစိစိဖြစ် သွားပြီး ကျွန်မအမူအရာကို အကဲခတ်သလိုကြည့်နေကြ၏။

ရဲဂေါင်စိုးကို ကျွန်မ တစ်ဖက်သတ်စိတ်ဝင်စားနေမှန်း သူတို့ညီအစ်မသုံးယောက်စလုံး သိနေကြသောကြောင့်ဖြစ်သည်။ သူတို့ကိုလည်း အပြစ်တော့မဆိုသာ။ ခက်နေသည်က ရဲဂေါင်စိုးဘက်မှ ကျွန်မကို မေတ္တာရှိနေသည့်အရိပ်အယောင် ပြမလာသေး။ တစ်ခုတော့ရှိသည်။ ရဲဂေါင်စိုးက အရှက်ကြီးလွန်းသူတစ်ယောက်ဖြစ်သောကြောင့် သူ့ခံစားချက်ကို မျိုသိပ်ထားတာလည်းဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ အတွေးတွေလွင့်မျောနေစဉ်မှာပင် ရဲဂေါင်စိုးနှင့် တဖြည်းဖြည်းနီးလာသည်။ သူကား အသားညိုညို ပိန်ပိန်သွယ်သွယ်ဖြစ်သောကြောင့် အမြင်အားဖြင့် ဘာမှထူးထူးခြားခြား ဆွဲဆောင်မှုရှိလှသည်မဟုတ်ပေ။ သို့သော်လည်း ကျွန်မ အရှုးအမူးစွဲလန်းနေမိသည်က အမြဲတမ်းမဖြီးမသင်ဘဲ ရှုပ်ပွနေတတ်သော သူ့နဖူးထက်မှ ဆံနွယ်ရိုင်းများနှင့် သူပြုံးလိုက်သည့်အခါတွင် ပေါ်လာတတ်သော ပါးချိုင့်လေးနှစ်ဖက်ဖြစ်သည်။

"ဟေ့. . . ဟိုမှာ ပြက္ခဒိန်ညီအစ်မသုံးယောက်. . ."

အနီးရှိ ဘူးသီးကြော်ဆိုင်မှာထိုင်နေသည့် ကျောင်းသားများအနက်မှ တစ်ယောက်ကအော်ပြောလိုက်သံကိုကြားရသည်။

ရဲဂေါင်စိုးက ကျွန်မတို့ဘက်သို့ ဖျတ်ကနဲလှမ်းကြည့်ပြီး ရယ်ကျဲကျဲနှင့် . . .

"ပြက္ခဒိန်ညီအစ်မသုံးယောက်လို့မခေါ်ဘဲ ပြဿနာညီအစ်မသုံးယောက်လို့ခေါ်ရင် ပိုကောင်းမယ်"

"အောင်မယ် အောင်မယ်. . . နင်က ငါတို့ကို မျက်နှာပြောင်ရဲတယ်ပေါ့လေ ဟုတ်လားတာဖဲ နင် မမှတ်သေးဘူးထင်တယ်"

ထိုစကားကြောင့် ရဲဂေါင်စိုးမျက်နှာတစ်ခုလုံး ရှက်သွေးဖြာကာ နီရဲသွားသည်ကိုမြင်လိုက်ရသည်။ အခုလောက်ကြာပြီးသည့်အချိန်ထိ ပေရယ်က သူ့ကို 'တာဖဲ' ဟုခေါ်နေသေးသည်ကို ကျွန်မ နားမလည်နိုင်။ ဒီလိုအခေါ်ခံရတိုင်း အရှက်ကြီးရှက်သွားတတ်သော



ရဲ ဂေါင်စိုးကိုလည်း ကျွန်မသနားသည်။ ဒီအဖြစ်အပျက်တွေက ကြာမြင့်လှပြီဖြစ်သော်လည်း အစအနောက်သန်သောပေရယ်အဖို့ မမေ့ချင်သေးသလို အရှက်ကြီးသော ရဲဂေါင်စိုးအဖို့လည်း မေ့ဖျောက်ရနိုင်သေးပုံမပေါ်။

ကျွန်မက . . .

"ကဲ. . . တော်ပါတော့ပေရယ်ရယ်၊ ထပ်ပြီး မစပါနဲ့တော့၊ ဟိုမှာ ရှက်နေပြီ"

"အံမယ် အံမယ်. . . နင်က သူ့ဘက်ကနာတယ်ပေါ့လေ ဟုတ်လား ဝတ်ရည်ဖြူ"

ပြောလေဆိုးလေဖြစ်နေသော ပေရယ်၏စကားကြောင့် ကျွန်မမျက်နှာတစ်ခုလုံး ရှိန်းကနဲပူထူသွား၏။ ရဲဂေါင်စိုးဘက်သို့ တစ်ချက်ခိုးကြည့်လိုက်တော့ သူလည်း ကမန်းကတန်းခေါင်းငုံ့သွားတာ တွေ့ရ၏။

ထိုစဉ် ဖွန်က . . .

"ဟဲ့. . . တာဖဲ ငါတို့နဲ့ မုန့်လိုက်စားပါလား၊ ကျွေးမယ့်ဒကာရှိတယ်ဟ၊ ဒီနေ့ ဝတ်ရည်ဖြူမွေးနေ့လေ"

"ဟင်. . . တကယ်. . . တကယ်လား"

ရဲဂေါင်စိုးက အထစ်ထစ်အငေါ့ငေါ့ဖြင့်မေးရင်း ကျွန်မကို လှမ်းကြည့်သည်။ သူ့မျက်ဝန်းအစုံက ရုတ်တရက် ထူးထူးခြားခြား တောက်ပသွားသည်ဟု ကျွန်မ ခံစားလိုက်ရ၏။ ကျွန်မက အသံခပ်



www.burmeseclassic.com

www.burmeseclassic.com

တိုးတိုးဖြင့် . . .

"ဟုတ်တယ်. . . ဒီနေ့ ကျွန်မမွေးနေ့"

"ဟာ. . . တိုက်ဆိုင်လိုက်တာ၊ ကျွန်တော့်မွေးနေ့လည်း ဒီနေ့ပဲလေ"

တကယ်ပင် ဝမ်းသာလှိုက်လှဲစွာပြောနေသော သူ့အမူအရာကြောင့် ကျွန်မရင်ထဲ၌ နွေးကနဲ့ခံစားလိုက်ရသည်။ အို. . . တကယ်ပါပဲ၊ သူနှင့်ကျွန်မ မွေးနေ့ချင်းတစ်ထပ်တည်းပါလား။

ရဲဂေါင်စိုးက သူ့ညာဘက်လက်ဝါးကိုဖြန့်ကာ လေထဲသို့ မြှောက်လိုက်ရင်း . . .

"Happy Birthday ပါ ဝတ်ရည်ဖြူ"

"Happy Birthday"

ကျွန်မကပြန်ပြောရင်း လက်ဝါးချင်းဖျောင်းကနဲရိုက်လိုက်၏။ ပြီးတော့ ရဲဂေါင်စိုးက ရှက်ကိုးရှက်ကန်းဖြင့် ကျွန်မတို့အားလုံးကို ကမန်းကတန်းနှုတ်ဆက်ပြီး လှည့်ထွက်သွားလေသည်။

ပေရယ်က ကျွန်မဘက်ကိုလှည့်ပြီး . . .

"အရမ်းကြည်နူးနေတယ်ပေါ့လေ ဟုတ်လား"

ကျွန်မက ဘာမှမပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။ မေက. . .

"နင် အဲဒီကောင်စုတ်ကို ဘာဖြစ်လို့ကြိုက်ရသလဲဆိုတာ စဉ်းစားလို့တောင်မရဘူး"





"သူက ငါတို့ညီအစ်မသုံးယောက်စလုံးကို အမြင်ကတ်နေတာဟ၊ အထူးသဖြင့် ပေရယ်ကို တော်တော်မုန်းနေတာ သိသာတယ်"

ဟု ဖွန်ကလည်း ဝင်ပြောသည်။ ကျွန်မကတော့ လေသံအေးအေးဖြင့် . . .

"မုန်းချင်လည်းမုန်းမှာပေါ့၊ ပေရယ်က သူ့ကို တစ်ကျောင်းလုံးရှေ့မှာ အရှက်ခွဲထားတာကိုး"

ပေရယ်က ရယ်ရင်း . . .

"ဟုတ်ပါ့. . . သူ့ခမျာ တော်တော်အဖြစ်ဆိုးရှာတယ်၊ တစ်ကျောင်းလုံးကရယ်လိုက်ကြတာ ဝက်ဝက်ကွဲလို့၊ တစ်သက်လုံး မှတ်ကရောပဲ"

ကျွန်မက . . .

"သူ့ကို တာဇံလို့မခေါ်ပါနဲ့တော့ဟယ်၊ အားနာစရာကြီး။ ကျောင်းဖွင့်စကဖြစ်တာဆိုတော့ ခြောက်လတောင်ကျော်ပြီ။ သူ့ဘာသာသူ မေ့မေ့ပျောက်ပျောက်နေပါစေလား"

"မရဘူး. . . မရဘူး။ ငါကတော့ တွေ့တဲ့နေရာမှာ သူ့ကို တာဇံလို့ခေါ်မှာပဲ"

အဖြစ်အပျက်က ဒီနှစ်ကျောင်းဖွင့်ခါစ အာစရိယ ပူဇော်ပွဲနှင့် ကျောင်းကပွဲတွင် စတင်ခဲ့ခြင်းဖြစ်လေသည်။ အဲဒီကပွဲ အတွက် ဝတ်စုံထိန်းသိမ်းရေးကိစ္စကို ပေရယ်က တာဝန်ယူရသည်၊ ပြဇာတ်ထဲတွင် ရဲဂေါင်စိုးက တာဇံကဲ့သို့ဝတ်ဆင်၍ သရုပ်ဆောင် ရမည်ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com

အဲသည်မှာတင် ပေရယ်က နောက်ပြောင်ရန် မည်သူမျှစိတ်မကူးရဲလောက်သည့် ကြောက်ခမန်းလိလိ အကြံအစည်တစ်ခုရသွားပြီး ရဲဂေါင်စိုးဝတ်ရမည့်ဝတ်စုံမှ ပုခုံးသိုင်းအဝတ်စနှင့် ခါးစည်းကြိုးတို့ကို တည်းတည်းလေးဖြစ်အောင် ဖြုတ်ထားလိုက်၏။

ကပွဲနေ့တွင် တစ်ကျောင်းလုံးရှေ့ရှိစင်ပေါ်သို့ ရဲဂေါင်စိုးတက်သွားသည်နှင့်တစ်ပြိုင်နက် ကွက်တိချိန်ကိုက်ထားသလိုပင် တာဇံဝတ်စုံသည် 'သူ့ခြေကျင်းဝတ်အထိ လျှောကနဲပုံကျသွားလေတော့သည်။

"ဒီကောင် အတွင်းခံဘောင်းဘီ အနက်ရောင်လေးဝတ်ထားတာ ငါသေတာတောင် မေ့လို့ရတော့မှာမဟုတ်ဘူး"

ပေရယ်ကပြန်ပြောရင်း ခွက်ထိုးခွက်လန်ရယ်နေသေး၏။

မေက . . .

"-ကယ့်ကို အူကြောင်ကြောင်နိုင်တဲ့ကောင်ပါဟယ်၊ လူတွေဝိုင်းကြည့်နေတဲ့အချိန် စင်ပေါ်မှာ သူတစ်ယောက်တည်း အောက်ခံဘောင်းဘီကလွဲလို့ ကိုယ်လုံးတီးနဲ့ ထိုင်ရမလို ထရမလို ကုန်းကုန်းကွကွကြီးဖြစ်နေတာ. . . ဟား. . . ဟား. . . ဟား"

"တစ်ကျောင်းလုံးကလည်း ဝက်ဝက်ကွဲအောင်ရယ်လိုက်ကြတာ မပြောပါနဲ့တော့၊ ရှေ့ဆုံးတန်းက ဆရာ ဆရာမတွေ ကိုယ်တိုင် အံခြေဆည်ထားတဲ့ကြားက တခွီးခွီးဖြစ်နေကြတာ။ အဲဒါကြောင့်မို့လို့ထင်ပါရဲ့၊ ဒင်းလည်း ဘာမှတောင်စဉ်းစားမနေနိုင်တော့ဘူး။





စင်ပေါ်ကခုန်ချပြီး ကျောင်းဝင်းအပြင်ဘက်ကို ကမူးရှူးထိုး သုတ်ခြေတင်ပြေးတော့တာပဲ"

ဖွန်ဆက်ပြောနေသောစကားကို ကျွန်မက မကြားလိုဟန်ဖြင့်. . .

"ကဲ. . . တော်ကြ ပါတော့၊ ဘာလို့ ဒီအကြောင်းကိုပဲ စားမြုံ့ပြန်လို့မဝနိုင်အောင် ဖြစ်နေရတာလဲ၊ ဒီနေ့ ငါ့မွေးနေ့ဆိုတာလည်း သတိရကြပါဦး"

ဒီတော့မှပင် သူတို့ညီအစ်မသုံးယောက်စလုံး ကိုယ်ရှိန်သတ်သွားကြသည်။ ဒါတောင် ပေရယ်က ပြုံးဖြီးဖြီးလုပ်နေခဲ့ဖြစ်၏။

ထိုစဉ် ဖွန်က ပွဲဈေးတန်းထဲမှ ဆိုင်ခန်းတစ်နေရာဆီသို့ အမှတ်တမဲ့လှမ်းကြည့်လိုက်ရင်း . . .

"ဟင်. . . ဟိုမှာ. . . ဟိုမှာ"

"ဘာလဲဟဲ့. . . အလန့်တကြား"

"ဟောဟိုမှာ 'အကြားအမြင်ဖြင့် ရှေ့ဖြစ်ဟောသည်' ဆိုတဲ့ ဆိုင်းဘုတ်တွေ့လို့"

မေက သက်ပြင်းချလိုက်ရင်း . . .

"အမယ်လေးဟယ်. . . ဗေဒင်ဟောခန်းများ အထူးအဆန်းလုပ်လို့"

"ငါတို့ဗေဒင်သွားကြည့်ကြရင် မကောင်းဘူးလား၊ ဝတ်ရည်ဖြူရဲ့မွေးနေ့မှာ သူ့အနာဂတ်ဘယ်လိုဖြစ်မလဲဆိုတာ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ကြရအောင်''

''ဟာ. . . ငါတော့ မကြည့်ချင်ဘူးဟာ၊ မကောင်းတာတွေ ဟောလိုက်ရင် စိတ်ရှုပ်ရလိမ့်မယ်၊ ငါ့မွေးနေ့မှာ အမင်္ဂလာမကြုံချင်ဘူး''

ကျွန်မက ခါးခါးသီးသီးငြင်းဆန်သော်လည်းမရ။ သူတို့ညီအစ်မသုံးယောက်က ထုံးစံအတိုင်း အတင်းဆွဲခေါ်ကြသည်။

''နင့်နဲ့ ရဲဂေါင်စိုးကို အကြားအမြင်က ဘယ်လိုဟောလဲ ကြည့်ရအောင်''

မေက စနေသေးသည်။ ကျွန်မက . . .

''ငါတော့ တကယ်အကြားအမြင်ရတယ်လို့မထင်ဘူး၊ ညာနေတာပဲဖြစ်မှာပါဟာ''

သူတို့က ကျွန်မစကားကိုနားမထောင်ကြပါ။ ကျွန်မကိုသာ ဗေဒင်ဟောခန်းထဲသို့ အတင်းဆွဲခေါ်နေကြသည်။ ဆိုင်ခန်းအဝင်ဝကို ကာရံထားသော အဝတ်လိုက်ကာစကိုမဖယ်ရှားခင် ဆိုင်းဘုတ်ကို ကျွန်မလှမ်းကြည့်လိုက်သည်။

'ဆရာမကြီး ဒေါ်နန်းမြရွှေ

အကြားအမြင်ဖြင့် ရှေ့ဖြစ်ဟောသည်။

တစ်ယောက် – ၁၀၀၀ိ/–'

ဘာကြောင့်မှန်းမသိ။ ထိုဆိုင်းဘုတ်ကိုကြည့်ရင်း ကျွန်မနှလုံးခုန်သံက တဒုန်းဒုန်းမြန်လာသည်။ နိမိတ်ဆိုးတစ်ခုခုက လွှမ်း





ခြုံစိုးမိုးလိုက်သလိုခံစားရ၏။ စိတ်တွေလည်း လေးလံထိုင်းမှိုင်းသွားသည်။

ငါ ဒီကိုလိုက်လာမိတာ မှားသွားပြီထင်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဗေဒင်ဟောခန်းအတွင်း၌ ထွန်းညှိထားသောဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ကြောင့် မွန်းကြပ်မှိုင်းရီသောအနံ့တစ်မျိုးဖြင့် လှောင်ပိတ်နေ၏။ နံရံရှိ (၂)ပေမီးချောင်းတစ်ချောင်း၏ အလင်းရောင်မှိန်မှိန်သည် စားပွဲငယ်လေးပေါ်သို့ ဖြာကျနေသည်။

ဒေါ်နန်းမြရွှေက စားပွဲငယ်ပေါ်တွင် သူမ၏လက်နှစ်ဖက်စလုံး တံတောင်ဆစ်ဖြင့်ထောက်လျက် ရှေ့တည့်တည့်ရှိဖန်လုံးကို စိုက်ကြည့်နေ၏။ ကျွန်မတို့ဝင်လာသည်ကိုပင် မော့မကြည့်။ ဒေါ်နန်းမြရွှေ၏ပါးစပ်ကလည်း တစ်စုံတစ်ရာကို တတွတ်တွတ်ရေရွတ်နေသည်။ ခန့်မှန်းရသလော့က်ကတော့ အသက်ငါးဆယ်ခန့်အရွယ်ရှိမည်ဖြစ်ပြီး အလွန်အမင်းပိန်လှီကြောင်းကိုတော့ အရိုးပေါ်အရေတင်





ဖြစ်နေသည့်လက်များကို ကြည့်ခြင်းဖြင့် သိနိုင်၏။

ဒေါ်နန်းမြရွှေ၏ခန္ဓာကိုယ်ဟန်ကိုတော့ ခန့်မှန်း၍မရ။ သူမဝတ်ဆင်ထားသောအနက်နှင့်အနီဖောက်ထားသည့် သင်တိုင်းအကျီရှည်ဖားဖားကြီးက ဖုံးကွယ်ထားသည်။ ဒေါ်နန်းမြရွှေ၏ တတွတ်တွတ်ရွတ်ဖတ်နေသံက တဖြည်းဖြည်းချင်းတိုးဖျော့ကာ ငြိမ်သက်တိတ်ဆိတ်သွားသည်။

"မင်္ဂလာပါ ဆရာမကြီး"

ပေရယ်၏နှုတ်ဆက်သံက တိတ်ဆိတ်မှုကိုကွဲအက်သွားစေ၏။ ဒေါ်နန်းမြရွှေက မျက်လုံးကို ဖြည်းဖြည်းချင်းလှန်ကာ ကျွန်မတို့လေးယောက်စလုံးကို လှမ်းကြည့်လိုက်သည်။ ထို့နောက် သူမ၏လက်ပံဘက်ဘေးသို့ အနည်းငယ်စောင်းငဲ့ပြီး မမြင်ရသောလူတစ်ယောက်ကို လှမ်းပြောသည့်လေသံမျိုးဖြင့် . . .

"ကိုဖိုးသိန်း. . . အသင့်ပြင်ထားစမ်း"

ဒေါ်နန်းမြရွှေ၏စကားသံက တိုးသော်လည်း ခပ်ဩဩခပ်ရှရှဖြစ်သည်။ ကျွန်မတို့က သူ့ကိုနားမလည်စွာဖြင့် ငေးကြောင်ကြောင်ကြည့်နေမိကြ၏။ ကိုဖိုးသိန်းဆိုတာ ဘယ်သူပါလိမ့်။ ဟောဒီအခန်းထဲမှာလည်း ကျွန်မတို့ကလွဲ၍ တခြားသူတစ်ဦးတစ်ယောက် ကိုမှ မတွေ့မမြင်ရပေ။

ဒေါ်နန်းမြရွှေက ကျွန်မတို့အတွေးကိုရိပ်မိဟန်ဖြင့် နှုတ်ခမ်းတွန့်သည်ဆိုရုံပြုံးလိုက်ပြီး . . .

"ကိုဖိုးသိန်းဆိုတာ ဆုံးသွားတဲ့ငါ့ခင်ပွန်းပဲ၊ သူ့ဝိညာဉ်ရဲ့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်နေတာ”

ကျွန်မရင်ထဲတွင် ထိတ်ကနဲဖြစ်သွားပြီး ပေရယ်၏လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်မိလိုက်သည်။ ဒေါ်နန်းမြွှေကတော့အေးစက်စက် မျက်လုံးများဖြင့် စိုက်ကြည့်ရင်း . . .

“ဟောခက တစ်ယောက်ကိုတစ်ထောင်ဆိုတော့ မင်းတို့ အားလုံးအတွက် လေးထောင်ကျမယ်”

ပေရယ်က သူမ၏ပိုက်ဆံအိတ်သေးသေးလေးထဲမှ တွန့်ကြေနေသော ထောင်တန်ငွေစက္ကူလေးရွက်ကိုထုတ်၍ ဒေါ်နန်းမြွှေ၏လက်ထဲသို့ ကမ်းပေးလိုက်သည်။

ဒေါ်နန်းမြွှေက . . .

“ကဲ. . . ဘယ်သူအရင်ကြည့်မှာလဲ”

“ကျွန်မပါ”

ဖွန်က ပြောပြောဆိုဆိုနှင့် ဖန်လုံးတင်ထားသောစားပွဲရှေ့က ကုလားထိုင်လေးတွင် ဝင်ထိုင်လိုက်၏။ ဒေါ်နန်းမြွှေက မျက်လုံးအစုံကိုမှိတ်ထားရင်း . . .

“ကဲ. . . ကိုဖိုးသိန်း၊ ဒီကောင်မလေးနဲ့ ပတ်သက်တဲ့ အကြောင်းတွေ ငါ့ကိုပြောပြစမ်း”

ထိုသို့ပြောပြီး ဒေါ်နန်းမြွှေက ဖွန်၏လက်ကိုဆွဲယူကာ သူမ၏ရှည်သွယ်ပိန်လှီသော လက်ချောင်းများဖြင့် ဖြည်းဖြည်းချင်း ပွတ်သပ်လိုက်သည်။ ထိုမြင်ကွင်းကိုကြည့်ပြီး ကျွန်မ ကျောထဲတွင်





စိမ့်ကနဲဖြစ်သွား၏။

ဟင့်အင်း ဟတ်အင်း. . . ဘာမှကြောက်နေဖို့မလိုဘူး။ ဒါဟာ သက်သက်ဟန်ဆောင်လိမ်ညာနေတာပဲ. . . ဟု ကျွန်မကိုယ်ကျွန်မ သတိပေးနေဖြစ်သည်။ ဟုတ်သည်။ ဒီမိန်းမကြီးသာ တကယ့်ပညာရှင်ဆိုလျှင် ဒီလိုပွဲဈေးတန်းလေးမှာလာပြီး ခနော်နီခနော်နဲ့ ဆိုင်ခန်းလေးဖြင့် ဟောပြောနေလိမ့်မည်မဟုတ်ပါ။ တကယ်ကို လျှမ်းလျှမ်းတောက်နာမည်ကြီးနေမှာသေချာသည်။ အခုလိုပုံစံမျိုးနဲ့ကတော့ ဆယ့်နှစ်ရာသီပွဲဈေးတန်းတွေမှာ နယ်တကာလှည့်ပြီး ဖြီးဖြန်းလိမ်ညာနေလေ့ရှိသူပဲ ဖြစ်ပေလိမ့်မည်။

ကျွန်မ ထိုသို့တွေးနေစဉ် ဒေါ်နန်းမြွှေက ဖွန်၏လက်ဖဝါးကို အချိန်အတော်ကြာအောင်စိုက်ကြည့်နေ၏။ နောက်ပြီး ဘယ်သူမှမမြင်ရသည့် ကိုဖိုးသိန်းဆိုသူဘက်သို့လည်း တစ်ချက်တစ်ချက်လှည့်ပြီး တိုးတိုး တိုးတိုးနှင့်ပြောသည်။

နောက်ဆုံးတွင် ဒေါ်နန်းမြွှေက ဖွန့်ကို မျက်လွှာပင့်ကြည့်ပြီး . . .

“မင်းဟာ အနုပညာရှင်ပဲ”

“ရှင်. . . ဟုတ်. . . ဟုတ်ပါတယ်”

“မင်းဟာ အငြိမ့်မင်းသမီး. . . အင်း. . . မဟုတ်ဘူး. . . မဟုတ်ဘူး။ အကသင်နေတဲ့သူ. . . ဒါပေမဲ့ ရိုးရိုးသင်တန်းသူအဆင့်တော့ မကဘူး၊ မင်းဟာ အကပညာမှာ အရမ်းထူးချွန်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"မှန်လိုက်တာ ဆရာမရယ်"

"မင်းဟာ အကပညာမှာပါရမီရှိတယ်၊ ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့. . . အင်း တစ်ခါတစ်ရံမှာ မင်းဟာ. . . မင်းဟာ. . ."

ဒေါ်နန်းမြွှေက စကားကိုမဆက်နိုင်ဘဲဖြစ်နေသည်။ သူမက မျက်လုံးကိုမှိတ်လိုက်ပြီး . . .

"ကိုဖိုးသိန်း ဆက်ပြောဦးလေ၊ ဒီကောင်မလေးအကြောင်း ဒီ့ထက်ပိုပြီးပြောဦး"

ထိုသို့တိုးတိုးပြောပြီးနောက် ဖွန်၏လက်ဖဝါးကို တစ်ခါထပ်ကိုင်ကြည့်ပြန်သည်။ ပြီး . . .

"မင်းဟာ ကိုယ့်စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးနေတတ်သူဖြစ်တယ်၊ မိတ်ဆွေသူငယ်ချင်းတွေအပေါ်မှာလည်း စိတ်ကောင်းရှိတယ်၊ တစ်နေ့ကျရင် အဲဒီ့စေတနာက မင်းကိုအကျိုးပေးပါလိမ့်မယ်"

"သန်ဘက်ခါကျရင် ကျောင်းပေါင်းစုံအကပြိုင်ပွဲရှိတယ်၊ တိုင်းနဲ့ပြည်နယ်အဆင့်အထိလွှတ်ဖို့ တစ်ယောက်ပဲရွေးမှာ၊ အဲဒါ ကျွန်မအရွေးခံရမလားသိချင်တယ်"

ဖွန်က သူမသိလိုသည်ကိုသာ အလောတကြီးမေး၏။ ဒေါ်နန်းမြွှေက မျက်လုံးများကိုပြန်မှိတ်ထားလိုက်ရင်း . . .

"ကိုဖိုးသိန်း. . ."

ဟု တိုးညှင်းစွာခေါ်လိုက်သည်။ ကျွန်မက အသက်ပင်မရှူ





နိုင်အောင် စိတ်ပင်ပန်းခြင်းကြီးစွာဖြင့် အဖြေကိုစောင့်ဆိုင်းနေမိ၏။ ဓာကယ်တော့ ကျွန်မကိုယ်တိုင်လည်း အဲဒီ့ပြိုင်ပွဲမှာ ရွေးချယ်ခံရဖို့ တိတ်တခိုးမျှော်လင့်နေမိသည်မဟုတ်ပါလား။ သို့သော် ထိုနေရာအတွက် တစ်ဦးတစ်ယောက်သာလျှင် ကံကောင်းခွင့်ရှိမည်ဖြစ်သလေသည်။ ထိုအချိန်မှာပင် ဒေါ်နန်းမြွှေက . . .

"ဆောရီးပဲ ကလေးမ၊ ကိုဖိုးသိန်းကို ထပ်မေးလို့မရဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

ဒေါ်နန်းမြွှေက ဖွန်၏အမေးကိုပြန်မဖြေဘဲ .

"မင်းအချိန်စေ့ပြီ ကလေးမ၊ ကဲ. . . နောက်တစ်ယောက်"

ပေရယ်က မေ့ကို ရှေ့သို့တွန်းလွှတ်လိုက်၏။ မေက စားပွဲတွင်ဝင်ထိုင်ပြီး ဒေါ်နန်းမြွှေ၏ရှေ့တွင် လက်ဝါးဖြန့်ပြလိုက်သည်။

ဖွန်ကမူ ကျွန်မနှင့်ပေရယ်တို့အနီးသို့ အပြေးလာပြီး ခပ်တိုးတိုးပြော၏။

"အရမ်းမှန်တာပဲနော်၊ အံ့ဩစရာမကောင်းဘူးလား"

"ဟုတ်တယ်. . . အံ့ဩစရာပဲ"

ကျွန်မက ရင်ထဲမှာရှိသည့်အတိုင်း ဝန်ခံလိုက်သည်။ ဒီမိန်းမကြီးသည် ဘယ်လိုလုပ်ပြီးတော့များ ဖွန့်အကြောင်းတွေ ဒီလောက်သိနေရတာလဲ၊ ဒေါ်နန်းမြွှေတွင် တန်ခိုးဣဒ္ဓိပါဒ်တစ်စုံတစ်ရာ ရှိနေသည်ဟု ကျွန်မ ယုံကြည်စပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ဒေါ်နန်းမြရွှေကတော့ မေ၏လက်ဖဝါးကို သေသေချာချာဆုပ်ကိုင်ကြည့်ရင်း ပြောလိုက်သည်။

"မင်းဟာ သိပ်ချစ်တတ်တယ်၊ အထူးသဖြင့် တိရစ္ဆာန်တွေအပေါ် မေတ္တာထားတယ်၊ ဟုတ်သလား ကလေးမ"

"ဟုတ်. . . ဟုတ်ပါတယ်ရှင်"

"တိရစ္ဆာန်တွေကို ဂရုစိုက်တာ မင်းအပြင် တခြားလူတွေရှိသေးတယ်၊ မင်းတို့က အဖွဲ့လိုက်မဟုတ်လား၊ အခုတလော မင်းတို့ အလုပ်များနေကြတယ်"

"မှန်လိုက်တာဆရာမကြီးရယ်၊ ကျွန်မတို့ ခွေးလိမ္မာပြိုင်ပွဲကျင်းပဖို့ ကြိုးစားနေကြပါတယ်"

ဒေါ်နန်းမြရွှေက မေ၏ အားတက်သရောထောက်ခံမှုကို မည်သို့မျှဂရုမစိုက်ဘဲ မျက်လုံးများစုံမှိတ်လျက် မေ၏လက်ဖဝါးကို အထပ်ထပ်ပွတ်သပ်ကိုင်တွယ်ရင်း . . .

"မင်းမှာ တိရစ္ဆာန်တစ်ကောင်မွေးထားတယ်၊ သူ့ကို မင်းအရမ်းဂရုစိုက်တယ်၊ အဲ့ဒါ ခွေးတစ်ကောင်. . . ဟင့်အင်း မဟုတ်သေးဘူး၊ ကြောင်တစ်ယောက်ပဲ၊ မှန်ရဲ့လား"

"မှန်ပါတယ် ဆရာမကြီးရယ်၊ ကြောင်တစ်ကောင်မွေးထားတာပါ၊ 'ရွှေဝါ' လို့နာမည်ပေးထားပါတယ်"

ဖြေပြီးပြီးချင်း မေက ကျွန်မတို့ဘက်လှည့်ကာ တအံ့တသြဖြင့် . . .





"မယုံနိုင်စရာပဲနော်. . . အားလုံးအမှန်တွေချည်းပဲဟဲ့"

"အေး. . . ဟောလိုက်တာမှန်သမျှ တစ်ခုမှမလွဲဘူးနော်"

မေ့ကိုကြည့်ရသည်မှာ အတော်ပင်စိတ်လှုပ်ရှားနေပုံရသည်။ ဒေါ်နန်းမြရွှေကလည်း မေ့ကို မိနစ်အနည်းငယ်ကြာအောင် ဆက်ဟောသေးသည်။ မေသည် အသက်ရှည်ပြီး ဘဝမှာအောင်မြင်မှုရလိမ့်မည်ဟု ဆို၏။

နောက်ထပ်အလှည့်ကျသူကတော့ ပေရယ်ပင်ဖြစ်သည်။ ပေရယ့်အကြောင်းကိုဟောပြောသည့် ဟောချက်များကလည်း သွေးထွက်အောင်မှန်လှသည်။ ဒေါ်နန်းမြရွှေက တစ်ခွန်းပြောလိုက်၊ ပေရယ်က တအံ့တသြထောက်ခံလိုက်နှင့် မိနစ်အတော်ကြာသွား၏။

နောက်ဆုံး ကျွန်မအလှည့်သို့ရောက်လာလေတော့သည်။ ထိုင်ခုံတွင်ဝင်ထိုင်လိုက်မိသည်နှင့်တစ်ပြိုင်နက် ဆိုင်ခန်းထဲဝင်ခါနီးတုန်းကဖြစ်သလို တုန်လှုပ်ချောက်ချားမှုဖြင့် စိတ်လှုပ်ရှားလာလေတော့သည်။ ရုတ်တရက်ဆိုသလို အာခေါင်တစ်ခုလုံး ခြောက်သွေ့လာပြီး ဒူးတွေတဆတ်ဆတ်တုန်လာ၏။

ဒေါ်နန်းမြရွှေကို အနီးကပ်ကြည့်လိုက်သောအခါ ကျွန်မခန့်မှန်းထားသည်ထက်ပိုပြီး အသက်ကြီးသည်ဟုထင်ရ၏။ ပါးစပ်ဖြဲကာပြုံးပြလိုက်သော သူမ၏အပြုံးသည်ပင်လျှင် ကျွန်မအတွက်တော့ ကြောက်မက်ဖွယ်ဖြစ်နေသည်။ သူမက နဖူးတွင်သီးနေသော ချွေးစက်များကိုသုတ်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်းနာမည် . . ."

"ဝတ်ရည်ဖြူပါ"

သူမက ခေါင်းကို ခပ်လေးလေးညိတ်ပြီး အလင်းရောင်ဖျော့ဖျော့အောက်တွင် မျက်လုံးကိုမှေးကာ ကြည့်လိုက်သည်။ ကျွန်မက ကိုယ့်ကိုယ်ကိုပင်မသိဘဲ အသက်ကိုအောင့်ထားမိလျက်က ဘာများဟောမလဲဟု စောင့်ဆိုင်းနေမိသည်။

ဒေါ်နန်းမြရွှေက ကျွန်မလက်ကိုလှမ်းကိုင်ကာ သူမဘက်သို့ ဆွဲယူငုံ့ကြည့်လိုက်သည်။ ရုတ်တရက် သူမ၏မျက်လုံးများပြူးကျယ်သွားပြီး အလန့်တကြားအော်ဟစ်ကာ ကျွန်မလက်ကို ချက်ချင်းလွှတ်ချလိုက်သည်။

သူမကိုယ်တိုင်လည်း ထိုင်ခုံမှဝုန်းကနဲခုန်ထလိုက်၏။ ထိုင်ခုံသည် ကြမ်းပြင်ပေါ်သို့အရှိန်ပြင်းစွာ လဲကျသွားသည်။

ဒေါ်နန်းမြရွှေက ကျွန်မကို မျက်လုံးအကြောင်သားဖြင့်စိုက်ကြည့်ရင်း ပြူးတူးပြဲတဲ အော်ဟစ်လေတော့သည်။

"သွား . . . နင် အခုထွက်သွားစမ်း"

"ရှင် . . . ဘာ . . . ဘာဖြစ် . . ."

"ထွက်သွား . . . နင်ဟာ မကောင်းဆိုးဝါးပဲ၊ ခုချက်ချင်းထွက်သွားစမ်း"

■





## အခန်း (၅)

ဗေဒင်ဟောခန်းထဲမှ ထွက်လာပြီးသည့်အချိန်တွင် ကျွန်မရင်တွေ တဒိန်းဒိန်းခုန်နေပြီး ခြေလှမ်းတွေကလည်း ဒယိမ်းဒယိုင်ဖြစ်နေ၏။ အေးမြလတ်ဆတ်သော ပြင်ပလေငွေ့က မျက်နှာကိုလာတိုက်ခတ်သည့်အခါမှပင် သတိဝင်လာသည်။ ပင်ပန်းနွမ်းလျစွာဖြင့် အသက်ကို အငမ်းမရရှူလိုက်မိ၏။

ကျွန်မသူငယ်ချင်းသုံးယောက်လည်း နောက်မှလိုက်လာကြသည်။ ဗေရယ်တစ်ယောက်သာ ရယ်ကာမောကာနေနိုင်၏။ မေနှင့်ဖွန်တို့ကတော့ ခေါင်းကို လေးပင်စွာခါယမ်းနေကြသည်။

ကျွန်မက အစားအသောက်ရောင်းသောဆိုင်တန်းခွေကြားမှဖြတ်ပြီး ထွက်လိုက်သည်။ အကြားအမြင်ဟောသည့် ရှုးကြောင်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်မိန်းမကြီးနှင့် ဝေးနိုင်သမျှဝေးရာဆီသို့ အမြန်ဆုံးရောက်ချင် လှပြီလေ။

ဓာတ်ပွဲများဆီမှ ဆိုင်းသံ၊ သီချင်းသံနှင့်လူသံသူသံတို့ကို ကြားနေရသည်။ ကျွန်မနှလုံးသားထဲမှာတော့ ဒေါ်နန်းမြရွှေ၏ အက် ကွဲခြောက်ကပ်နေသောအသံနက်ကြီးက အခြားအသံများကို လွှမ်း မိုးလျက် ထပ်ခါတလဲလဲမြည်ဟည်းနေ၏။

''ထွက်သွား . . . နင်ဟာမကောင်းဆိုးဝါးပဲ၊ ခုချက်ချင်း ထွက်သွားစမ်း''

ကျွန်မခြေထောက်တွေနုံးခွေကာ အားအင်မရှိတော့သလို ခံစားရသည်။ လဲကျသွားမည်ကိုစိုးသောကြောင့် အနီးဆုံးဆိုင်တစ် ဆိုင်၏ တံစက်မြိတ်ဝါးလုံးတိုင်ကို မှီထားလိုက်ရသည်။ နောက်မှ ခပ် သုတ်သုတ်လိုက်လာသော ညီအစ်မသုံးယောက်က ကျွန်မကိုမီလာ သည်။

ကျွန်မက အားငယ်တုန်လှုပ်စွာဖြင့် . . .

''ဘာဖြစ်လို့ သူ . . . သူ ငါ့ကိုမှ အဲဒီလိုပြောရတာလဲမသိ ဘူး''

''ဟာ . . . ဝတ်ရည်ဖြူကလည်းဘာမှမဟုတ်တဲ့ကိစ္စကို ခေါင်းထဲထည့်မထားစမ်းပါနဲ့''

ဖွန်က နှစ်သိမ့်သည်။ ပေရယ်ကတော့ ဒေါ်နန်းမြရွှေ၏ အသံကိုတုကာ . . .





''ထွက်သွား . . . နင်ဟာမကောင်းဆိုးဝါးပဲ၊ ခုချက်ချင်း ထွက် သွားစမ်း''

ပေရယ်၏အသံတုမှာ တထပ်တည်းတူလွန်းသောကြောင့် ကျွန်မပင် မအောင့်နိုင်တော့ဘဲရယ်မိသေး၏။

''နင့်ရဲ့လက်ကိုပြစမ်းပါဦး''

ပေရယ်က ကျွန်မလက်ကိုဆွဲယူကာ ငုံ့ကြည့်ပြီး . . .

''ထွီ . . . နင်ဟာ မကောင်းဆိုးဝါးပဲ၊ ဟောဒီလက်ဟာ ငါ မြင်ဖူးသမျှထဲမှာ မကောင်းဆိုးဝါးအဆန်ဆုံးလက်ပဲ''

ပေရယ်၏စကားအဆုံးတွင် သူတို့ညီအစ်မတွေအားလုံး ဝါး ကနဲရယ်လိုက်ကြပြန်သည်။ ဒီတစ်ခါတွင်တော့ ကျွန်မ မရယ်နိုင်ပါ။

''သူပြောပုံကြီးက တကယ့်အတည်ပေါက်ကြီးနော်''

''သက်သက်ဟန်ဆောင်တာပါဟာ၊ သူ့အကြောင်းကို လူ ပြောများပြီး နာမည်ကြီးအောင် အဆန်းထွင်တာပါ''

မေကာဝင်ပြောသည်။ ကျွန်မက . . .

''ဒါပေမဲ့ ငါ့ကိုကျမှ ဘာဖြစ်လို့အဲဒီလိုပြောရတာလဲ၊ နင်တို့ ညီအစ်မသုံးယောက်ကိုဟောတုန်းကတော့ ဖြောင့်လို့ဖြူးလို့''

ကျွန်မမေးခွန်းကို မည်သူမျှမဖြေကြပါ။ ပေရယ်တစ်ယောက် ကသာလျှင် ပြုံးစိစိလုပ်ပြီး ပခုံးတွန့်ပြသည်။ ကျွန်မခေါင်းထဲတွင် အတွေးတစ်ခုလက်ကနဲပေါ်လာပြီး . . .

''ငါသိပြီ ပေရယ်၊ ဒါ နင့်လက်ချက်မဟုတ်လား။ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ့လိုဟောဖို့ ဗေဒင်ဆရာမကို နင်ကြိုပြီးသွားပြောထားတာမဟုတ်လား"

"ဟာ. . . မဟုတ်ပါဘူး၊ ကြုံကြိုးစည်ရာဟယ်"

"ဘာမှဖုံးမနေနဲ့တော့ ပေရယ်၊ နင့်အကျင့်ကိုငါသိပြီးသား၊ အခု ငါက အရင်ဝတ်ရည်ဖြူမဟုတ်တော့ဘူးနော်၊ လွယ်လွယ်နဲ့ တစ်ပတ်ရိုက်လို့ရမယ်မထင်နဲ့"

"တကယ်ပြောတာပါဟာ၊ အဲဒီမိန်းမကြီးကို အရင်က ငါ တစ်ခါမှမမြင်ဖူးပါဘူး"

ပေရယ်က လက်ကလေးအဆန့်ဆန့် ခေါင်းကလေးတခါခါဖြင့် အကြောက်အကန်ငြင်း၏။

မေကမူ စိတ်ရှည်ဟန်မတူတော့။

"လာပါဟာ. . . အရည်မရအဖတ်မရတွေပြောနေမယ့်အစား ချားရဟတ်ပဲသွားပြန်စီးကြရအောင်"

"ဟင့်အင်း. . . တော်ပြီဟာ၊ ငါကတော့ ဒီပွဲဈေးတန်းနဲ့ ဝေးတဲ့နေရာကို အမြန်ဆုံးရောက်ချင်လှပြီ"

တွေတွေငေးငေးဖြင့်ငြင်းဆန်လိုက်သော ကျွန်မစကားကြောင့် သူတို့ အနည်းငယ်စိတ်မကောင်းဖြစ်သွားကြပုံရ၏။ ဖွန်က . . .

"ဆောရီးပဲဟာ၊ နင့်မွေးနေ့မှာပျော်ရွှင်အောင်လို့ ပွဲဈေးတန်းကိုခေါ်လာတာ၊ အခုတော့ နင်စိတ်ညစ်အောင် လုပ်သလိုဖြစ်နေပြီ"

"ဟိုမိန်းမကြီးပြောတဲ့စကားကို အလေးအနက်ထားမနေစမ်းပါနဲ့ဟာ"

ကျွန်မ ဘာမှပြန်ပြောမနေတော့။

သည်လိုနှင့် သူတို့ညီအစ်မသုံးယောက်စလုံးကိုခေါ်ပြီး ကျွန်မ အိမ်သို့ပြန်လာခဲ့ကြတော့သည်။

●

အိမ်သို့ရောက်သည်နှင့် မျက်နှာချင်းဆိုင်ရှိ အအေးဆိုင်မှ ရေခဲသုတ်လေးပွဲလာပို့ရန် လှမ်းမှာလိုက်သည်။ ထို့နောက် ကျွန်မ မေမေက မွေးနေ့လက်ဆောင်အဖြစ်ပေးသော မျက်လှည့်သေတ္တာကလေးကိုဖွင့်ကာ ညီအစ်မသုံးယောက်ကိုပြလိုက်၏။

ပေရယ်က တမင်ကို အလွန်အကျွံအံ့သြနေသည့်အမူအရာလုပ်ရင်း . . .

"ဟင်. . . ဝတ်ရည်ဖြူ၊ နင့်အမေက ဒါမျိုးဝယ်ပေးတယ်ဟုတ်လား၊ နင့်အမေက နင့်ကို ငါးနှစ်သမီးလေးလို့ အောက်မေ့နေပုံရတယ်"

"ဟုတ်ပါရဲ့၊ ဖွန်လည်း ခုနစ်နှစ်သမီးလောက်တုန်းက အဲဒီ့လိုမျက်လှည့်သေတ္တာမျိုး လက်ဆောင်ရဖူးတယ်"

သူငို့စကားကြောင့် ကျွန်မ အနည်းငယ်ရှက်သွား၏။ သို့သော် အီနြွေဆည်လိုက်ပြီး . . .







www.burmeseclassic.com

www.burmeseclassic.com



"ငါမျက်လှည့်ကြိုက်တာ နင်တို့သိရဲ့သားနဲ့၊ ကဲပါ. . . စမ်းကြည့်ရအောင်"

ပြောပြောဆိုဆိုဖြင့် မျက်လှည့်သေတ္တာ၏အဖုံးကို သူတို့ရှေ့မှာဖွင့်ပြလိုက်သည်။ ထို့နောက် . . .

"သေသေချာချာကြည့်ထားကြ၊ အထဲမှာ ဘာမှမရှိဘူးနော်၊ အဲဒီအထဲကို ပစ္စည်းတစ်ခုခုထည့်ပြီး အဖုံးပိတ်လိုက်တဲ့အခါ ထည့်ထားတဲ့ပစ္စည်းပျောက်သွားတဲ့ပြကွက်လေး ပြမယ်"

"နင်ကလည်း ပေါတောတောနဲ့ဟာ"

ဖွန်က ဩဘာပေး၏။ ပေရယ်ကတော့ မျက်နှာကိုရှုံ့မဲ့ရင်း. . .

"နင်တကယ်မျက်လှည့်ပြတတ်ရင် ဘာမှမရှိတဲ့လေထဲက စားစရာသောက်စရာတွေပေါ်လာအောင် လုပ်ပြစမ်းပါဟာ၊ ငါ ဗိုက်ဆာလှပြီ"

"ကောင်းပြီလေ"

ကျွန်မက ခပ်တည်တည်ဖြင့်ပြောကာ အိမ်ရှေ့တံခါးဝဆီသို့ လက်ကို သုံးကြိမ်ဝှေ့ယမ်းလိုက်ပြီး ရင်ခေါင်းထဲမှလာသည့် အသံမျိုးဖြင့် အမိန့်ပေးလိုက်၏။

"မုန့်တွေပေါ်လာစမ်း. . . အပ်ချလောင်း"

တိုက်တိုက်ဆိုင်ဆိုင်ပင် တံခါးဝရှိ လူခေါ်ခေါင်းလောင်းသံ မြည်လာလေသည်။





အားလုံးက တအံ့တဩဖြင့် ရယ်လိုက်ကြ၏။

"ဟား ဟား. . . ဝတ်ရည်ဖြူ တကယ်တော်တယ်ဟေ့"

မျက်နှာချင်းဆိုင်ရှိ အအေးဆိုင်မှစားပွဲထိုးလေးက ရေခဲသုတ်များလာပို့ခြင်းဖြစ်သည်။ မေနှင့်ဖွန်တို့က အိမ်ရှေ့တံခါးဆီသို့ အပြေးအလွှားသွားပြီး မုန့်များကိုသယ်လာကြ၏။

ရေခဲသုတ်စားရင်းနှင့် ပေရယ်က . . .

"ဒါနဲ့ နင့်အဖေကရော နင့်မွေးနေ့အတွက် ဘာလက်ဆောင်ပို့လိုက်သေးလဲ"

သူ့အမေးကြောင့် ကျွန်မ သက်ပြင်းတစ်ချက် ခိုး၍ချလိုက်သည်။ ပြီး . . .

"ဖေဖေ မေ့နေပြန်ပြီထင်တာပဲ၊ ဖုန်းတောင်မဆက်ဘူး"

ကျွန်မမိဘများမှာ ကျွန်မလေးနှစ်သမီးအရွယ်ကတည်းက ကွာရှင်းထားခဲ့ကြခြင်းဖြစ်သည်။ ဖေဖေက ရန်ကုန်မှာနေထိုင်သူဖြစ်ပြီး တစ်ခါတစ်ရံမှသာ ကျွန်မထံသို့ တယ်လီဖုန်းဆက်လေ့ရှိသည်။

ကျွန်မ ခေါင်းကိုခါယမ်းလိုက်သည်။ ကြေကွဲဖွယ်ရာအတွေးများကို ဆက်မတွေးချင်တော့။ ထို့ကြောင့် အာရုံပြောင်းသွားစေရန် မျက်လှည့်သေတ္တာကို လှမ်းယူလိုက်ပြီး . . .

"ကဲ. . . စောစောကပြောတဲ့မျက်လှည့်ကို ကြည့်ရအောင်၊ ပေရယ် နင့်လည်ပင်းကလည်ဆွဲကို ခဏပေးစမ်းပါ"

သူမ အမြတ်တနိုးထားသောလည်ဆွဲကို တောင်းယူခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com

ရသဖြင့် ပေရယ် မပြုံးနိုင်တော့ဘဲ ခပ်တည်တည်ဖြစ်သွား၏။

"ငါ့. . . ငါ့လည်ဆွဲနဲ့ မျက်လှည့်ပြမလို့. . . ဟုတ်လား၊ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

ပေရယ်က ပေးချင်ပုံမပေါ်။ သို့သော် ကျွန်မက ဇွတ်ပင်. . .

"အမလေး. . . အဖြစ်သည်းမနေစမ်းပါနဲ့၊ ခဏလေးငှားတဲ့ ဥစ္စာကို၊ ဒီပြကွက်က အရမ်းမိုက်တာနော်"

ပေရယ်က သူ့လည်ပင်းမှလည်ဆွဲကို မချွတ်ချင်ချွတ်ချင်ဖြင့် ချွတ်ပေးရင်း . . .

"ဝတ်ရည်ဖြူ ငါ့လည်ဆွဲကိုဂရုစိုက်နော်၊ ဒါကို ငါ ဘယ်လောက်တန်ဖိုးထားသလဲဆိုတာ နင်သိပါတယ်၊ ငါ့အဘွားမသေခင်က ပေးသွားတာမို့လို့ ငါ တစ်ခါမှတောင် ချွတ်တာမဟုတ်ဘူး"

"အဘွားက ငါ့ကိုကျတော့ဘာမှမပေးဘူး"

ဟု မေကဝင်ပြော၏။ ပေရယ်က ပြောင်ပြရင်း . . .

"အဘွားက နင့်ကိုမှမချစ်တာ"

အရေးထဲတွင် လည်ဆွဲတစ်လျှောက်သီထားသည့် ပုလဲလုံးများအကြား၌ ပေရယ်၏ဆံမျှင်စတွေက ငြိနေသေး၏။ ဆံပင်ကို စိတ်ရှည်လက်ရှည်ဖြေပြီးမှ ကျွန်မလက်ထဲသို့လှမ်းပေးသည်။

"လုလိုက်တာ"

ကျွန်မနှုတ်မှ လွှတ်ကနဲပင်ရေရွတ်မိ၏။ ပုလဲလုံးလေးများမှာ ဆွတ်ဆွတ်ဖြူနေကြသည်မဟုတ်ဘဲ ပန်းနုရောင်လဲ့လဲ့သန်းနေ၏။





ဂျပန်ပုလဲမျိုးဖြစ်သည်ဟု ပေရယ် တစ်ခါကပြောဖူးသည်။ ရှားပါးပစ္စည်းဖြစ်သောကြောင့် သူ အမြတ်တနိုးထားသည်မှာ ဆိုဖွယ်ရာမရှိပါ။

"ကဲ. . . သေသေချာချာကြည့်ထားကြနော်"

ကျွန်မကပြောရင်း ပုလဲလည်ဆွဲလေးကို မျက်လှည့်သေတ္တာထဲသို့ထည့်လိုက်၏။ မေက သေတ္တာကို မျက်တောင်မခတ်စိုက်ကြည့်နေသည်။ ဖွန်ကလည်း စားပြီးသားရေခဲသုတ်ပန်းကန်များကို သိမ်းဆည်းရင်း တစေ့တစောင်းလှည့်ကြည့်နေ၏။

ကျွန်မက မျက်လှည့်သေတ္တာအဖုံးကိုပိတ်လိုက်ပြီး ဟန်ပါပါဖြင့် လက်ကိုဝှေ့ယမ်းကာ . . .

"ပျောက်စေ. . . အပ်ချလောင်း"

ချက်ချင်းပင် မျက်လှည့်သေတ္တာ၏နံရံတွေအားလုံးကို ဖွင့်ပြလိုက်သည်။

ဘာမှမရှိတော့ချေ။ လည်ဆွဲကား ပျောက်ချင်းမလှပျောက်သွားချေပြီတည်း။

"ဟား. . . တကယ်မိုက်တယ်ဟာ"

ဖွန်ကအားပေး၏။ ပေရယ်ကလည်း . . .

"အင်း. . . ဟုတ်တယ်၊ တကယ့်မျက်လှည့်ပွဲက ပြကွက်အတိုင်းပဲ"

ကျွန်မက မျက်လှည့်သေတ္တာ၏နံရံတွေအားလုံးကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အဖုံးဖုံးလိုက်သည်။ ထို့နောက် လက်ကို စောစောကလိုပင် ဝှေ့ယမ်းကာ . . .

“ပြန်ရောက်စေ. . . အပ်ချလောင်း”

ထို့နောက် စိတ်ဝင်တစားကြည့်နေကြသော ညီအစ်မသုံးယောက်၏ရှေ့မှောက်တွင် သေတ္တာအဖုံးကိုဖွင့်လိုက်သည်။

“ဟင်”

“ဟာ. . . အထဲမှာ ဘာမှလည်းမရှိပါလား”

သေတ္တာထဲတွင် ပုလဲလည်ဆွဲပြန်ရောက်မနေသောကြောင့် ကျွန်မ ပြူးပြူးပျာပျာဖြစ်သွား၏။

“နေဦး. . . နေဦး”

ကျွန်မက မျက်လှည့်သေတ္တာကို မှောက်ချလိုက်သည်။ ဘာမှထွက်မကျလာ။ သေတ္တာနံရံတွေအားလုံးကို တစ်ချပ်ချင်းစီဖြုတ်လိုက်၏။ ပုလဲလည်ဆွဲကိုမတွေ့ရ။ နောက်ဆုံး လျှို့ဝှက်အကန့်အံဆွဲလေးကိုပါ ဆွဲထုတ်လိုက်သည်။

ဗလာဟင်းလင်း. . .။

ပုလဲလည်ဆွဲကား တကယ်မရှိတော့ချေပြီတည်း။

ကျွန်မက တုန်ရီချောက်ချားနေသောအသံဖြင့် . . .

“ဒုက္ခပါပဲ ပေရယ်ရယ်၊ နင့်. . . နင့်လည်ဆွဲ ဘယ်ရောက်သွားပြီလဲမသိတော့ဘူး”

■





## အခန်း (၆)

ပေရယ်က ဒေါသဖြင့် ဝုန်းကနဲခုန်ထလိုက်သည်။ ထို့နောက် ကျွန်မလက်ထဲမှ မျက်လှည့်သေတ္တာကို ဆောင့်ဆွဲယူလိုက်ပြီး သူမ၏ ပုလဲလည်ဆွဲကို အလူးလူးဖားလျားရှာလေတော့သည်။ ပြီး . . .

“ဝတ်ရည်ဖြူ. . . နင်. . . နင် စနေတာမဟုတ်လားဟင်”

ကျွန်မ ဆက်ပြီး ကြာကြာဟန်မဆောင်နိုင်တော့။ အားပါးတရရယ်ချလိုက်ရင်း . . .

“နင်ကလည်း မျက်လှည့်ပြတာပါဆိုနေမှ၊ ကဲ. . . နင့်အကျႌအိတ်ထဲကို ပြန်ကြည့်လိုက်ပါဦး”

“ဟမ်. . .”

ပေရယ်က ကျွန်မကို မယုံသင်္ကာမျက်လုံးများဖြင့် ပြန်စိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေ၏။ ကျွန်မက . . .

"ကြည့်လိုက်စမ်းပါဆို"

ပေရယ်က သူမ၏အင်္ကျီအိတ်ထဲသို့ လက်ကိုနှိုက်လိုက်၏။ ပြန်ဆွဲထုတ်လိုက်သောအခါ ပေရယ့်လက်ထဲတွင် ပုလဲလည်ဆွဲပါလာလေတော့သည်။

"အိုး . . . မိုက်တယ်ဟေ့"

"ဖျောင်း . . . ဖျောင်း . . . ဖျောင်း"

မေ နှင့်ဖွန်တို့က လက်ခုပ်လက်ဝါးတီးကာ သြဘာပေးရင်း ပြုံးတူလိုလို ချီးကျူးလိုက်ကြသည်။ ကျွန်မကတော့ မျက်လှည့်ဆရာများ လုပ်လေ့ရှိသကဲ့သို့ လက်တစ်ဖက်ကိုဆန့်တန်းကာ ခါးကိုင်းဦးညွတ်လိုက်သည်။

ပေရယ်ကတော့ ကျွန်မကို တွေတွေကြီးစိုက်ကြည့်ရင်း . . .

"ငါကတော့ နင့်လုပ်တာ နည်းနည်းလွန်တယ်လို့ထင်တယ်"

ဟု ဒေါသကိုချုပ်တည်းထားသည့်လေသံဖြင့် ပြောပြီး သူမ၏ပုလဲလည်ဆွဲလေးကို ဂရုတစိုက်ပြန်ဆွဲလိုက်၏။ ကျွန်မက . . .

"နင့်ကိုစတာကျတော့ စိတ်ဆိုးသလား၊ လူတစ်ယောက်ကို စင်ပေါ်မှာ ဘောင်းဘီကျွတ်ကျအောင်လုပ်တာလောက်တော့ မဆိုးရွားပါဘူးဟာ"

"ဒါပေမဲ့ ဒီလည်ဆွဲကို ငါ ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ နင်အသိပဲဥစ္စာ၊ ငါ့ဆီမှာရှိသမျှလည်ဆွဲတွေထဲမှာ ဒီပုလဲလည်ဆွဲက အလှဆုံးပဲ"

"အင်း . . . ဟုတ်တယ်၊ လှတော့တော်တော်လှတယ်နော်"

ကျွန်မက စိတ်ထဲမှာရှိသည့်အတိုင်း ထောက်ခံလိုက်ရင်း . . .

"ငါ့မှာလည်း ဒါမျိုးလည်ဆွဲတစ်ခုလောက် ရှိချင်လိုက်တာဟာ၊ ငါ့မှာသာ ဒီလိုလည်ဆွဲမျိုးရှိရင် အမြဲဆွဲထားမှာပဲ"

ပေရယ်က ကျွန်မစကားကြောင့် သူမ၏ပင်ကိုယ်ဟန်အတိုင်း တခစ်ခစ်ရယ်လိုက်ရင်း . . .

"အင်း . . . တကယ်လို့ ငါ့လည်ဆွဲပျောက်သွားရင်တော့ ဘယ်သူ့လက်ချက်ဖြစ်မလဲဆိုတာ ဗေဒင်မေးကြည့်နေစရာမလိုတော့ဘူး"

သူမ၏စကားကြောင့် မေနှင့်ဖွန်တို့ကပါ ဝါးကနဲရယ်လိုက်ကြသည်။

တကယ်တမ်းတွင် . . .

နောက်မကြာတော့သောကာလအတွင်းမှာ ပေရယ်၏ပုလဲလည်ဆွဲ အမှန်တကယ် ပျောက်ဆုံးသွားလိမ့်မည်ဆိုသည့်အကြောင်းကို ကျွန်မ ကြိုတင်မသိခဲ့သည်ပဲလေ။

●

အဲသည့်နောက်မှာတော့ ကျွန်မတို့အားလုံး ပေရယ်တို့အိမ်ဆီသို့ ထွက်လာခဲ့ကြသည်။ ဖွန်က နေ့လည်ခင်းတုန်းက ကိုရီးယား







www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကားသစ် ဒီဗွီဒီ (DVD) အခွေတွဲဝယ်ထားသည်ဟုပြောသော ကြောင့် ဖြစ်၏။

သူတို့အိမ်သို့ရောက်သောအခါ အတော်ပင်မိုးချုပ်နေလေပြီ။ မေက နံရံပေါ်ရှိတိုင်ကပ်နာရီကို လှမ်းကြည့်ရင်း . . .

"ဟဲ့ . . . ဝတ်ရည်ဖြူ တော်တော်မိုးချုပ်နေပြီနော်၊ အန်တီ ပြန်လာလို့ နင့်ကို အိမ်မှာမတွေ့ရင် စိတ်ပူနေမလားမသိဘူး၊ ငါတို့ ဖုန်းဆက်ပြီးပြောထားပေးရမလား"

"ဟင့်အင်း ကိစ္စမရှိဘူး၊ ဒီနေ့ မေမေက ဆေးရုံမှာဂျူတီ ကျတယ်"

မေမေက ကျွန်မတို့မြို့ရှိ တစ်ခုတည်းသောဆေးရုံမှ သူနာ ပြုဆရာမကြီးဖြစ်သည်။ ထို့ကြောင့် မေမေ့အလုပ်ချိန်သည် ပုံမှန် မရှိဘဲ အပတ်စဉ်တိုင်း ပြောင်းလဲနေလေသည်။

ပေရယ်က ရေခဲသေတ္တာထဲမှမုန့်များကို ထုတ်ယူလာပြီး ပန်း ကန်ပြားတစ်ချပ်ထဲတွင်ထည့်ကာ ကျွန်မရှေ့ရှိစားပွဲပေါ်တွင် လာချ သည်။ ထို့နောက် ဒီဗွီဒီချပ်ကို စက်ထဲသို့ထည့်ကာ ဖွင့်လိုက်၏။

ပန်းကန်ပြားထဲရှိမုန့်ကို လှမ်းယူလိုက်ပြီး ကျွန်မပါးစပ်ထဲသို့ ထည့်လိုက်တော့မည့်ဆဲဆဲတွင် . . .

"အား . . ."

ကျွန်မပေါင်ပေါ်သို့ လေးလံသောတစ်စုံတစ်ရာက ဝုန်းကနဲ ပြုတ်ကျလာ၏။ ကျွန်မက ငုံ့ကြည့်ပြီး အလန့်တကြားအော်ဟစ်





လိုက်သည်။

"ဟဲ့ ရွှေဝါ . . ."

မေ၏အချစ်တော်ကြောင်ကြီးသည် ကျွန်မကို ပွတ်သီးပွတ် သပ်လုပ်နေ၏။ မေက သူ့အချစ်တော်ကြောင်ဝတုတ်ကြီးကို တစ်ချက် ခေါင်းငဲ့ကြည့်ရင်း . . .

"ရွှေဝါ . . . ဆင်းစမ်း၊ သူ့ကို အောက်ချပေးလိုက်လေ ဝတ် ရည်ဖြူ"

ကြောင်ဝဝတုတ်တုတ်ကြီးကမူ သူ့သခင်မ၏စကားကို လုံးဝ ဂရုမစိုက်။ ကျွန်မပေါင်ပေါ်တွင် တိုးဝှေ့နေဆဲ။

ကြောင်ကိုရွံတတ်သောကျွန်မက စိတ်ပျက်လက်ပျက်ညည်း ညူသံဖြင့် . . .

"ဒုက္ခပါပဲဟာ . . . နင့်ကြောင်က ဘာဖြစ်လို့ ငါ့အပေါ်ကိုမှ လာတက်ရတာလဲ"

"ရွှေဝါက နင်မကြိုက်မှန်းသိလို့ တမင်လုပ်တာဖြစ်မှာပေါ့"

မေက တီဗွီရီမုကွန်ထရိုးကိုနှိပ်ရင်း ပြောင်ချော်ချော်ဖြင့် ပြောသည်။ ကျွန်မက . . .

"နင့်ကြောင်က တအားလေးတယ်ဟာ၊ ပြီးတော့ သူ့အမွေး တွေက . . . က . . . ဟပ် . . . ဟပ်ချိုး"

ကျွန်မ အောင့်မထားနိုင်တော့ဘဲ နှာချေမိလေတော့သည်။ တစ်ခါနှင့်လည်းမပြီး နှစ်ခါနှင့်လည်းမပြီး။



www.burmeseclassic.com

www.burmeseclassic.com

ဖွန်ကတော့ အဖွင့်စာတမ်းထိုးနေသည့် ကိုရီးယားကားကို အကြည့်မပျက်ဘဲ . . .

"နင် အဲဒီလို နှာချေပြနေစရာမလိုပါဘူးဟာ၊ နင်က ကြောင် အမွေးတွေနဲ့ထိမိရင် အလားဂျစ်(Allergic) ဖြစ်တတ်မှန်း ငါတို့သိပြီးသားပဲ"

ကျွန်မက လက်ထဲမှမုန့်ကို ကိုက်မစားမိခင် သေသေချာချာ ကြည့်လိုက်သောအခါ . . .

"အား . . . ဒုက္ခပါပဲ၊ မုန့်တစ်ခုလုံးမှာ ကြောင်မွေးတွေကပ်နေပြီ၊ ရွံစရာကြီး"

ထိုစဉ် ဘာဖြစ်မှန်းမသိ။ ရွှေဝါက သူ့လည်သည်းများကို ဆန့်ထုတ်လိုက်သည်။ ယင်းကိုမြင်သွားသော မေက အလန့်တကြား အော်လိုက်၏။

"ဟဲ့ . . . ရွှေဝါ . . . ရွှေဝါ . . . ဆင်း ဆင်း၊ ဝတ်ရည်ဖြူ . . . ရွှေဝါ့ကိုတွန်းချလိုက်၊ နင့်ကို သူ . . . သူ ကုတ်တော့မယ်"

အဲသည့်အချိန်မှာပင် ကျွန်မကလည်း နှာအရမ်းချေချင်လာပြန်သည်။ ဟပ်ချိုးဟုချေလိုက်ရင်းက ရွှေဝါ့ကို အသာတွန်းထုတ်လိုက်မိ၏။

"ခွီး . . ."

"အား . . ."

ရွှေဝါ၏လက်သည်းချွန်ချွန်များက ကျွန်မ၏လက်ဖျံအရေပြား





ကို ကုတ်ခြစ်လိုက်သည်။ နာကျင်လွန်းသဖြင့် ကျွန်မ သတိလက်လွှတ်အော်ဟစ်လိုက်မိ၏။

"ဟဲ့ . . . ရှူး ရှူး . . . သွားစမ်း"

ကြောင်က နောက်တစ်ကြိမ် ခွီးကနဲမာန်ဖီလိုက်ပြန်သည်။ သူ့အသံက ပိုကျယ်လောင်လာ၏။ ထို့နောက်သားကောင်ကိုချောင်းနေသကဲ့သို့ တစ်ကိုယ်လုံးအကြောများ တောင့်တင်းကာ အရှိန်ယူနေရာမှ လျှပ်မြန်စွာဆတ်ကနဲခုံပြီး ကျွန်မလက်ခုံကို ကိုက်ခဲလိုက် လေတော့သည်။

"အား . . ."

ကျွန်မ ဝုန်းကနဲထရပ်လိုက်မိသည်။ ကြောင်ကလည်း ကြမ်းပြင်ပေါ် ဘုတ်ကနဲကျသွား၏။ သို့သော် ချက်ချင်းပင်လွှားကနဲခုန်ထကာ ကျွန်မ၏ဂျင်းဘောင်းဘီအနားစကို လှမ်းဟပ်၏။

ကျွန်မက တစ်ဖက်သို့လှည့်ပြီးရှောင်လိုက်ရာတွင် စားပွဲခုံစောင်းနှင့် ဒုံးကနဲတိုက်မိပြီး ဟန်ချက်ပျက်ကာ ကြမ်းပြင်ပေါ်ပစ်လဲကျသွား၏။

"ဟဲ့ ဟဲ့ . . . လုပ်ကြပါဦး"

"ဟဲ့ ရွှေဝါ . . . ရွှေဝါ သွားစမ်း"

ညီအစ်မသုံးယောက်၏အသံက ကျက်ကျက်ညံသွားတော့၏။

အဖြစ်အပျက်က တကယ်ပင်ကြောက်စရာကောင်းလေသည်။

ရွှေဝါသည် ချစ်စရာကောင်းသော အိမ်မွေးတိရစ္ဆာန်ကြောင်လေးတစ်ကောင်မဟုတ်တော့ဘဲ ရိုင်းစိုင်းကြမ်းကြုတ်ရန်လိုသော တောရိုင်းသားရဲတစ်ကောင်လို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူက လဲကျနေသော ကျွန်မမျက်နှာပေါ်သို့ လွှားကနဲခုန်တက်လိုက်ပြီး ကျွန်မ၏လည်ပင်းသွေးကြောကို သူ့အစွယ်ချွန်ချွန်များဖြင့် ကိုက်ဖောက်ရန် ဖြုန်းကနဲငုံ့လိုက်၏။

"အား. . ."

ကျွန်မက ကြောက်ကြောက်လန့်လန့်ဖြင့် မျက်လုံးအစုံကို မှိတ်ထားလိုက်တော့သည်။

"ဟဲ့. . . ဟဲ့"

မေက ရီမုကွန်ထရိုးကိုလွှတ်ချပြီး ရွှေဝါ့ကို ဆတ်ကနဲကောက်ချီလိုက်သည်။ သူ့အစွယ်တွေနှင့် ကျွန်မ၏လည်ပင်း သီသီကလေးလွဲသွား၏။ ကံကောင်းသည်ဟုဆိုရမည်။

မေကတော့ သူ့ကြောင်ကြီးရွှေဝါကို ပခုံးပေါ်တွင်ထမ်းကာ အခန်းထဲမှအမြန်ထွက်သွား၏။

"ဟင်. . ."

အခုမှပင် သက်ပြင်းချနိုင်တော့သည်။ မတ်တတ်ရပ်ဖို့ပင် အနည်းအားယူနေရ၏။ ကျွန်မတစ်ကိုယ်လုံး တုန်ရီနေလေသည်။

ဖွန်က ကျွန်မကိုတွဲထူရင်း . . .

"အံ့ဩစရာကောင်းလိုက်တာ၊ ရွှေဝါ အဲဒီလိုလုပ်တာ တစ်ခါမှမမြင်ဖူးဘူး"

"ဘုရား. . . ဘုရား၊ ငါ အသည်းတွေအူတွေတုန်လိုက်တာ ဝတ်ရည်ဖြူရယ်"





ပေရယ်က ကျွန်မလက်ပေါ်ကအနာကို အရက်ပျံဖြင့် ဆေးကြောပေးရင်း ပြောလိုက်၏။ ကျွန်မကတော့ ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် မောဟိုက်ကြောက်လန့်နေလေသည်။

ခဏကြာတော့ အခန်းထဲသို့ မေပြန်ဝင်လာပြီး ကျွန်မကိုယ်ပေါ်မှကြောင်မွေးများကို သုတ်ဖယ်ပေးရင်း . . .

"ဆောရီးပဲ ဝတ်ရည်ဖြူရယ်၊ ဒီကြောင်စုတ်ကို နောက်ဖေးမှာ ကြိုးနဲ့ချည်ထားပစ်ခဲ့ပြီ၊ ဒီကောင် အရင်တုန်းက ခုလိုမရိုင်းပါဘူး၊ အခုကျမှ ဘယ်လိုဖြစ်သွားတာလဲမသိဘူး၊ နင့်ကို တောင်းပန်ပါတယ်"

"ငါလည်း အခုလေးတင်ပြောနေတာ၊ ရွှေဝါက ကြောင်ပျင်းပဲ၊ ကြွက်တောင်ခုတ်တာမဟုတ်ဘူး၊ အိပ်လိုက်စားလိုက်နဲ့ ကြောင်ဝတုတ်ကြီး ဖြစ်နေတာပဲကြည့်တော့"

ဟု ဖွန်က ဝင်ပြောလိုက်သည်။

"ဒါဆို ဘာလို့ အခုမှ အရူးထပြီး ဝတ်ရည်ဖြူကို ကိုက်ရတာလဲ"

မေက မေးလိုက်၏။ ပေရယ်က ကျွန်မမျက်လုံးများကို တစ်ချက်စိုက်ကြည့်ပြီး လုံးဝမျှော်လင့်မထားသော စကားတစ်ခွန်းကို ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ဝတ်ရည်ဖြူဟာ မကောင်းဆိုးဝါးမို့လို့ပဲ"

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ပေရယ်၏စကားကို ကျွန်ညီအစ်မနှစ်ယောက်က တသော သောရယ်ကြ၏။ သို့သော် ကျွန်မဘက်ကကြည့်လျှင် ဒါသည် ရယ်စရာမောစရာကိစ္စတစ်ခု မဟုတ်ပေ။

''ငါက မကောင်းဆိုးဝါးမဟုတ်ဘူး၊ မေ့ရဲ့ကြောင်စုတ်ကမှ တကယ့်မကောင်းဆိုးဝါး''

''အေးပါဟာ၊ နောက်ဆို ငါ့ကြောင်ကို နင်နဲ့ ဝေးဝေးမှာထားပါ့မယ်''

မေက ကတိပေး၏။ ကျွန်မက တစ်ဖက်သို့လှည့်လိုက်သည့်အခါ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေသော ပေရယ်၏မျက်လုံးတွေနှင့် ရင်ဆိုင်ရလေသည်။ ကျွန်မက . . .





''နင် ဘာတွေစဉ်းစားနေတာလဲ ပေရယ်''

''ဟင့်အင်း. . . ဘာမှမစဉ်းစားပါဘူး''

ပေရယ်က မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း အရေးမကြီးဟန်ဖြင့် ပြန်ပြောလိုက်သည်။

●

ကိုရီးယားကားကိုလည်း ကြည့်ချင်စိတ်မရှိတော့သောကြောင့် အိမ်ကိုပြန်ဖို့ ကျွန်မဆုံးဖြတ်လိုက်သည်။ သူတို့အိမ်မှာ ဆက်ပြီးထိုင်နေရတာကိုက စိတ်ထဲမှာတစ်မျိုးကြီးဖြစ်နေသည်။ ထို့ကြောင့် နှုတ်ဆက်ပြီးပြန်ခဲ့၏။

ညလေပြည်သည် အေးစက်ပြီး လေးလံထိုင်းမှိုင်းနေ၏။ တိမ်သားပုပ်ပုပ်တွေက လမင်းကို ဖုံးကွယ်ထားကြသည်။

ကျွန်မ၏ခြေလှမ်းတွေက ကတုန်ကယင်ဖြစ်လာကြပြန်သည်။ သစ်ရွက်တွေကို ညလေပြည်က ပွတ်တိုက်သွားသည့်အသံသဲ့သဲ့ကြားရသည်။ ကတ္တရာလမ်းနှင့် ကျွန်မ၏ဖိနပ် ပွတ်တိုက်သံသည်ပင်လျှင် အထီးကျန်စွာ ကျယ်လောင်နေသည်ဟု ခံစားရသည်။

သိပ်ချောက်ချားစရာကောင်းတာပဲဟု ကျွန်မ တွေးလိုက်မိသည်။ စိတ်ထဲက မချမ်းမြေ့မှုက အုံ့မှိုင်းနေပြန်၏။ ဒီနေ့ ဘာတွေဖြစ်နေတာလဲ၊ ရွှေဝါဆိုတဲ့ကြောင်ကရော ဒီနေ့ကျမှ ဘာဖြစ်လို့ ထူး

www.burmeseclassic.com



ထူးခြားခြား ရန်ရှာရတာလဲ။

"ဝတ်ရည်ဖြူဟာ မကောင်းဆိုးဝါးမို့လို့ပဲ. . ."

ဒီစကားကို ပေရယ်က တကယ်အတည်ပေါက်ပြောခဲ့ခြင်း ပေလား။ ဒါဆိုရင်တော့ ရူးသွပ်မှုသက်သက်သာ ဖြစ်ပေလိမ့်မည်။

တကယ်ဆိုလျှင် သူမကတောင်မှ ငါ့ထက်ပိုပြီး မကောင်း ဆိုးဝါးဆန်သေးတာပဲ။

ပေရယ်သည် သူတစ်ပါးကို စိတ်ဒုက္ခအမျိုးမျိုးပေးပြီး စရ နောက်ရမှ ကျေနပ်ပျော်ရွှင်တတ်သူဖြစ်သည်။

ရဲဂေါင်စိုးရဲ့ တာဖ်ဝတ်စုံကို ဒုက္ခပေးခဲ့ခြင်းမျိုးပေါ့။ ဟိုကာစ် ယောက်ခမျာ တစ်ကျောင်းလုံးရှေ့မှာ အရှက်ကွဲပြီး ကျောင်းအပြင် ထိ မျက်စိစုံမှိတ်ပြီး ပြေးထွက်သွားရရှာတာ. . .။ ညတုန်းကလည်း ကျွန်မကို ဆေးမင်ကြောင်ထိုးရမယ်ဆိုပြီး အတင်းခြိမ်းခြောက်ခဲ့သေး တယ်မဟုတ်လား။

ပေရယ်ကမှ တကယ့်မကောင်းဆိုးဝါးပါ။

ကြည့်စမ်း. . . တကယ်ဆိုလျှင် ဒေါ်နန်းမြရွှေက ကျွန်မကို မကောင်းဆိုးဝါးဟု ဟောခဲ့ခြင်းမှာလည်း ကေန္တတော့ ပေရယ်နှင့် ကြိုတင်ညှိနှိုင်းထားသော လုပ်ကြံမှုပင်ဖြစ်ပေလိမ့်မည်။

တွေးရင်းတွေးရင်းနှင့် ကျွန်မမျက်လုံးထဲတွင် ဒေါ်နန်းမြရွှေ ၏ ကြက်သရေမင်္ဂလာကင်းမဲ့သောမျက်နှာကြီးကို ပြန်မြင်ယောင် လာ၏။ ပြီးတော့ ကျွန်မကို မကောင်းဆိုးဝါးဟုခေါ်လိုက်သည့် ၄က်





ဆိုးထိုးသံကြီးကိုလည်း ပြန်ကြားယောင်မိသည်။

ဒင်းဟာ တရားခံပဲ။ အဲဒီမကောင်းဆိုးဝါးဆိုတဲ့ စကားတစ် ခွန်းကြောင့် ငါ့ရဲ့မွေးနေ့ညလေးတစ်ညဟာ ပျော်စရာမကောင်းတော့ ဘဲ အပိုင်းပိုင်းပြိုပျက်ခဲ့ရပေါ့။

ဘာဖြစ်လို့များ ငါ့ကို မကောင်းဆိုးဝါးလို့ပြောရတာလဲ။

ဘာကြောင့် ငါ့ကိုမှ ရွေးချယ်ခဲ့တာလဲ။

ဒေါ်နန်းမြရွှေကိုမေးကြည့်မှ ဖြစ်တော့မည်။ သည်အဖြေကို ရှင်းရှင်းလင်းလင်းသိရအောင် မျက်နှာချင်းဆိုင်ပြီးမေးလိုက်တာ အကောင်းဆုံးဖြစ်မည်ဟု ကျွန်မတွေးလိုက်၏။ နို့မဟုတ်လျှင် ဒီ အကြောင်းအရာက ဆူးတစ်ချောင်းလို တနုံ့နုံ့ဖြစ်နေရပေလိမ့်မည်။

ဒီဆူးကိုနှုတ်ပစ်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်သည်။

●

နောက်လမ်းတစ်ကွေ့ဆို ကျွန်မအိမ်ဆီသို့ရောက်ပြီ။ ပွဲဈေး တန်းကတော့ ဒီနေရာမှသွားလျှင် ရပ်ကွက်တစ်ခုစာလောက် ဝေး နေသေး၏။ သို့သော် ကျွန်မဆုံးဖြတ်ချက်ကို မပြင်တော့။

"ဟုတ်တယ်. . .၊ ငါ ဒေါ်နန်းမြရွှေဆီ သွားမှဖြစ်မယ်"

ကျွန်မဟာ တိုးတိုးလေးရေရွတ်လိုက်ပြီး လက်ဝဲဘက်သို့ချိုး ကာ ကမ်းနားလမ်းအတိုင်း ပွဲဈေးတန်းဆီသို့ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေးတွေအပြည့်ပါသော ကားတစ်စီးက ကျွန်မနံ ဘေးမှ ဝေါကနဲဖြတ်သွားသည်။ လူငယ်တစ်ယောက်က ကားပြတင်း ပေါက်မှ ခေါင်းပြူထွက်ပြီး မသဲမကွဲအော်ပြောသွားသည်။

ကျွန်မ မသိချင်ယောင်ဆောင်ပြီး ဆက်လျှောက်လာခဲ့၏။ ဓါတ်မီးတိုင်အောက်တွင် နာရီကြည့်လိုက်တော့ ည(၁၁)နာရီကျော်နေလေပြီ၊ ဒီလောက်ညဉ့်နက်နေချိန်တွင် တစ်ယောက်တည်းလျှောက်သွားနေသည်ကို မေမေသိပါက ကျွန်မကိုသတ်ပေလိမ့်မည်။

"အို. . . ဘာဖြစ်သေးလဲ၊ ငါ အသက်ဆယ့်ခြောက်နှစ်ရှိပြီ၊ ကလေးမဟုတ်တော့ဘူး"

ကိုယ့်ကိုယ်ကို အားပေးစကားပြောလိုက်၏။

ပွဲဈေးတန်းက လူသူကင်းရှင်းစပင်ပြုနေလေပြီ။ ဒေါ်နန်းမြရွှေတစ်ယောက် သူ့ဆိုင်ခန်းထဲတွင်ရှိနေပါစေဟု ကျွန်မဆုတောင်းမိ၏။ ပွဲဈေးတန်းဝကို ကျွန်မရောက်သွားတော့ ကောက်ညှင်းကျည်တောက်တွေ မိုးပျံပူဖောင်းတွေဝယ်ပြီး ထွက်လာကြသော ကလေးတွေကိုတွေ့ရ၏။ ဗူးသီးကြော်ဆိုင်တွေမှာလည်း စားသောက်သူ သုံးလေးယောက်ခန့်သာရှိတော့သည်။ ချားရဟတ်ကြီးကလည်း ရပ်တန့်နေ၏။

မြားပစ်ပြိုင်ပွဲမှ ဆုရသောအရုပ်ကလေးများကို ပွေ့ပိုက်လာသည့် စုံတွဲအချို့ပင် ပွဲဈေးတန်းမှပြန်ကြလေပြီ။

ဟော. . . ဟိုမှာ ဒေါ်နန်းမြရွှေ၏ ဗေဒင်ဆိုင်ခန်းဆိုင်းဘုတ်





ကို လှမ်းမြင်နေရသည်။

ကျွန်မနှလုံးခုန်သံတွေ တဒိန်းဒိန်းမြန်လာ၏။ တံတွေးကို မျိုချလိုက်မိသည်။ တစ်စုံတစ်ခုတော့ မှားယွင်းနေပြီထင်သည်။ ဘာမှန်းတော့မသိ။

ဆိုင်ခန်းရှေ့တည့်တည့်သို့ရောက်လာမှ ထိုလိုအပ်နေသည့် တစ်စုံတစ်ရာကို ကျွန်မ သတိထားမိသွားသည်။ အစောပိုင်းတုန်းက ဗေဒင်ဆိုင်းဘုတ်၏အပေါ်တွင် ထွန်းညှိထားသည့်မီးချောင်းက အခု လင်းမနေတော့ခြင်းပင် ဖြစ်သည်။ ကျွန်မက ဗေဒင်ဟောခန်းတံခါးကို လက်ဖြင့် ဖွဖွလေးတွန်းကြည့်လိုက်သည်။

အို. . . အထဲမှာလည်း မှောင်မိုက်နေတာပါပဲလား. . .။

ကျွန်မတို့ကိုဗေဒင်ဟောစဉ်က ထွန်းထားသောနှစ်ပေမီးချောင်းလေး၏အလင်းရောင်ကို မတွေ့ရ။ လူသံသူသံလည်းမကြားရ တိတ်ဆိတ်နေ၏။

"ဘယ်သူမှမရှိကြဘူးလား"

ကျွန်မက အထစ်ထစ်အငေါ့ငေါ့ဖြင့် အသံပြုလိုက်သည်။ ကျွန်မ၏အမေးကို ဘယ်သူကမှမတုံ့ပြန်။ ထို့ကြောင့် ဗေဒင်ဟောခန်းတံခါးကို တွန်းဖွင့်ပြီး အထဲသို့လှမ်းဝင်လိုက်သည်။

"ဟင်. . ."

တံခါးကိုဖွင့်လိုက်တော့မှ ပွဲဈေးတန်းထဲရှိ အခြားဆိုင်ခန်းများ၏အလင်းရောင်က ဗေဒင်ဟောခန်းအတွင်းသို့ ဖြာကျလာလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

မြင်ကွင်းကမလှပ. . . ။

ပေဒင်တောသည့်စားပွဲသည် ကျွမ်းထိုးမှောက်ခုံဖြစ်နေပြီး ခြေထောက်တစ်ချောင်းကျိုးနေ၏။ အနီရောင်နှင့်အနက်ရောင်စပ်ထားသည့် ဒေါ်နန်းမြရွှေ၏ဝတ်ရုံကြီးကလည်း အစိတ်စိတ်အမြွှာမြွှာစုတ်ပြဲကာ စားပွဲစွန်းမှာငြိနေသည်။

ကျွန်မ ကြမ်းပြင်ပေါ်ကို ငုံ့ကြည့်လိုက်၏။

အကြားအမြင်ဟောသည့်ဖန်လုံးကြီးသည် ကြမ်းပြင်ပေါ်တွင် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေနေလေသည်။

■





# အခန်း (၈)

နောက်တစ်နေ့ ကျောင်းတက်နေစဉ်တစ်ချိန်လုံး ကျွန်မစိတ်ကို စာထဲတွင်သာနှစ်ထားပြီး အကြားအမြင်ဆရာမအကြောင်းကို မေ့ဖျောက်ထားနိုင်ဖို့ ကြိုးစားနေလိုက်သည်။ အတန်းချိန်ပြီးသွားသည့်အခါတွင်လည်း အဲဒီအကြောင်းကို ထပ်စဉ်းစားဖို့အချိန်မရတော့ပါ။ အကလေ့ကျင့်ခန်းလုပ်ဖို့ ရှိနေသေးသောကြောင့်ဖြစ်၏။

ကျွန်မတို့ကျောင်းရှိ အနုပညာခန်းမထဲသို့ရောက်သွားသည့်အချိန်တွင် ဖွန်တစ်ယောက် ရောက်နှင့်နေပြီး အခြေခံကကွက်များကိုပင် ပြန်လေ့ကျင့်နေသည်ကိုတွေ့ရ၏။ ရန်ကုန်မှရောက်လာသော ယဉ်ကျေးမှုသင်တန်းဆင်းဆရာမတစ်ယောက်က ကြီးကြပ်ကာ ကျွန်မတို့ကို လေ့ကျင့်ပေးနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖွန်ကနေပုံကိုကြည့်ရသည်မှာ လေပြည်လေညှင်းထဲတွင် မျောလွင့်နေသော ကံ့ကော်ပွင့်ချပ်ကလေးတစ်ချပ်ကို ကြည့်နေရသလိုမျိုး ပေါ့ပါးနူးညံ့ညင်သာလှသည်။ သူမနှင့်အတူတွဲ၍ ဘေးမှာ အကဆရာ[illegible]ပိုင်း ကျွန်မကိုယ်ကျွန်မ ဆပ်ကပ်ထဲမှ ဆင်အိုကြီး တစ်ကောင်[illegible] ဖလေးလိုက်ကာ အချိုးမကျဖြစ်နေသည်ဟု ခံစားရ၏။

ဖွန့်ကိုမယှဉ်နိုင်သည်ကတော့ သေချာပါသည်။ သို့ရာတွင် အကပြိုင်ပွဲမှာတော့ ဝင်ပြီးကြိုးစားကြည့်ဦးမည်ဟု ကျွန်မ ဆုံးဖြတ်လိုက်၏။ မျှော်လင့်ချက်ဆိုတာ ဒုတိယအသက်ရှူနည်းတစ်မျိုးပဲ မဟုတ်လား။

အကလေ့ကျင့်ခန်းပြီးသောအခါ အိမ်သို့ ကျွန်မ ကသော ကမျောပြန်ပြေးခဲ့သည်။ ကျွန်မမှာ သောကြာနေ့အမီတင်ဖို့ အင်္ဂလိပ်စာအက်ဆေးတစ်ပုဒ်ရေးစရာရှိသေးသည်။

ပြန်လာသည့်လမ်းတစ်လျှောက်တွင် ကျွန်မခြေလှမ်းတွေက ပေါ့ပါးသွက်လက်နေသည်။ ရှူရှိုက်ရသောလေပြည်သည်ပင် အေးမြလတ်ဆတ်နေသည်ဟု ခံစားရ၏။

သို့သော် ကျွန်မအိမ်ခြံဝင်းတံခါးရှေ့အရောက်တွင် ခြေလှမ်းကတုံ့ကနဲရပ်သွားမိ၏။ ကျွန်မတစ်ကိုယ်လုံး လေးလံတောင့်တင်းသွားသလို ခံစားလိုက်ရသည်။

မြင်နေရသောမြင်ကွင်းကိုကြည့်ပြီး ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်အောင် ခံစားလိုက်ရ၏။





"ဟင်. . ."

ဂျင်းဘောင်းဘီအပြာဖျော့ဖျော့နှင့် တီရှပ်အဟောင်းတစ်ထည်ကို ဝတ်ဆင်ထားသော ရဲဂေါင်စိုးတစ်ယောက် ကျွန်မအိမ်ခြံဝင်းထဲက မြက်ပင်တွေကို တဒီဒီမြည်နေသော လက်တွန်းမြက်ရိတ်စက်ကလေးဖြင့် ရိတ်နေလေသည်။

ကျွန်မနှုတ်မှ အစီအစဉ်မကျသော အာမေဍိတ်သံများ အလိုအလျောက်ထွက်သွား၏။

"ဟဲ့. . . နင်. . . ဟို. . ."

သူက ဆူညံစွာမြည်နေသော မြက်ရိတ်စက်၏အင်ဂျင်ကို ပိတ်လိုက်ပြီး . . .

"ဟင်. . . ဝတ်ရည်ဖြူပါလား"

"နင် ဘာလုပ်နေတာလဲဟင်"

ကျွန်မက အမိုက်မဲဆုံးမေးခွန်းကိုမေးလိုက်သည်။ ပြီးတော့မှ သူ့ကိုအားနာကာ မျက်နှာပူသွား၏။ ရဲဂေါင်စိုးကတော့ ဘာမှမဖြစ်သလိုပင်။ နဖူးမှ ချွေးစက်များကိုသုတ်လိုက်ရင်း . . .

"ဟိုဘက်အိမ်က ငါ့ကို မြက်ရိတ်ဖို့ငှားထားတာ၊ အဲဒါ နေ့လည်တုန်းက အဲဒီဘက်ခြံကမြက်တွေကို ရိတ်ပေးနေတုန်း နင့်အမေကတွေ့သွားပြီး ဒီအိမ်အတွက်ပါရိတ်ပေးဖို့ ဆက်ငှားထားတယ်၊ ဟိုဘက်ခြံကို သုံးထောင်ယူတာ၊ နင့်အမေကိုတော့ နှစ်ထောင့်ငါးရာနဲ့ပဲ လျှော့ပေးထားပါတယ်"

www.burmeseclassic.com

သူက အဲ့သလိုပြောလေ ကျွန်မက သူ့အပေါ်အားနာပြီး စိတ်ထဲမှာ တစ်မျိုးတစ်မည်ခံစားရလေလေ ဖြစ်သည်။

ရဲဂေါင်စိုးက ပေကျံနေသည့်သူ့လက်များကို ဂျင်းဘောင်းဘီဖြင့် သုတ်လိုက်ရင်း . . .

"အရေးထဲမှာဟာ ငါ့မြက်ရိတ်စက်ကလည်း တစ်ချက်တစ်ချက် ပျက်ချင်သလိုလိုဘာလိုလို ဖြစ်နေတယ်၊ တစ်ရက်ထဲ နှစ်အိမ်ပြီးချင်ကာမှ အလုပ်ကသိပ်မတွင်ဘူး"

ကျွန်မက သူ့မျက်နှာကိုငေးကြည့်နေမိသည်။ သူ့ဆံပင်တွေက ထုံးစံအတိုင်း မဖြီးမသင်နှင့် ဖရိုဖရဲ။ ကျွန်မက သူ့အင်္ကျီလက်မောင်းစတွင် ကပ်ငြိနေသော မြက်ပင်ပြတ်ကလေးကို ဆွဲယူဖယ်ရှားပေးလိုက်သည်။ ရဲဂေါင်စိုးက အိမ်ဘက်သို့တစ်ချက်လှည့်ကြည့်ရင်း . . .

"နင်တို့အိမ်က အရမ်းလှတာပဲနော်"

ကျွန်မက ခေါင်းညိတ်လိုက်သည်။ ပြီးမှ . . .

"နင် အိမ်ထဲဝင်ဦးမလား၊ ဟိုလေ ရေလေးဘာလေးသောက်ချင်ရင် ပြောတာပါ၊ ဒါမှမဟုတ် ဖျော်ရည်တစ်ခုခုသောက်မလား၊ ငါဖျော်ပေးမယ်လေ"

သူက ပြုံးရင်း ခေါင်းကိုခါယမ်းလိုက်သည်။

"နေပါစေတော့ဟာ၊ ညနေမမှောင်ခင် အလုပ်ပြီးအောင် လက်စသတ်လိုက်ဦးမယ်"





ပြောပြောဆိုဆိုနှင့် သူက မြက်ရိတ်စက်အင်ဂျင်ကိုနှိုးကာ ခြံထောင့်ဆီသို့တွန်းသွားလေတော့သည်။

ကျွန်မ အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်ခဲ့သည်။

"မေမေရေ့ . . မေမေ"

ပြန်ထူးသံမကြားရ။ တိတ်ဆိတ်နေ၏။

ညဂျူတီဆင်းရန် ဆေးရုံသို့သွားရပြန်ပြီထင်သည်။ ကျွန်မကလည်း မေမေ့အလုပ်ချိန်ဇယားကို ကောင်းကောင်းသိသည်မဟုတ်။

ကျွန်မက ရေခဲသေတ္တာထဲမှ ကုတ်(coke) တစ်ဗူးကိုဖောက်ကာ ကိုင်ရင်း အပေါ်ထပ်က ကျွန်မအခန်းဆီသို့တက်ခဲ့၏။ အခန်းထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်မမွေးထားသော ကြက်တူရွေးပေါက်လေးမြစိမ်းက လှောင်ချိုင့်ထဲမှနေ၍ တောင်ပံခတ်ကာ တဂစ်ဂစ်အော်မြည်နေသည်။

ကျွန်မက လှောင်အိမ်ရှိရာပြတင်းပေါက်နားဆီသို့ လျှောက်လာခဲ့ပြီး မြစိမ်း၏အမွေးအတောင်များကို လက်ညှိုးကလေးဖြင့် ပွတ်သပ်ပေးလိုက်သည်။

ပြတင်းပေါက်မှ အောက်ကိုငုံ့ကြည့်လိုက်တော့ မြက်ရိတ်စက်ကို တကုန်းကုန်းဖြင့်တွန်းနေသော ရဲဂေါင်စိုးကိုတွေ့ရသည်။

"သူ့ကိုကြည့်ရတာ ချစ်စရာကောင်းတယ်နော်၊ ဟုတ်တယ်မဟုတ်လား မြစိမ်း"

ကျွန်မက တစ်ယောက်တည်းပြောရင်း ကြက်တူရွေးကလေး


www.burmeseclassic.com

www.burmeseclassic.com

ကို ပေးလိုက်၏။ မြစိမ်းက ကျွန်မလက်ညှိုးကို သူ့နှုတ်သီးသေးသေးကလေးဖြင့် ဆိတ်နေသည်။

ကျွန်မ မှန်ရှေ့တွင်ရပ်လိုက်ပြီး ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ဖြီးလိုက်၏။ နောက် . . . နှုတ်ခမ်းကိုထပ်၍ဆိုးလိုက်ပြီး မျက်လုံးတစ်ဝိုက်ကိုလည်း မိတ်ကပ်အနည်းငယ်ဖို့လိုက်သည်။ ပြီးတော့ ဗီရိုထဲမှ အဖြူရောင်ဆွယ်တာတစ်ထည်နှင့် ဂျင်းဘောင်းဘီတစ်ထည်ကို ထုတ်ယူပြီး အဝတ်လဲလိုက်၏။

တဒီဒီမြည်နေသော မြက်ရိတ်စက်၏အသံကို အပေါ်ထပ်မှပင် ကျွန်မကြားနေရသည်။ သူ အလုပ်မြန်မြန်ပြီးပါစေဟု စိတ်ထဲက ကျိတ်၍ဆုတောင်းလိုက်၏။

ထိုအချိန်မှာပင် မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရသည်။

"ဟဲ့ . . . တာဖ်ပါလား"

ထိုအသံကြောင့် ကျွန်မ ပြတင်းပေါက်ဆီပြေးသွားပြီး ငုံ့ကြည့်လိုက်သည်။ ထင်ထားသည့်အတိုင်းပင် ပေရယ်နှင့်မေတို့က ကျွန်မဆီလာလည်ရင်း ရဲဂေါင်စိုးကိုတွေ့သွားပြီး နောက်ပြောင်နေကြခြင်းဖြစ်သည်။

ရဲဂေါင်စိုးကတော့ ပေရယ်တို့ညီအစ်မကို ဂရုမစိုက်လေဟန်ဖြင့် မြက်ရိတ်စက်ကိုသာတွန်းနေသည်။ သို့သော် နီရဲနေသောသူ့မျက်နှာကို ကြည့်ခြင်းအားဖြင့် ရှက်ပြီး ဒေါသဖြစ်နေမှန်းသိသာ၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ဟဲ့ . . . သူ့ကို သွားမစကြပါနဲ့ဟယ်"

ကျွန်မက အော်ပြောလိုက်ပြီး အောက်ထပ်သို့ ကမန်းကတန်းဆင်းကာ တံခါးဖွင့်ပေးလိုက်သည်။

ပေရယ်က အိမ်ထဲသို့ရောက်လျှင်ရောက်ချင်း . . .

"နင်ကလည်း ရက်စက်လိုက်တာဝတ်ရည်ဖြူရယ်၊ ကိုယ့်ချစ်သူကို မြက်ရိတ်ခိုင်းရတယ်လို့"

"မေမေခိုင်းသွားတာပါဟာ၊ ငါ သိတောင်မသိပါဘူး"

ပေရယ် ဆက်ပြီးနောက်ပြောင်မနေအောင် ကျွန်မကစကားကို ပိတ်လိုက်ရသည်။ မေကတော့ ရေခဲသေတ္တာထဲမှာရှိသမျှ မုန့်တွေကို တစ်ခုပြီးတစ်ခုယူစားရင်း သည့်နေ့တစ်နေ့စာ ကျောင်းမှာဖြစ်ပျက်ခဲ့သမျှတွေကို စားမြုံ့ပြန်နေ၏။

အပြင်မှာကြားနေရသည့် မြက်ရိတ်သံက တဖြည်းဖြည်းတိုးသွားသည်။ မေက အစားကို စိတ်ဝင်စားသလောက် ပေရယ်ကတော့ ကျွန်မဝယ်ထားသည့် မိတ်ကပ်ဗူးများကိုသာ စိတ်ဝင်စားသူဖြစ်သည်။ သူမက အလှပြင်စားပွဲရှိ မိတ်ကပ်ဗူးအမျိုးမျိုး၊ (SKIN CARE) အမျိုးမျိုးကို လျှောက်ဖွရင်း . . .

"ကြည့်စမ်းပါဦး ဝတ်ရည်ဖြူရယ်၊ နင် ဝယ်ထားတာတွေက စုံလိုက်တာ၊ နင့်အလှပြင်ခန်းတစ်ခန်းလုံးကလည်း စတိုးဆိုင်နဲ့တောင်တူနေပြီ၊ ငါ စိတ်မထိန်းနိုင်ရင် အကုန်လုံးယူပြီး လိမ်းပစ်လိုက်မိတော့မယ်နော်"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ရတယ်လေ၊ နင် လိမ်းချင်သလောက်လိမ်းပေါ့၊ ဒါပေမဲ့ ငါ တောင်းဆိုတာကိုလည်း နင့်ဘက်က လိုက်လျောရမယ်၊ ဘယ့်နှယ့်လဲ ပေရယ်"

ရယ်ကာမောကာပြောလိုက်သော ကျွန်မစကားကြောင့် ပေရယ်က . . .

"စိန်လိုက်လေ၊ နင် ဘာလိုချင်သလဲ ပြော"

"နင့်ပုလဲလည်ဆွဲကို ငါ ခဏလောက်ဆွဲကြည့်ချင်တယ်"

ကျွန်မ၏တောင်းဆိုစကားကြောင့် ပေရယ့်တစ်ကိုယ်လုံး မြူးကနဲအကြောသေသလို ဖြစ်သွား၏။ ကျွန်မက . . .

"အဖြစ်သည်းမနေပါနဲ့ ပေရယ်ရယ်၊ တစ်မိနစ်လောက်ကလေး ဝတ်ကြည့်မှာပါ၊ ငါ့လည်ပင်းမှာဆွဲလိုက်ရင် ဘယ်လိုနေမလဲဆိုတာ မှန်ထဲမှာကြည့်ချင်လို့"

ကျွန်မက လေပြေကလေးနှင့်ပြောလိုက်တော့မှ ပေရယ်က သက်ပြင်းကို တိတ်တခိုးချရင်း သူ့လည်ဆွဲကို ဂရုတစိုက်ဖြုတ်သည်။ ပြီးတော့ ကျွန်မလက်ထဲသို့ လှမ်းပေးရင်း . . .

"မျက်လှည့်ပြကွက်တွေ မလုပ်နဲ့နော်"

"စိတ်ချ. . . ဘာမှမလုပ်ဘူး"

ကျွန်မက လည်ဆွဲကိုဝတ်ဆင်နေချိန်တွင် ပေရယ်ကတော့ မိတ်ကပ်ဗူးတွေအကုန်လုံးကိုဖွင့်ကာ ထင်တိုင်းကြဲနေလေတော့သည်။

ထိုအချိန်တွင် မေကတော့ ကျွန်မတို့ကိုဂရုမစိုက်ဘဲ လှောင်





ချိုင့်ထဲရှိ ကြက်တူရွေးလေးမြစိမ်းကို ပွတ်သပ်ချော့မြူနေသည်။ ကျွန်မက လည်ဆွဲကိုဝတ်ဆင်ပြီးသည်နှင့် ကိုယ့်ကိုယ်ကို မှန်ထဲတွင်ကြည့်လိုက်ရင်း . . .

"လှလိုက်တာ"

ဟု လွှတ်ကနဲရေရွတ်မိ၏။ ပေရယ်ကတော့ ပြောင်စပ်စပ်ဖြင့် . . .

"ငါ သေတဲ့အခါကျရင် အဲဒီလည်ဆွဲ နင့်ကိုပေးဖို့ သေတမ်းစာထဲမှာ ရေးပေးခဲ့မယ်"

"တော်စမ်းပါဟာ၊ နမိတ်မရှိတာတွေမပြောစမ်းနဲ့"

ကျွန်မက သူ့ကိုဟန့်တားရင်း စိတ်ထဲကတော့ ဟိုအကြား အမြင်ဆရာမကို ဖျတ်ကနဲသတိရသွား၏။ ထိုအခိုက်တွင် မေက ကြက်တူရွေးလေးကို လှောင်အိမ်ထဲမှထုတ်ယူလိုက်ရင်း . . .

"ဒီလိုလှတဲ့ငှက်ကလေးတွေကို ငါ့ကြောင်ကြီးရွှေဝါက [illegible] သဘောကျတာပေါ့၊ ဟဲဟဲ. . . အရိုးကိုပါ တဂျွတ်ဂျွတ်ဝါးစား[illegible] ထင်တယ်"

ဟု ကျွန်မကိုလှမ်းစ၏။ ကျွန်မက . . .

"တော်စမ်းပါဟာ၊ နင့်ကြောင်စုတ်ကြောင်ပဲ့အကြောင်း [illegible] မပြောစမ်းနဲ့"

စိတ်တိုတိုဖြင့်ပြန်ပြောရင်း ပြတင်းပေါက်မှငုံ့ကြည့်[illegible] ရုံဂေါင်စိုးကတော့ မြက်ရိတ်လို့မပြီးသေး။ ဘာဖြစ်လို့[illegible]



www.burmeseclassic.com

www.burmeseclassic.com

လောက်တောင်ကြာနေပါလိမ့်။

အဲသည့်အခိုက်အတန့်မှာပင် အော်သံတစ်ခုက ကျွန်မ အတွေးကို ဖျက်ဆီးလိုက်သည်။

"ဟဲ့. . . အမယ်လေးလုပ်ကြပါဦး"

"ဟင်. . . မြစိမ်းလွတ်သွားပြီ"

ကြက်တူရွေးလေးကား မေ့လက်ခုံပေါ်တွင်နားနေရာမှ ဖရွးကနဲထပြန်သွား၏။ ဝေးဝေးလည်းမသွားဘဲ စာအုပ်ပုံပေါ်တွင်နားနေသည်။ ကျွန်မတို့သုံးယောက်စလုံး ကြက်တူရွေးကို အလုအယက်လိုက်ဖမ်းကြ၏။

ကြက်တူရွေးကလေးကလည်း အငြိမ်မနေ။ ဟိုနေရာမှာနားလိုက် ဒီနေရာမှာနားလိုက်နှင့် အခန်းထဲမှာပင် လှည့်ပတ်ပြီးလျှောက်ပျံသန်းနေသည်။ ကြာတော့ ကျွန်မစိတ်တိုလာ၏။

"ဒီကောင် အရင်တုန်းက တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး"

ကျွန်မ ပြောမယ့်သာပြောနေရသည်။ မောဟိုက်လွန်းသောကြောင့် အသက်ရှူပင်မမှန်ချင်။ ကြက်တူရွေးလေးက ကျွန်မနှင့် လက်တစ်ကမ်းအကွာတွင်ရှိသော ပြတင်းပေါက်ဘောင်ပေါ်နားနေ၏။ ဆတ်ကနဲ လှမ်းဖမ်းလိုက်သည်။ မမိ။ ပွတ်ကာသီကာကလေး ရှောင်ထွက်ပျံသန်းသွား၏။

ကျွန်မက စိတ်တိုတိုဖြင့် . . .

"ပြန်လာခဲ့စမ်း၊ နင်တော့ ငါစိတ်တိုလာရင် သေအောင်လုပ်





မိတော့မယ်"

"ဟဲ့ ဟဲ့ ဝတ်ရည်ဖြူ အဲဒီ့လိုမပြောရဘူးလေ၊ တကယ်လို့မတော်တဆ နင့်ကြက်တူရွေးလေး တိုက်တိုက်ဆိုင်ဆိုင် သေသွားရင် နင့်စကားကို နင်ပဲနောင်တရနေရလိမ့်မယ်"

မေ၏သတိပေးစကားကြောင့် ကျွန်မရင်ထဲတွင် ထိတ်ကနဲဖြစ်သွား၏။

"ဆောရီးပဲဟာ၊ ငါ့စိတ်ထဲကပါလို့ပြောတာမဟုတ်ပါဘူး"

ထိုအချိန်တွင် ကြက်တူရွေးလေးက ပျံရင်းသန်းရင်း လှောင်ချိုင့်ထဲသို့ သူ့ဘာသာသူပြန်ဝင်သွား၏။

"မိပြီကွ"

ပေရယ်ကအော်ဟစ်ရင်း လှောင်အိမ်တံခါးကို ပြေး၍ပိတ်လိုက်သည်။ ကျွန်မကတော့ ရင်ထဲမှာဝမ်းနည်းသလိုလို ဘာလိုလိုတစ်မျိုးကြီးဖြစ်နေ၏။

လှောင်အိမ်တံခါးကိုပိတ်နေသော ပေရယ့်ကိုကြည့်ရင်း ကျွန်မတစ်စုံတစ်ရာကို ဖျတ်ကနဲသတိရသွားသည်။

ပေရယ့်လည်ဆွဲကို ကျွန်မလည်ပင်းမှာ ခုထက်ထိဆွဲထားဆဲပင်ရှိနေသေး၏။ ထို့ကြောင့် ကျွန်မက ပုလဲလည်ဆွဲကို ကျွန်မလည်ပင်းမှချွတ်ကာ ပေရယ့်ဆီသို့လှမ်းပေးလိုက်သည်။ ထို့နောက်. . .

"ကဲ. . . လာပါဟာ၊ မီးဖိုထဲသွားပြီး မုန့်တစ်ခုခုလုပ်စားရအောင်"



www.burmeseclassic.com

www.burmeseclassic.com

အောက်ထပ်သို့ရောက်သည့်အခါတွင် အပြင်ဘက်ဆီမှ ဆူဆူညံညံအသံများကိုကြားလိုက်ရသဖြင့် ပြတင်းပေါက်ဆီအပြေးသွား ပြီး လှမ်းကြည့်လိုက်သည်။ ပေရယ်နှင့်မေတို့လည်း ကျွန်မနောက်မှ ကပ်ပါလာကြ၏။ အပြင်ဘက်တွင် မြင်ရသည့်မြင်ကွင်းက ကျွန်မ မျက်လုံးကို အထိတ်တလန့်ပြူးကျယ်သွားစေသည်။

"လုပ်ကြပါဦး. . . လုပ်ကြပါဦး"

ရဲဂေါင်စိုးကအော်ဟစ်ရင်း မြက်ရိတ်စက်နောက်မှ ပြေးလိုက်နေသည်။ ကြည့်ရသည်မှာ စက်တစ်စုံတစ်ရာချွတ်ယွင်းသွားချိန်တွင် မြက်ရိတ်စက်က သူ့လက်ထဲမှလွတ်ထွက်သွားပုံရသည်။

မြက်ရိတ်စက်သည် ပရမ်းပတာဖြင့် နေရာအနှံ့သို့ အရှိန်ပြင်းစွာရွေ့လျားနေ၏။ ရဲဂေါင်စိုးကအပြေးလိုက်ပြီး လက်ကိုင်ကိုထိန်းဖို့ကြိုးစားနေသည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

ကျွန်မကလှမ်းအော်ပြီး မေးလိုက်သော်လည်း သူကြားဟန်မတူ။ စက်သံက တဒီးဒီးမြည်နေသည်။

မြက်ရိတ်စက်ကို သူ မီလုမီခင်ဖြစ်လာသည်။ လှမ်းပြီးဖမ်းဆွဲလိုက်၏။ လက်ကိုင်တစ်ဖက်တည်းကိုသာမိသောကြောင့် စက်က တစ်ပတ်လည်သွားပြီး သူ့ဆီသို့တည့်တည့် အရှိန်ပြင်းစွာတိုးဝင်လာ၏။

ရဲဂေါင်စိုးက ကမန်းကတန်းရှောင်လိုက်သော်လည်း ခြေချော်ကာလဲကျသွားသည်။ ထိုမျက်စိတစ်မှိတ်အချိန်လေးတွင်းမှာပင် မြက်





ရိတ်စက်၏ထက်မြသောဓါးသွားက ရဲဂေါင်စိုး၏ခြေထောက်ဆီသို့ တည့်တည့်. . .။

သွေးတွေပန်းထွက်လာသည်။ ကျွန်မမကြည့်ရဲသောကြောင့် မျက်စိကိုစုံမှိတ်ထားလိုက်တော့၏။ ရဲဂေါင်စိုး၏ နာနာကျင်ကျင်အော်ဟစ်သံကို ကြားလိုက်ရသည်။

"အား. . . ငါ့ခြေထောက်. . . ငါ့ခြေထောက်ပြတ်သွားပြီ"

■


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

“အား

ကျွန်မတို့[illegible]ဘောက်စလုံး ပြိုင်တူအော်ဟစ်မိကြပြီး အိမ်အပြင်ဘက်ဆီသို့ ပြေးထွက်လိုက်ကြသည်။

“ရဲဂေါင်စိုး . . . နစ် . . . နင် . . . ဘာဖြစ်သွားသေးလဲ”

ကျွန်မက စိုးရိမ်တကြီးနှင့်မေးလိုက်၏။ ရဲဂေါင်စိုးက သူ့ခြေကျင်းဝတ်ကို လက်နှစ်ဖက်ဖြင့်ဖိရင်း မြက်ခင်းပေါ်တွင် ကုန်းကုန်းကွကွလဲနေသည်။ မြက်ရိတ်စက်ကတော့ သစ်ပင်တစ်ပင်နှင့်ဝင်တိုက်မိပြီး အရှိန်သေသွားလေပြီ။

“နင့်ခြေထောက်”

ကျွန်မ ဘယ်လိုဆက်မေးရမှန်းမသိ။ သူက . . .





“ဆောရီး . . . ဆောရီးပဲ၊ ငါ လန့်ပြီးအော်လိုက်မိလို့၊ တကယ်တော့ ဒဏ်ရာက သိပ်မနက်ပါဘူး၊ ဒါပေမဲ့ နာတော့တော်တော်နာတယ်”

သိပ်မနက်ဘူးဟု သူကပြောသော်လည်း သွေးတွေတော်တော်ထွက်နေသည်ကို ကျွန်မတွေ့လိုက်ရသည်။ မေက . . .

“ဘယ်လိုဖြစ်သွားတာလဲဟာ”

“မပြောတတ်ဘူး၊ ထူးတော့ထူးဆန်းတယ်၊ အရှိန်လည်းမတင်ရဘဲနဲ့ စက်က ဒီလောက်ကြီးမြန်သွားစရာအကြောင်းမရှိပါဘူး၊ ဘာချွတ်ယွင်းသွားတာလည်းမသိပါဘူး၊ တစ်စစီဖြုတ်ကြည့်မှသိမှာပဲ”

သူက ပြောပြောဆိုဆိုဖြင့် ဒဏ်ရာကိုလက်ဖြင့်အုပ်ထားရင်း သူ့မြက်ရိတ်စက်ဆီသို့ ထော့နဲ့ထော့နဲ့ဖြင့်သွားကြည့်သည်။နောက် ကျွန်မဘက်သို့လှည့်ပြီး . . .

“ဝတ်ရည့်ရဲ့အမေကို တောင်းပန်ပေးပါဦးနော်၊ ဒီစက်ကိုပြင်ပြီးရင် ကျန်နေသေးတဲ့နေရာတွေ လာရိတ်ပေးပါ့မယ်လို့”

“အို . . . ဒါကအရေးမကြီးပါဘူး၊ ဒဏ်ရာကနက်ပုံရတယ်၊ ချုပ်မှရမယ်ထင်တယ်”

“ကိစ္စမရှိပါဘူး၊ ဒီကအပြန် ဆေးခန်းကို တစ်ခါတည်းဝင်လိုက်မှာပါ”

အိမ်ထဲကိုဝင်ပါဦးလားဟုပြောချင်သော်လည်း ကျွန်မနှုတ်ခမ်းမှ စကားလုံးများကထွက်မလာ။ မြက်ရိတ်စက်ကိုတွန်းပြီး တရွေ့ရွေ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည့် သူ့ကျောပြင်ကိုသာ ငေးကြည့်နေမိသည်။

ပြီးတော့ ကျွန်မတို့သုံးယောက်စလုံး အိမ်ထဲသို့ပြန်ဝင်ခဲ့၏။ ထိုစဉ် ပေရယ့်ထံမှ ခစ်ကနဲရယ်သံကိုကြားလိုက်ရသည်။ ကျွန်မက. . .

"ဒီမှာ ကြောက်ရလန့်ရတဲ့ကြားထဲ နင်က ရယ်နေနိုင်သေးတယ်ပေါ့ပေရယ်. . . ဟုတ်လား"

ပေရယ်က စပ်ဖြဲဖြဲဖြင့် . . .

"ဒါ နင့်လက်ချက်မှန်းရိပ်မိပါတယ် ဝတ်ရည်ဖြူ။ ရဲဂေါင်စိုးရဲ့အချစ်ကိုမရလို့ နင် သူ့ကို ကျိန်စာတိုက်လိုက်တာမဟုတ်လား။ နင်ဟာ တကယ့်မကောင်းဆိုးဝါးမပဲ"

"တော်စမ်းဟာ၊ ဒါ နောက်စရာမဟုတ်ဘူး၊ ငါ့ကိုလည်း မကောင်းဆိုးဝါးလို့ နောက် ဘယ်တော့မှမခေါ်နဲ့"

ကျွန်မက ဒေါသဖြစ်ဖြစ်ဖြင့်ပြန်အော်လိုက်သည်။

"ဆောရီးပါဟာ၊ ငါကနောက်တာပါ၊ နင်ကလည်း ဒါလေးများစိတ်ဆိုးရတယ်လို့"

ကျွန်မ တကယ်အကြီးအကျယ် ဒေါသဖြစ်သွားမှန်းသိသောကြောင့် ပေရယ်ကပြန်ချော့၏။ သူမက ကျွန်မပုခုံးကိုဖက်ပြီး . . .

"အေးပါဟာ၊ နင်မကြိုက်ရင်မခေါ်တော့ဘူး၊ ငါကတိပေးပါတယ်"

သည်လိုနှင့် ကျွန်မတို့ အပေါ်ထပ်သို့ ပြန်တက်လာခဲ့ကြသည်။ ကျွန်မအခန်းပြတင်းပေါက်က ဖွင့်လျက်သား၊ လေပြည်လေ





ညှင်းက ညင်ညင်သာသာတိုက်ခတ်နေသောကြောင့် ပြတင်းပေါက်ခန်းဆီးစတွေ တဖျတ်ဖျတ်လှုပ်နေကြ၏။

ကျွန်မက တံခါးပိတ်ဖို့ရန် ပြတင်းပေါက်ဆီဦးတည်ပြီး ခြေလှမ်းသွားလိုက်သည်။ အခန်းအလယ်လောက်အရောက်မှာပင် ကျွန်မတို့ကနဲရပ်တန့်သွားရ၏။

နူးညံ့သောငှက်မွေးလေးတစ်စက ကျွန်မမျက်စိရှေ့တည့်တည့်တွင် လွင့်မျောနေသည်။

ကျွန်မ ဖျတ်ကနဲလှည့်ပြီး ငှက်လှောင်အိမ်ကိုလှမ်းကြည့်လိုက်၏။

ကြက်တူရွေးကလေးသည် လှောင်အိမ်ကြမ်းပြင်ပေါ်လဲကျကာ ငြိမ်သက်နေသည်။

သူ သေဆုံးနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ကြက်တူရွေးကလေးကို ခြံထောင့်ရှိကားဂိုဒေါင်ထောင့်တွင် မြေမြှုပ်သင်္ဂြိုလ်လိုက်ကြသည်။ ကျွန်မပါးပြင်ပေါ် မျက်ရည်တွေစီးကျနေသည်ကလည်း ဘ[illegible]ခံစားနေရသည်ကို တိတိကျကျပြောပြရန် ပင်ခက်လှသည်။

တိရစ္ဆာန်များကိုချစ်တတ်သောမေကတော့ ခေါင်းငုံ့ကာ မြေပြင်ကိုငေးစိုက်ကြည့်နေ၏။ ပေရယ်ကတော့ ကျွန်မကို မကောင်းဆိုးဝါးဟု နောက်ထပ်မခေါ်တော့ပါဟူသောကတိကို ထိန်းသိမ်းရန် နှုတ်ခမ်းကိုတင်းတင်းကိုက်ထားပုံရသည်။

သို့ရာတွင် ကျွန်မတို့သုံးယောက်စလုံး ထူးဆန်းသည့် အာရုံခံစားမှုတစ်ခုကို တစ်ညီတစ်ညွတ်တည်း ခံစားနေရသည်။ စောစော





ကမှ ကျွန်မက ကြက်တူရွေးကလေးကို . . .

'ငါစိတ်တိုလာရင် သေအောင်လုပ်မိတော့မယ်'

ဟု ပြောခဲ့မိသေးသည်မဟုတ်လား။ ထိုစကားပြောပြီး ဘာမှမကြာလိုက်မီ ကြက်တူရွေးကလေးကား တကယ်သေဆုံးသွားလေပြီ။

သည်ကိစ္စအတွက် ကျွန်မမှာ တာဝန်ရှိပါသလား။ ကျွန်မသည် တကယ်ပင်မကောင်းဆိုးဝါး မိစ္ဆာစွမ်းအင်တစ်ခုခုကို ပိုင်ဆိုင်ထားသူဖြစ်လေသလား။ ကျွန်မသည် ကိုယ့်ကိုယ်ကိုမသိသော ဝမ်းတွင်းပါစုန်းတစ်ယောက်များ ဖြစ်နေလေရော့သလား။

ခဏကြာတော့ မေမေ ဆေးရုံမှပြန်လာသည်။ ကျွန်မတို့သုံးယောက်စလုံး မျက်ရည်ကျနေကြသည်ကိုလည်းကောင်း၊ ခြံထဲရှိ မြက်ပင်များ ဖရိုဖရဲဖြစ်နေကြသည်ကိုလည်းကောင်း တွေ့သွားပြီး တအံ့တသြမေးမြန်းသောအခါ ဘာကိုမှဖုံးကွယ်မထားတော့ဘဲ အမှန်အတိုင်း ပြောပြလိုက်သည်။

မေမေကမူ ဘာမှအရေးမကြီးသလိုအပြုံးမျိုးဖြင့် . . .

"ဒီလိုပါပဲကွယ်၊ တိရစ္ဆာန်ငယ်ကလေးတွေဆိုတာ အကြောင်းမယ်မယ်ရရမရှိဘဲ ဖြုန်းကနဲသေတတ်ပါတယ်၊ မောင်ရဲဂေါင်စိုးအဖြစ်ကလည်း ဘာများဆန်းလို့လဲ၊ စက်ပစ္စည်းဆိုတာ ဒီလိုပဲချွတ်ယွင်းတတ်တာပဲမဟုတ်လား"

မေမေ့ဖြေရှင်းချက်ကို ကျွန်မတို့ ဘာမှစောဒကတက်စရာမရှိတော့ပါ။ ပေရယ်နှင့်မေတို့ ညီအစ်မနှစ်ယောက်က မေမေ့ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်ပြီး ပြန်ရန်ဟန်ပြင်ကြသည်။

ကျွန်မက သူတို့နှစ်ယောက်ကိုလိုက်ပို့ရင်း စာကြည့်ခန်းရှေ့အရောက်တွင် . . .

"ဟင် . . . ဝတ်ရည်ဖြူ။ ဒီစာအုပ်တွေက ဘာတွေလဲ"

ပေရယ်က အပြင်ဘက်အစွန်ဆုံးစာအုပ်စင်တစ်စင်၏ရှေ့တွင် ဒူးထောက်ထိုင်ချရင်း မေးလိုက်သည်။ သူလက်ညှိုးထိုးပြသည့် စာအုပ်များကို ကျွန်မ ငုံ့ကြည့်လိုက်သည်။

"ဟင် . . . ဘာစာအုပ်တွေလဲ၊ ငါလည်း မသိဘူး"

ကျွန်မက ပြောပြောဆိုဆိုဖြင့် ဖုန်အလိမ်းလိမ်းတက်နေသော ကျမ်းစာအုပ်ထူထူကြီးများကို စာအုပ်စင်မှဆွဲထုတ်လိုက်ကာ ခေါင်းစဉ်များကိုဖတ်ကြည့်လိုက်၏။

The Dark Arts in Africa (အာဖရိကတိုက်မှ အောက်လမ်းပညာ)

Egyptian Book of Death (အီဂျစ်မရဏကျမ်း)

The Oriental Magic (အရှေ့တိုင်းမှော်ပညာ)

Mystery 666 (မိစ္ဆာဂဏန်း ၆၆၆လျှို့ဝှက်ဆန်းကြယ်မှု)

The Occult (ဂမ္ဘီရပညာ)

စာအုပ်တွေကိုကြည့်ပြီး ကျွန်မ မျက်လုံးပြူးသွားသည်။ ကျွန်မက . . .

"ဟင် . . . ငါ့အိမ်မှာ ဒီလိုစာအုပ်မျိုးတွေရှိနေတာ ငါတောင်





မသိဘူး"

ထိုသို့ပြောပြီး ကျွန်မက သူတို့နှစ်ယောက်ကိုလှည့်ကြည့်လိုက်သည်။ ညီအစ်မနှစ်ယောက်စလုံးက ကျွန်မကို အန္တရာယ်ပေးနိုင်သော သတ္တဝါတစ်ကောင်အား ကြည့်သည့်မျက်လုံးမျိုးဖြင့် စိုက်ကြည့်နေကြ၏။ ကျွန်မက . . .

"ဟဲ့ . . . ဘာတွေအထူးအဆန်းလုပ်နေကြတာလဲ၊ ဖတ်တဲ့သူအမျိုးမျိုးရှိသလို စာအုပ်လည်းအမျိုးမျိုးရှိမှာပေါ့၊ တကတည်း"

ပေရယ်က မျက်လုံးသေကြီးများဖြင့်စိုက်ကြည့်ရင်း ပုခုံးတွန့်ပြသည်။ ထို့နောက် အေးစက်စက်လေသံဖြင့် . . .

"သွားလိုက်ဦးမယ်ဟာ၊ ညကျမှဖုန်းဆက်လိုက်မယ်"

သူတို့ညီအစ်မနှစ်ယောက်စလုံး အိမ်ထဲမှ ဒရောသောပါး ထွက်သွားကြ၏။

ကျွန်မက မေမေ့ဆီသို့ ခပ်သုတ်သုတ်လျှောက်သွားလိုက်ပြီး . . .

"မေမေ . . . သမီးမေးစရာတစ်ခုရှိတယ်"

ကျွန်မမေးမည့်မေးခွန်းသည် အတော်အူကြောင်ကြောင်နိုင်သော အဓိပ္ပါယ်မဲ့မေးခွန်းတစ်ခုမှန်း သိတော့သိပါသည်။ သို့သော် ဦးနှောက်က မတားဆီးလိုက်နိုင်ခင်မှာပင် ပါးစပ်ထဲမှမေးခွန်းက အရင် ထွက်သွား၏။

"မေမေ . . . သမီးဟာ ဝမ်းတွင်းစုန်းလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

မေမေ့မျက်လုံးများက ကျဉ်းမြောင်းသွားကြသည်။ ထို့နောက် သူမက သက်ပြင်းကို လေးလေးပင်ပင်မှုတ်ထုတ်လိုက်ပြီး . . .

"ဟုတ်တယ်သမီး၊ သမီးဟာ စုန်းတစ်ယောက်ပဲ"

■





## အခန်း (၁၁)

"ဟင်. . ."

မေမေ့အဖြေကြောင့် ကျွန်မဦးခေါင်းထဲတွင် မိုက်ကနဲခံစားလိုက်ရသည်။ ခြေထောက်နင်းချရာ မြေပြင်တစ်ခုလုံး ဟင်းလင်းပွင့်လျက် အတိုင်းအဆမဲ့နက်ရှိုင်းသော အသူတရာချောက်ကြီးထဲသို့ ပြုတ်ကျသွားသလို ခံစားလိုက်ရ၏။

ရင်ထဲတွင် ထိတ်ကနဲအေးသွားပြီး ဝမ်းနည်းမှုက တလှိုက်လှိုက်တက်လာသည်။

ထိုအချိန်မှာပင် မေမေက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး. . .

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေမေကိုယ်တိုင်က စုန်း



www.burmeseclassic.com

www.burmeseclassic.com

မျိုးရိုးဖြစ်နေတာကိုး၊ ညဘက်ညဘက်ကျရင် သမီးအိပ်ပျော်သွားတဲ့ အခါ မေမေ ထမိန်ခြုံလိုက်ရင်းလင်းတကြီးဖြစ်ပြီး လျှောက်ပျံတာပေါ့၊ အင်း. . . အခုတော့ ထမိန်မခြုံနိုင်တော့ပါဘူးလေ၊ မေမေက အခု နောက်ပိုင်း စကတ်တွေပဲဝတ်နေတော့တာကိုး. . . ဟား ဟား ဟား"

သရော်တော်တော်ပြောပြီး ရယ်မောလိုက်သော မေမေ့လေသံ ကြောင့်သာ နောက်ပြောင်နေမှန်းသိရပြီး ကျွန်မစိတ်အေးသွားတော့ ၏။

မေမေက အားရအောင်ရယ်ပြီးမှ . . .

"ဘယ်လိုဖြစ်ပြီးတော့များ ဒီလိုအူကြောင်ကြောင်အတွေးမျိုး တွေးမိရတာလဲ သမီးရယ်၊ သမီးဟာ လူအစစ်ပါပဲကွယ်၊ မေမေက လည်း ဘယ့်နှယ့်စုန်းဖြစ်ရမှာလဲ၊ ကိုယ့်အမေကိုယ်တောင် မယုံတော့ ဘူးလား"

မေမေကပြောရင်းနှင့် ကျွန်မဦးခေါင်းမှဆံပင်ကို ဖွဖွကလေး သပ်ပေး၏။ ကျွန်မက အားတုံ့အားနာဖြင့် . . .

"ဟို. . . ဟိုစာအုပ်စင်မှာတွေ့ရတဲ့ အောက်လမ်းစာအုပ်တွေ ဂမ္ဘီရစာအုပ်တွေကကောဟင်"

မေမေကပြုံးလိုက်ပြီး . . .

"သမီးကိုမမွေးခင် မေမေ UNDP မှာ အလုပ်လုပ်သေးတယ် လေ၊ အရမ်းခေါင်တဲ့ဒေသတွေ ခေတ်နောက်ကျပြီး အယူသည်းတဲ့ ဒေသတွေမှာလည်း သွားပြီးတာဝန်ထမ်းဆောင်ခဲ့ရသေးတယ်၊ ဒါနဲ့ မေမေ





MSc ဘွဲ့ယူဖို့ စာတမ်းတင်တော့ 'ကျန်းမာရေးအသိနှင့် လူ တို့၏အယူသည်းသော အစွဲအလန်းဓလေ့များ' ဆိုတဲ့ ခေါင်းစဉ်နဲ့တင်ခဲ့ တယ်၊ အဲဒီစာအုပ်တွေဟာ မေမေ့ဘွဲ့ယူစာတမ်းအတွက် ဖတ်ခဲ့ရတဲ့ စာအုပ်တွေပေါ့"

"သြော်. . ."

အခုမှပင် ကျွန်မရင်ထဲကအပူလုံးကြီး ကျသွားလေတော့ သည်။ အတန်ကြာပျောက်ကွယ်နေခဲ့သော အပြုံးတွေကို ကျွန်မမျက် နှာပေါ်မှာ ကျွန်မဘာသာကျွန်မ ပြန်လည်ရှာဖွေတွေ့ရှိခဲ့၏။

ဘာစကားမှမပြောတော့ဘဲ မေမေ့ကိုသာ အတင်းသိမ်းကျုံး ၍ ဖက်ထားလိုက်တော့၏။ နောက်ဆိုလျှင် မေမေ့ကို စိတ်နဲ့တောင် မပစ်မှားတော့ပါဘူးဟု ဆုံးဖြတ်မိ၏။

ထိုစဉ် အပေါ်ထပ် ကျွန်မအခန်းထဲရှိ တယ်လီဖုန်းသံက မြည်လာသည်။

"မေမေ သမီးဖုန်းသွားကိုင်လိုက်ဦးမယ်နော်၊ ညစာစားခါ နီးရင် လှမ်းခေါ်လိုက်မေမေ"

ကျွန်မက လှေကားကိုအပြေးအလွှားတက်သွားပြီး ဖုန်းကို ကောက်ကိုင်လိုက်ရင်း 'ဟဲလို' ဟု ထူးလိုက်၏။ တစ်ဖက်ကပြောနေ သူမှာ ပေရယ်ဖြစ်နေသည်။

ပေရယ့်အသံက တုန်လှုပ်ခြင်းနှင့်ဒေါသဖြစ်ခြင်းတို့ ရော နှောကာ ထစ်ငေါ့ထစ်ငေါ့ဖြစ်နေ၏။ ပေရယ်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့. . . ငါ့ပုလဲလည်ဆွဲကို နင်ပြန်ပေးဖို့မေ့နေတယ် ဝတ်ရည်ဖြူ၊ ငါ့လည်ဆွဲပြန်ပေး"

"ဘာ. . . မဖြစ်နိုင်တာ၊ နင့်ကိုငါ ပြန်ပေးပြီးပြီလေ"

"လုံးဝပြန်မပေးရသေးဘူး ဝတ်ရည်ဖြူ၊ ငါ အခု အိမ်ပြန်ရောက်တော့ အင်္ကျီအိတ်တွေထဲမှာကော၊ ပိုက်ဆံအိတ်တွေထဲမှာပါ နှံ့အောင်ရှာပြီးပြီ၊ လုံးဝမရှိဘူး"

"မဟုတ်ဘူး ပေရယ်၊ ငါပြန်ပေးလိုက်. . ."

"ငါတောင်းပန်ပါတယ် ဝတ်ရည်ဖြူရယ်၊ နင့်အိမ်မှာကျန်ခဲ့တာ သေချာပါတယ်၊ ပြန်ရှာပေးပါဟာနော်၊ ပြန်ရှာပေးမယ်မဟုတ်လား၊ ငါတောင်းပန်ပါတယ်"

"အေးပါ အေးပါ. . . ခဏလေးကိုင်ထားနော်"

ကျွန်မအခန်းထဲရှိ ကုတင်ပေါ်၊ အလှပြင်မှန်တင်ခုံ၊ စားပွဲ၊ အံဆွဲစသည့်နေရာတိုင်းကို ကျွန်မလိုက်ရှာသည်။ ပုလဲလည်ဆွဲကို မတွေ့ရ။

ကျွန်မအိမ်မှပြန်သွားစဉ်က ပေရယ့်ရုပ်ပုံလွှာကို မျက်စိထဲတွင်ပြန်မြင်ယောင်ကာ ပုံဖော်ကြည့်လိုက်သည်။ အဲသည်တုန်းက ပေရယ့်လည်ပင်းတွင် ပုလဲလည်ဆွဲဝတ်ဆင်ထားသည်မှာ သေချာပါသည်။

ကျွန်မက ဖုန်းကိုပြန်ကိုင်လိုက်ပြီး . . .

"ရှာလို့မတွေ့ဘူးပေရယ်၊ နင် ငါ့အိမ်ကပြန်တုန်းက အဲဒီ





လည်ဆွဲဝတ်ပြီး ပြန်သွားတာပါ"

"ဟင့်အင်း. . . ဟင့်အင်း. . . တွေ့အောင်ပြန်ရှာပေးပါ ဝတ်ရည်ဖြူရယ်၊ နင် အဲ့ဒါကိုပြန်ရှာပေးမှကို ဖြစ်မယ်"

ထို့နောက် ပေရယ်က ဖုန်းကို ဂွပ်ကနဲမြည်အောင်ချသွား၏။

●

နောက်တစ်နေ့မနက် ကျောင်းသွားရန်ထွက်လာခဲ့သောအခါ လမ်းထိပ်နားတွင် ရဲဂေါင်စိုးနှင့်ဆုံသည်။ သူက ကျွန်မကိုလှမ်းကြည့်ပြီး . . .

"ကျောင်းသွားတော့မလို့လား၊ အစောကြီးရှိသေးတယ်နော်"

"အင်း. . . ဒီနေ့ အကပြိုင်ပွဲဝင်မယ့်ကျောင်းသူတွေကို ဆရာမက အစမ်းရိုဟာဇယ်လုပ်ကြည့်ချင်လို့တဲ့၊ ညနေကျရင် မြို့နယ် ခန်းမမှာ နောက်ဆုံးဆန်ကာတင်တစ်ယောက်ကို အပြီးသတ်ရွေးတော့ မှာကိုး၊ အဲဒါကြောင့် စောစောသွားရတာ၊ ဘယ်လိုလဲ. . . ခြေထောက်ကောသက်သာရဲ့လား"

ကျွန်မက ပတ်တီးစည်းထားသော သူ့ခြေထောက်ကိုငုံ့ကြည့်ရင်း မေးလိုက်သည်။ သူက . . .

"သက်သာပါတယ်၊ ဒဏ်ရာကသိပ်မနက်ပါဘူး၊ ဆရာဝန်က . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဝါး. . ."

သူ့စကားမဆုံးခင်မှာပင် ကျွန်မကမအောင့်နိုင်ဘဲ အိပ်ချင်စိတ်ဖြင့် သမ်းဝေလိုက်မိသည်။ ပြီးမှ အားနာသွားပြီး . . .

"ဆောရီးနော်. . . မနေ့ညက သန်းခေါင်ကျော်တဲ့အထိ မျက်လုံးကြောင်နေတာနဲ့ ကောင်းကောင်းအိပ်ရေးမဝခဲ့ဘူး။ အင်း. . . အစမ်းလေ့ကျင့်တဲ့အခါကျရင် ကရင်းနဲ့များ အိပ်ငိုက်နေမိဦးမလား မသိဘူး"

မရယ်ရသော ကျွန်မ၏ပြက်လုံးကို သူက အလိုက်သိစွာ ဖြင့် တိုးတိုးဖွဖွရယ်မောပေး၏။ ထို့နောက် သူနှင့်လမ်းခွဲပြီး ကျောင်း ဆီသို့ ကျွန်မ ဆက်ထွက်လာခဲ့တော့သည်။

အနုပညာခန်းမက ကျောင်း၏အပေါ်ထပ်မှာဖြစ်၏။ ကျွန်မ ရောက်သွားတော့ အနည်းငယ်ပင် နောက်ကျနေပြီဖြစ်သည်။ အနုပညာအသင်းတာဝန်ခံဆရာမက . . .

"အစမ်းလေ့ကျင့်မယ့်နေရာကို ပိုပြီးကျယ်ကျယ်ဝန်းဝန်းဖြစ်အောင် အားကစားခန်းမထဲကိုရွှေ့လိုက်တယ်၊ အဲဒီကို လိုက်သွားလိုက်နော် သမီး"

အားကစားခန်းမက ကျောင်းနောက်ဘက်ရှိ ဘောလုံးကွင်းဘေးတွင်ဖြစ်သောကြောင့် အောက်ထပ်သို့ဆင်းပြီး ကျောင်းကိုတစ်ပတ်ပတ်ရဦးမည်ဖြစ်သည်။ ကျွန်မက ခပ်သုတ်သုတ်ပင်ထွက်ခဲ့၏။

ဟိုရှေ့ခပ်လှမ်းလှမ်းတွင် ဖွန့်ကိုလှမ်းမြင်လိုက်သည်။ သူမ





က စကြံအတိုင်းလျှောက်ကာ အောက်ထပ်ဆင်းရမည့်လှေကားဆီသို့သွားနေ၏။

"ဟေ့. . . ဖွန့်"

ကျွန်မကလှမ်းအော်လိုက်သည်။ သို့ရာတွင် သူမကတော့ ကြားပုံမရ။ ကျွန်မက ခုန်ဆွခုန်ဆွလုပ်ရင်း လက်ကိုဝှေ့ယမ်းပြလိုက်သည်။

ရုတ်တရက်. . . ကျွန်မတစ်ကိုယ်လုံးကို ထူးဆန်းသည့်ခံစားမှုတစ်ခုက ဖုံးလွှမ်းသွားသည်။ ကျွန်မလက်တွေပူလောင်လာသည်။ လက်၏လှုပ်ရှားမှုကို ကျွန်မ ထိန်းချုပ်၍မရ။ လက်ဖဝါးပြင်က မီးအကင်ခံလိုက်ရသလို တဟုန်းဟုန်းပူလာသည်။

ဖွန့်ကတော့ ကျွန်မခေါ်နေသည်ကိုလည်းမကြား။ လက်ဝှေ့ယမ်းပြနေသည်ကိုလည်း မမြင်ဘဲ အောက်ဆင်းဖို့သာပြင်နေသည်။ ကျွန်မက ကသုတ်ကရက်ဖြင့် ပြေးလိုက်သွားလိုက်ရာ လှေကားထိပ်မှာပင် သူမကိုမီလာသည်။

"ဟေ့. . . ဖွန့်"

ကျွန်မကခေါ်ရင်း ဖွန့်ပုခုံးကို ညင်သာစွာလှမ်းပုတ်လိုက်၏။

"အား. . ."

ဖွန့်အော်သံက ကြောက်ခမန်းလန့်ခမန်း။ ဖွန့်လက်နှစ်ဖက်က ငှက်တောင်ပံတွေလို ဆန့်တန်းသွားသည်ကို မြင်ရ၏။

ဖွန့်ဖိနပ်က လှေကားထစ်ပေါ်မှ ချော်ထွက်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com


လည်း ကျွန်မမြင်ရသည်။

သည့်နောက်တော့ ဖွန်တစ်ယောက် လှေကားတစ်လျှောက် ဒလိမ့်ခေါက်ကွေးလိမ့်ကျသွားတော့သည်။

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း"

သူမခန္ဓာကိုယ်ကြီးတစ်ခုလုံး အောက်ထပ်ကြမ်းပြင်ပေါ် ပုံလျက်သားကျသွားသည်။ ထို့နောက် သူမ လုံးဝမလှုပ်တော့။

■



## အခန်း (၁၂)

လှေကားလက်ရန်းကို ကတုန်ကယင်ဆုပ်ကိုင်ရင်း ကျွန်မ အထိတ်တလန့်အော်ဟစ်လိုက်မိသည်။

"ဖွန်. . . ဖွန်. . . "

ဖွန်ကတော့ လှေကားရင်းတွင် မှောက်လျက်သားမလှုပ်မယှက်။ ကျွန်မက တရကြမ်းပြေးဆင်းသွားပြီး သူမကို ပုခုံးမှကိုင်ကာ ဆွဲထူရင်း တတွတ်တွတ်ခေါ်နေမိသည်။

"ဖွန်. . . ဖွန်"

ခဏကြာမှ သူမမျက်လုံးတွေ ဖြည်းဖြည်းချင်းပွင့်လာ၏။ မွေ့ထူထားသောကျွန်မကို မြင်လျှင်မြင်ချင်း နာကျင်သည့်ဝေဒနာကို ခံစားနေရသောလေသံဖြင့် . . .


www.burmeseclassic.com

www.burmeseclassic.com

"နင်. . . နင်. . . ငါ့ကို ဘာဖြစ်လို့တွန်းချရတာလဲ ဝတ်ရည်ဖြူ"

"ဘာ. . . ငါက နင့်ကိုတွန်းချတယ်ဟုတ်လား၊ မဟုတ်ဘူး မဟုတ်ဘူး၊ ငါ နင့်ပုခုံးကို ထိတယ်ဆိုရုံလေးပုတ်လိုက်တာ"

ဖွန်က ကျွန်မပွေ့ဖက်ထားမှုကို တွန်းဖယ်ပစ်ရင်း ဒူးထောက်ပြီးလူးလဲထ၏။ သူမ၏လက်ဝဲဘက်နဖူးဆံစပ်မှ သွေးများယိုစီးကျနေသည်။

ဖွန်က တပေါက်ပေါက်ကျနေသော သွေးစက်များကိုသုတ်မပစ်ဘဲ အံကြိတ်လျက် ကျွန်မကိုလှမ်းကြည့်ရင်း . . .

"ဟုတ်တယ်၊ နင် ငါ့ကိုတွန်းချလိုက်တာ"

"မဟုတ်ဘူး"

ကျွန်မက သံကုန်အော်ဟစ်လိုက်မိသည်။ ထိုအချိန်တွင် ကျောင်းသားတချို့ကလည်း လိမ့်ကျသွားသူကို အကူအညီပေးရန် အနားသို့ရောက်လာကြပြီဖြစ်ရာ ကျွန်မကို စူးစူးရဲရဲဝိုင်းကြည့်ကြ၏။ ကျွန်မက . . .

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ငါ နင့်ကိုလှမ်းခေါ်လိုက်တယ်၊ ပြီးတော့ အပြေးလိုက်လာပြီး နင့်ပုခုံးကိုလှမ်းတို့လိုက်တာ"

"လူလိမ်မ. . . နင် ငါ့ကိုလိမ်နေတယ်၊ ငါ့ကျောပြင်ကို နင့်လက်ဖဝါးက သိသိသာသာကြီး အားနဲ့ဆောင့်တွန်းလိုက်တဲ့ဥစ္စာ"

"မဟုတ်ဘူး. . . မဟုတ်ဘူး"

ကြောင်နစ်ကောင်စာအုပ်တိုက်



ကျွန်မမှာ မဟုတ်ဘူးဆိုသောစကားကို တွင်တွင်ပြောရုံမှ တပါးဘာမှမတတ်နိုင်။ ဘေးတွင်ရှိသော ကျောင်းသားတွေကလည်း စွပ်စွဲချင်သည့်မျက်လုံးများဖြင့်သာ ကျွန်မကို စူးစူးစိုက်စိုက် ဝိုင်းပြီး ကြည့်နေကြသည်။ သူတို့အကြည့်ကို ရင်မဆိုင်ရဲသောကြောင့် ကျွန်မခေါင်းငုံ့လိုက်၏။

ထိုအခါကျမှပင် ကျွန်မအကြည့်က ဖွန်စီးထားသော ဝေါကင်းရှူးဖိနပ်၏ကြိုးဆီသို့ ရောက်သွားတော့သည်။ ကျွန်မက အော်ပြောလိုက်၏။

"ဒီမှာကြည့်စမ်း ဖွန်၊ နင့်ဖိနပ်ကြိုးပြေနေတယ်တွေ့လား"

ဖွန်က သူမ၏ဖိနပ်ကိုငုံ့ကြည့်ပြီး ဝေခွဲမရဖြစ်သွားသည်။ ကျွန်မက . . .

"နင့်ဖိနပ်က ပြေနေတဲ့ဖိနပ်ကြိုးကို နင့်ဘာသာနင်းမိပြီး ချော်ကျတာပါဟာ"

ကျွန်မက အကျိုးသင့်အကြောင်းသင့် ရှင်းပြသော်လည်း ဖွန်ကလက်မခံ။ သူမက ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး . . .

"မဟုတ်ဘူး မဟုတ်ဘူး၊ ဖိနပ်ကြိုးနဲ့ဘာမှမဆိုင်ဘူး၊ နင်သက်သက်အကျင့်ယုတ်ပြီး ငါ့ကိုတွန်းချတာ၊ ငါ ခြေကျိုးခေါင်းကွဲတစ်ခုခုဖြစ်မှ အကပြိုင်ပွဲမှာ နင်အရွေးခံရမှာမဟုတ်လား"

"အို. . . မဟုတ်ဘူး. . . မဟုတ်ဘူး၊ ငါ အဲဒီလိုမယုတ်မာဘူး"

ကြောင်နစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်မတို့အချင်းချင်း တကယ့်သူငယ်ချင်းကောင်းတွေ ဖြစ်ခဲ့ကြပါလျက်နှင့် ဘာကြောင့်များ သူမက အဲဒီလိုစွပ်စွဲရပါလိမ့်။

သူမကိုတွန်းမချခဲ့ဘူးဆိုသည်ကိုတော့ ကျွန်မကိုယ်ကျွန်မသာလျှင် အသိဆုံးဖြစ်ပေသည်။

●

နေ့လည်အတန်းချိန်ပြီးသည်နှင့်တစ်ပြိုင်နက် ဖွန်တို့အိမ်သို့ ကျွန်မထွက်ခဲ့သည်။ ဖွန်တစ်ယောက် အခြေအနေကောင်းရဲ့လားဟု သိချင်သောကြောင့်ဖြစ်သည်။

ကျွန်မတံခါးခေါက်လိုက်တော့ လာဖွင့်ပေးသူက မေဖြစ်သည်။

"ဟင်. . . ဝတ်ရည်ဖြူပါလား"

သူမပုံစံက ကျွန်မကိုမြင်ရသည့်အတွက် တအံ့တသြဖြစ်နေပုံမျိုးပေါက်နေ၏။ ကျွန်မက . . .

"ဖွန်ကောဟင်. . . သူ့အခြေအနေဘယ်လိုရှိသေးလဲ၊ နေကောင်းရဲ့လား"

ဧည့်ခန်းထဲရောက်ရောက်ချင်း ကျွန်မကမေးလိုက်၏။ အခန်းထဲတွင် တီဗွီကကျယ်လောင်စွာဖွင့်ထားသည်။ မေက တီဗွီခလုတ်ကို ပိတ်လိုက်ရင်း . . .

"ဖွန့်ကိုတော့ အထူးကုဆေးခန်းမှာပဲထားခဲ့တယ်၊ နဖူးပေါက်တာကတော့ နည်းနည်းလေးပါ၊ ခြေကျင်းဝတ်ကနာနေသေးလို့ ဆရာဝန်က နားဖို့ပြောတာနဲ့ ဆေးခန်းမှာထားထားတာ"

"သူ့ခြေထောက် ဘာဖြစ်သွားတာလဲဟင်၊ ကျိုးသွားတာလား"

"ဟင့်အင်း. . . မကျိုးပါဘူး၊ အကြောတင်သွားတဲ့သဘောပါပဲ၊ ဒီညနေ အစမ်းကပွဲမှာ ပါနိုင်လိမ့်မယ်ထင်တယ်"

ထိုစကားကိုကြားလိုက်ရတော့မှပင် ကျွန်မရင်ထဲတွင် တစ်ချိန်လုံးဖိစီးနေသည့် လေးလံမှုကြီးတစ်ခုလုံး လျှောကနဲကျဆင်းကာ ပေါ့ပါးသွားတော့သည်။ ကျွန်မက တုန်ရင်သောအသံဖြင့် . . .

"သူ ဘာမှမဖြစ်ဘူးဆိုလို့ ဝမ်းသာလိုက်တာမေရယ်၊ သူက သူ့ကိုတွန်းချတာ ငါပါလို့အတင်းစွပ်စွဲနေတာ"

မေက ခေါင်းဖြီးနေရာမှ မှန်ကိုကြည့်ရင်း မှန်ထဲမှတဆင့် ကျွန်မကို သေသေချာချာအကဲခတ်နေ၏။ ကျွန်မက . . .

"အဲဒါလုံးဝမဟုတ်ဘူးနော်၊ ငါ သူ့ကိုလုံးဝတွန်းမချဘူး၊ သူ ဒုက္ခရောက်အောင် ငါ ဘာတစ်ခုမှမလုပ်ခဲ့ပါဘူးဟာ"

မေက ကျွန်မကစကားကို ချက်ချင်းမတုံ့ပြန်။ ကျွန်မ ရင်တွေခုန်လာ၏။ ခဏကြာမှ မေက . . .

"နင် သူ့ကိုတွန်းမိတာဆိုရင်တောင် မတော်တဆပဲဖြစ်မှာဆိုတာ ငါယုံပြီးသားပါဟာ၊ နင်ဟာ ဖွန့်ကို တမင်ဒုက္ခပေးမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်မှန်း ငါသိပါတယ်''

''ဝမ်းသာလိုက်တာမေရယ်၊ နင် ငါ့ကိုယုံတယ်ဆိုတာကြားရတော့ အရမ်းဝမ်းသာတာပဲ၊ တကယ်လို့သာ. . .''

ထိုအချိန်မှာပင် အခန်းတံခါးဝုန်းကနဲပွင့်သွားပြီး ပေရယ် ဝင်လာသောကြောင့် ကျွန်မ စကားစပြတ်သွား၏။ ပေရယ်က ကျွန်မကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် . . .

''နင်. . . နင် ငါ့ဆွဲကြိုးကိုရှာတွေ့ပြီလားဟင်''

ပေရယ်က အသက်ကိုပင်မရှူနိုင်ဘဲ အမောတကောမေးသည်။ ကျွန်မက စိတ်မကောင်းစွာဖြင့် ခေါင်းကိုခါပြလိုက်ပြီး . . .

''ငါ တစ်အိမ်လုံးနှံ့အောင်ရှာပြီးပါပြီဟာ၊ မတွေ့ပါဘူး၊ ကြက်တူရွေးလေးကိုမြှုပ်တဲ့ နေရာတစ်ဝိုက်မှာတောင် သွားကြည့်သေးတယ်၊ အစအနတောင်မတွေ့ပါဘူး''

''အဲဒါဆို ငါ ဘာလုပ်ရမလဲဟင်၊ ပြောပါဦး ဝတ်ရည်ဖြူ ရဲ့၊ အဲဒီလည်ဆွဲပြန်မရလို့ မဖြစ်ဘူး''

သူမက သွေးရူးသွေးတန်းဖြင့်အော်ပြောရင်း ကျွန်မပခုံးကို ကိုင်ကာ အားရှိပါးရှိကိုင်လှုပ်ဆောင့်ရမ်းနေသည်။ ပေရယ့်ပုံစံက အရူးတစ်ယောက်နှင့်တူနေသည်။ ကျွန်မက မျက်လွှာချထားရင်း လေသံတိုးတိုးဖြင့် . . .

''ငါ စိတ်မကောင်းပါဘူးဟာ၊ မတွေ့မချင်း ငါထပ်ရှာပေးပါ့မယ်''

ကြောင်နှစ်ကောင်စာအုပ်တိုက်



ထိုစကားကြောင့် ပေရယ်က ကျွန်မမျက်လုံးများထဲသို့စိုက်ကြည့်ပြီး ဘာမပြောညာမပြောနှင့် ကျွန်မကိုသိုင်းဖက်လိုက်ပြီး. . .

''ငါ နင့်ကို စွပ်စွဲနေတာမဟုတ်ဘူးနော် ဝတ်ရည်ဖြူ၊ နင်သိပါတယ်နော် ဟုတ်တယ်မဟုတ်လား၊ နင်ဟာ ငါ့ရဲ့သူငယ်ချင်းပါ၊ ငါ့အချစ်ဆုံးသူငယ်ချင်းပါဟာ''

ကျွန်မ ဘာစကားမှပြန်မပြောနိုင်ခင်မှာပင် ပေရယ်က မျက်ရည်အရွှဲသားဖြင့် အခန်းထဲမှပြေးထွက်သွားတော့သည်။

ကြောင်အမ်းအမ်းဖြစ်ကာ ကျန်နေခဲ့သောကျွန်မကို မောလှမ်းကြည့်ရင်း . . .

''ဘယ်လိုမှ မအောက်မေ့ပါနဲ့ဟာ၊ သူ့လည်ဆွဲပျောက်သွားပြီးကတည်းက အဲ့လိုပဲ၊ ပေရယ်တစ်ယောက် စိတ်ဂယောက်ဂယက်ဖြစ်နေတယ်''

စိတ်မောလူမောဖြစ်နေသောကျွန်မက အနီးဆုံးဆိုဖာပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချလိုက်၏။

သို့သော် ကျွန်မမှာ အနားယူဖို့အချိန်များများစားစားမရှိမှန်း နားလည်လိုက်သည်။ ပြန်ဖို့စကားဆိုမည့်ဆဲဆဲမှာပင် ကျွန်မအနီးဆီသို့တိုးကပ်လာသော နူးညံ့သည့်ခြေသံအစုံကို ကြားလိုက်ရလေသည်။

ထိုအသံနှင့်အတူ မေ၏အချစ်တော်ကြောင်ကြီးရွှေဝါက ကျွန်မပေါင်ပေါ်သို့ လွှားကနဲခုန်တက်လိုက်၏။

''အား. . . နင့်ကြောင်ကြီးကိုလုပ်ပါဦး''

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့. . . ရွှေဝါ၊ ဆင်းစမ်း ဆင်းစမ်း"

မေက အလန့်တကြားထအော်သည်။ သို့သော် ဒီတစ်ခါတွင်ကား အံ့ဩစရာကောင်းလောက်အောင်ပင် ရွှေဝါက ကျွန်မကိုရန်မပြုဘဲ ငြိမ်ချက်သားကောင်းနေ၏။ သူ့ဦးခေါင်းဖြင့် ကျွန်မရင်ခွင်ကိုသာ ထိုးသည်ဆိုရုံလေးတိုးဝှေ့နေသည်။

ကျွန်မရောမေပါ သည့်မြင်ကွင်းကို ခေတ္တမျှကြောင်ငေးကြည့်နေမိကြ၏။ နောက်တော့ မေက တဖြည်းဖြည်းပြုံးလာပြီး . . .

"တွေ့လား. . . ငါကောင်ကြီး ဘယ်လောက်လိမ္မာသလဲ၊ ဟိုနေ့က နင့်ကိုကုတ်လိုက်မိလို့ အခု သူက ပြန်ပြီးချွဲနေတာ ဝတ်ရည်ဖြူရဲ့"

"ငါနဲ့မဖြစ်ပါဘူးဟာ၊ နင့်ကောင်ကြီးကို ဝေးဝေးချီသွားစမ်းပါ"

"အဲဒီလိုလုပ်လိုက်ရင် နင်နဲ့ရွှေဝါနဲ့ ဘယ်တော့မှမိတ်ဆွေဖြစ်တော့မှာမဟုတ်ဘူး၊ ကဲ. . . အခု သူ့လည်ကုတ်က အမွေးတွေကို နင်ဖွဖွလေး ပွတ်ပေးကြည့်စမ်းပါ"

ကျွန်မကတော့ နှာချေချင်သည့်စိတ်ကို မနည်းထိန်းနေရ၏။ ကြောင်အမွေးတွေကိုထိတွေ့ဖို့ လက်ကလည်း မဝံ့မရဲဖြစ်နေသည်။ မေကတော့ . . .

"လုပ်စမ်းပါဟာ၊ ကြောင်ဆိုတာ ယုယုယယပွတ်သပ်ပေးတာကိုခံချင်တာချည်းပဲ"





"ငါ. . . ငါနဲ့မဖြစ်ဘူးထင်တယ်"

မေကတော့ ဖွတ်ပင် အတင်းပြောနေသည်။

"စိတ်ကိုရဲရဲသာထား၊ ကဲ. . . သူ့လည်ပင်းနဲ့ကျောကုန်းကို ဖွဖွလေးပွတ်ပေးကြည့်"

တိုက်တွန်းလွန်းမေက တိုက်တွန်းနေသောကြောင့် ကျွန်မ၏လက်ကို ကြောင်ဆီသို့ရွှေ့လိုက်သည်။

ထိုအခိုက်အတန့်မှာပင် ကျွန်မ၏လက်တွေ ခြစ်ခြစ်တောက်ပူလောင်သွားသည်ကို ခံစားလိုက်ရပြန်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကျွန်မ၏လက်အစုံက မီးတောက်မီးလျှံများပင် ထွက်လာတော့မလားဟု ထင်မှတ်ရလောက်အောင် ဟုန်းဟုန်းတောက်ပူခြစ်လာသည်။

ဘာဖြစ်ပြန်ပြီလဲဟု ကျွန်မတွေးလိုက်၏။

သည်ခံစားမှုမျိုးသည် လေ့ကားပေါ်မှ ဖွန်လီမ့်ကျခါနီးဆဲဆဲတွင် ဖြစ်ပေါ်လာသည့်ခံစားမှုနှင့် ထပ်တူထပ်မျှပင်ဖြစ်ကြောင်း ကျွန်မမှတ်မိလိုက်သည်။ ထိုအချိန်တွင် ကျွန်မရင်ခွင်ထဲမှ ကြောင်ကညောင်ကနဲတစ်ချက်အော်မြည်လိုက်သည်။

ကျွန်မ အလန့်တကြားဖြစ်သွားပြီး ကြောင်အော်သံတိတ်သွားအောင် သူ့ကျောကို လက်ဖြင့်ဖွဖွပွတ်သပ်ပေးလိုက်၏။





ထိုသို့ပြုလုပ်မိပြီးမှ ကြောင်က ကျွန်မကို ရုတ်တရက်ကုတ်ခြစ်ကိုက်ခဲလေမည်လားဟု တွေးကာ ကြောက်သွားမိသည်။

သို့သော် ကျွန်မထင်ထားသလိုဖြစ်မလာပါ၊ ကျွန်မ လက်ဖြင့်ပွတ်သပ်ပေးလိုက်သည့်အထိအတွေ့ကို ရွှေဝါက သာယာကျေနပ်သွားဟန်တူသည်။ ကျွန်မရင်ထဲတွင် ငြိမ်ငြိမ်ကလေးပြန်မှိန်းရင်း ဇိမ်ယူနေလေတော့၏။ ကျွန်မက သူလန့်ပြီး ရုတ်တရက်ကုတ်လိုက်မှာစိုးသောကြောင့် ဖြည်းဖြည်းချင်းဆက်ကာဆက်ကာ ပွတ်သပ်ပေးနေလိုက်သည်။ ရွှေဝါကား တကယ်ကိုပင် အပျင်းကြီးသောကြောင်တစ်ကောင်ဖြစ်လေသည်။

"ကဲ. . . ကြည့်စမ်း၊ အခုတော့ နင်တို့နှစ်ကောင် သူငယ်ချင်းတွေဖြစ်သွားကြပြီမဟုတ်လား"

မေက ရှင်မြူးစွာပြောရင်း သူ့အချစ်တော်ကြောင်ကြီးကို ကောက်ချီလိုက်၏။

ကျွန်မက တိုင်ကပ်နာရီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .

"ကဲ. . . ငါသွားမှဖြစ်မယ်ထင်တယ်၊ ညနေကျရင် အကပြိုင်ပွဲအတွက် အရွေးခံဖို့ရှိသေးတယ်၊ အင်း. . . ငါ့အပေါ်ကို ဖွန် အထင်မလွဲအောင်လည်း ဝိုင်းပြောပေးကြပါဦးဟာ"

ထိုစကားကို ကျွန်မက သက်ပြင်းချသံနှင့်အတူ ပြောလိုက်ခြင်းဖြစ်လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်မဆုတောင်းမပြည့်ခဲ့ပါ။ အကပြိုင်ပွဲအတွက် ရွေးချယ်ခံရမည့် မြို့နယ်ခန်းမကြီးထဲတွင် ဆုံမိကြသည့်အခါ ဖွန့်က ကျွန်မကိုမြင်သည်နှင့် ချက်ချင်း တစ်ဖက်သို့ မျက်နှာလွှဲသွား၏။

ကျွန်မက ဖွန့်နောက်သို့ပြေးလိုက်သွားသည်။ ကျွန်မတို့အားလုံး၏ကိုယ်ခန္ဓာပေါ်တွင် မင်းသမီးဝတ်စုံအပြည့်ဖြစ်သော ဘယက်ဒွါဒရာများနှင့် ခါးတောင်းအကျီ၊ ဗလာထမီတို့ကို ဝတ်ဆင်ထားသည် ဖြစ်ရာ သည်လိုအဝတ်အစားတွေနှင့် ပြေးရလွှားရခြင်းသည် အဆင်မပြေလှ။

ကျွန်မက မြေကြီးပေါ်ပုံကျနေသော ဗလာထဘီ၏အစွန်းများကို အပေါ်သို့ပြန်လှန်ကာ စုကိုင်ထားပြီး ဖွန့်အနီးသို့ အပြေးအလွှားရောက်သွားသည်။

"ဖွန့်. . . ဖွန့် အဲဒီလိုကြီးမနေပါနဲ့ဟာ၊ ငါ့ကိုခင်တယ်ဆိုရင် အရင်ကလိုစကားပြန်ပြောပါ သူငယ်ချင်းရယ်"

သို့သော် ဖွန့်ကတော့ ခံစားချက်ကင်းမဲ့သောမျက်လုံးများဖြင့် အခြားတစ်နေရာသို့ကြည့်နေ၏။ ကျွန်မရှိနေသည်ဟုပင် မထင်သလို နေပြခြင်းဖြစ်သည်။

ကျွန်မမျက်လုံးအိမ်ထဲတွင် မျက်ရည်တွေဝိုင်းလာ၏။

ဘာကြောင့် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ကြုံရတာလဲ၊ ငါ့မှာ ဘာအပြစ်မှမရှိဘဲနဲ့ အချစ်ဆုံးသူငယ်ချင်းရဲ့ အထင်လွဲတာကို ခံလိုက်ရပြီ. . .။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ချုံးပွဲချပြီး အော်မငိုလိုက်မိစေရန် ကျွန်မနှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်ရ၏။

ထိုအချိန်တွင် ကျွန်မတို့ကိုအကသင်ပေးသည့် ယဉ်ကျေးမှုဌာနမှ နည်းပြဆရာမက ကျွန်မကို လက်ယက်ပြီးလှမ်းခေါ်လိုက်သည်။

"ဝတ်ရည်ဖြူ. . . သမီးက အရင်ဆုံးစပြိုင်ရမှာ၊ ကဲ အဆင်သင့်ဖြစ်ပြီလား"

ကျွန်မက ကိုယ့်ကိုယ်ကို မှန်ထဲတွင် စိတ်ကျေနပ်လောက်အောင် သေသေချာချာစစ်ဆေးကြည့်လိုက်ပြီး . . .

"သမီး အသင့်ဖြစ်ပြီဆရာမ"

ဆရာမက CD Player ထဲသို့ ကျွန်မတို့ကရမည့် တီးလုံးစီဒီကိုထည့်လိုက်သည်။ လိုက်ကာကြိုးဆွဲမည့်သူကိုလည်း အချက်ပြလိုက်၏။ ကျွန်မက စင်ပေါ်သို့တက်သွားပြီး လိုက်ကာနောက်မှနေ၍ အမှတ်ပေးကော်မတီနှင့် ပရိတ်သတ်များဘက်သို့မျက်နှာမူကာ အသင့်ရပ်နေလိုက်သည်။

စိတ်ကိုငြိမ်ငြိမ်ထားစမ်း ဝတ်ရည်ဖြူ. . .။ ကိုယ်ရေးကိုယ်တာခံစားချက်တွေကို မေ့ပစ်လိုက်တော့. . .။ ဒီအချိန်ဟာ ဘဝမှာအကောင်းဆုံးကြိုးစားပြဖို့ တစ်ကြိမ်ထဲစ်ခါပဲ အခွင့်အရေးရတဲ့အချိန်ပဲ။ အသက်ကိုမှန်မှန်ရှူ။ စိတ်ကိုကြည်လင်အောင်ထား. . .။

ကျွန်မ ကိုယ့်ကိုယ်ကို သတိပေးနေစဉ်မှာပင် ငြိမ့်ညောင်းသောတီးလုံးသံကို စကြားရသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါပြည်ဖုံးကားကြီးက တဖြည်းဖြည်းပွင့်သွား၏။ ရောင်စုံမီးဆလိုက်များက ကျွန်မကိုယ်ပေါ်သို့ ထိုးကျလာသည်။

အကောင်းဆုံးကကွက်ကို ကျွန်မ စတင်ခင်းကျင်းလိုက်သည်။

အနုပညာလိပ်ပြာသည် ကျွန်မကို ခေါ်ဆောင်သွားလေသည်။

●

လက်ခုပ်သံများအဆုံးနှင့် ကတ္တီပါပြည်ဖုံးကားကြီးကျသွားသည့်အခါ ကျွန်မကိုယ်ကျွန်မ ကျေနပ်အားရစွာခံစားရ၏။

ကျွန်မဘဝတစ်လျှောက်လုံးတွင် အကောင်းဆုံးကကြိုးဖြစ်သည်ဟု မဆိုနိုင်စေကာမူ အမှားအယွင်းလုံးဝမရှိဘဲ ကပြနိုင်ခဲ့သည်ကတော့ သေချာသည်။

စင်ပေါ်မှဆင်းလာသောအခါ ဆရာမက ကျွန်မပါးကို ဖျစ်ညှစ်ဆွဲလိမ်ရင်း . . .

''ဝတ်ရည်ဖြူ . . . သမီး အရမ်းတော်တာပဲကွယ်၊ သမီးကို သင်ပေးရကျိုးနပ်လိုက်တာ''

ပီတိစကားကြောင့် ကျွန်မရင်ထဲတွင် ဆို့ဆို့နင့်နင့်ဖြစ်သွား၏။

နောက်ထပ်ယှဉ်ပြိုင်ရမည့်သူများက ဝေဝေဟုခေါ်သော မိန်း





ကလေးတစ်ယောက်၊ ပြီးလျှင် မျိုးနန္ဒာဆိုသော ကျွန်မသူငယ်ချင်း။ နောက်ဆုံးတွင်မှ ဖွန့်အလှည့်ဖြစ်သည်။

ကျွန်မက ဇာတ်ခုံနောက်ဘက်ရှိ ပလတ်စတစ်ကုလားထိုင်တစ်လုံးတွင်ထိုင်ရင်း သူတို့အလှည့်ကိုစောင့်ကြည့်နေလိုက်သည်။ ဝေဝေက အစိုးရိမ်လွန်ကဲတတ်သူဖြစ်ပြီး အနည်းငယ်ပျာယာခတ်သည်။ ထို့ကြောင့် သူမအလှည့်တွင် စည်းအဝင်အထွက်တွေ အမှားအယွင်းများနေ၏။

မျိုးနန္ဒာကတော့ မဆိုးလှ။ သို့သော် သူမက ပုပုဝဝခန္ဓာကိုယ်နှင့်ဖြစ်ရာ ကြည့်မကောင်းဘဲဖြစ်နေသည်။ နောက်ပြီး ခန္ဓာကိုယ်အလေးချိန်များသောကြောင့် ခြေအနှုတ်အသိမ်း၊ အကွေ့အလှည့်တို့တွင် သိသိသာသာကြီးလေးလံနေလေသည်။ ကကြိုးမဆိုးမိမှာပင် သူမမောဟိုက်နေရှာ၏။

နောက်ဆုံးအလှည့်ကား ဖွန့်အလှည့်ပင်ဖြစ်တော့သည်။ သူမက ကန့်လန့်ကာမဖွင့်ခင် ဒဏ်ရာရထားသောခြေထောက်ကို ဆကာဆကာ ထောက်ကြည့်စမ်းကြည့်နေသည်ကို တွေ့ရတော့ ကျွန်မစိတ်ထဲမကောင်း။ ဘုရား . . . ဘုရား သူမဒီဒဏ်ရာကြီးနဲ့ ကလို့မှဖြစ်ပါ့မလား။

ကျွန်မတွေးနေစဉ်မှာပင် ဖွန့်မှ ဒဏ်ရာရထားသောခြေထောက်ဖြင့် ဗလာထဘီအနားစကိုခတ်ကာ လက်ဖျားဖြင့်လှမ်းဖမ်းကြည့်သည်။ အဆင်ပြေ၏။ ကျွန်မကတော့ ရင်တမမနှင့်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်အတန့်မှာပင် တီးလုံးသံနှင့်အတူ ကတ္တီပါကား လိပ်က ပွင့်သွားလေတော့သည်။ ဖွန်၏ သွက်လက်ငြိမ့်ညောင်းသော ဟန်က စကတည်းကပင် ကြည့်နေသူအားလုံး၏အာရုံကို ဖမ်းစား လိုက်နိုင်သည်။

တီးလုံးသံ ပထမပိုဒ်အချမှာပင် လပ်ခုပ်သံတွေတဖြောင်း ဖြောင်းနှင့် ဆူညံသွား၏။ (အဲဒီထဲတွင် ကျွန်မလက်ခုပ်သံက အကျယ် ဆုံးဖြစ်မည်ထင်ပါသည်။ ကျွန်မဘေးတွင်လာရပ်ကာ အတူကြည့်နေ ကြသည့် ဝေဝေနှင့်မျိုးနန္ဒာတို့က. . .

"ဟယ်. . . ဖွန်က အရမ်းတော်တာပဲနော်"

"ပါရမီရှိတယ်ဆိုတာ ဒါမျိုးကိုခေါ်တာပေါ့"

ကျွန်မက မျိုးနန္ဒာ၏စကားကို စိတ်ထဲမှကျိတ်ပြီး ထောက် ခံလိုက်၏။ ဟုတ်တယ်. . . ဖွန်ဟာ တကယ့်ကို အကပါရမီရှင်တစ် ယောက်ပဲ။

ထိုအချိန်တွင် ဖွန်က ဗလာထဘီအနားစကို ညင်ညင်သာ သာခတ်တင်ကာ လက်ဖျားနှင့် လုလုပပသိမ်းရင်း ကိုယ်ကိုတစ်ပတ် လှည့်ပြီး ညက်ညောစွာကပြလိုက်သည်။

ကျွန်မတို့သုံးယောက်သား ရင်သပ်ရှုမောဖြစ်ရလေသည်။

ဖွန်က နောက်ထပ်တစ်ပတ်လှည့်၍ကပြန်သည်။ ပြီးတော့ နောက်ထပ်တစ်ပတ်၊ စည်းနှင့်ဝါးနှင့်လည်းမဟုတ်တော့ဘဲ အရှိန်က တစ်ပတ်ပြီးတစ်ပတ် ပိုမြန်လာသည်။





ဝေဝေက . . .

"ဟင်. . . ဒီအကွက်ကများနေပြီထင်တယ်"

"သက်သက်ပညာပြချင်လို့များလား မသိဘူး"

မျိုးနန္ဒာကလည်း သူမ၏အထင်ကိုပြောလိုက်၏။ ထိုအခိုက် အတန့်တွင် ကျွန်မလက်တွေ ဘဆစ်ဆစ်တရှိန်းရှိန်းနှင့် ပူတက်လာ သည်။ ကျွန်မလက်ဝါးအစုံကို ငုံ့ကြည့်လိုက်၏။

အား. . . ပူလိုက်တာ။

ကျွန်မလက်ဖဝါးတွေ မီးတောက်ကုန်ပြီထင်သည်။ ထိုအချိန် မှာပင် ကျွန်မဘေးက ဝေဝေနှင့်မျိုးနန္ဒာတို့၏ ကြောက်လန့်တကြား အော်ဟစ်သံကို ကြားလိုက်ရသည်။

"အမယ်လေး. . . ဟိုမှာ လုပ်ကြပါဦး"

"သူ. . . သူ. . . ရပ်လို့မရတော့ဘူးထင်တယ်"

ကျွန်မ စင်ပေါ်ကိုလှမ်းကြည့်လိုက်တော့ ဖွန့်တစ်ကိုယ်လုံး သည် ဒယီးဒယိုင်ဖြစ်ကာ ချာလပတ်ဝှေ့ယမ်းနေသည်။ လေပွေတစ်ခု တိုက်ခတ်နေသလိုမျိုး အရှိန်ကလည်း ပြင်းထန်လှ၏။ ဖွန့်မျက်နှာက တစ်စုံတစ်ရာကို ကြောက်လန့်တကြား တောင်းပန်နေဟန်မျိုး. . .၊ သူမပါးစပ်ကို အကျယ်ကြီးဟထားသော်လည်း အသံတစ်စက်မှ ထွက်မလာ။

အမှတ်ပေးကော်မတီဝင်များနှင့် ပရိတ်သတ်များလည်း ဝရုန်း သုန်းကားဖြစ်ကုန်ကြသည်။ မျိုးနန္ဒာက ငယ်သံပါအောင်အော်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ဖွန့်ကိုကယ်ပါဦး၊ သူ ဘာဖြစ်နေလဲမသိဘူး"

ထိုအခိုက်အတန့်တွင် ကျွန်မလက်အစုံက ဟုန်းကနဲ ပြင်းထန်သောအပူဒဏ်ကို ခံစားလိုက်ရသောကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်မိတော့သည်။ ကျွန်မ၏လက်အစုံ ပေါက်ကွဲထွက်သွားမည်ဟု ထင်ရသောကြောင့်ဖြစ်၏။

စင်ပေါ်ကိုလှမ်းကြည့်လိုက်တော့ ဖွန်သည် တစ်ပတ်ပြီးတစ် ပတ် အရှိန်ပြင်းပြင်းလည်နေရာမှ ဇာတ်ခုံကြမ်းပြင်ပေါ် ဝုန်းကနဲပစ် လဲကျသွားသည်။ သူမနှုတ်ခမ်းမှ . . .

"အောင်မယ်လေး. . . ကယ်ကြပါဦး"

သည့်စကားတစ်ခွန်းကိုသာ ရေရွတ်နိုင်ပြီးနောက် သူမ ငြိမ်သက်သွားလေသည်။

■





## အခန်း (၁၄)

"ဆရာမ ဆရာမ. . . ဖွန်ဘာဖြစ်သွားလဲဟင်"

ကျွန်မက သူရူးတစ်ယောက်လို တတွတ်တွတ်မေးရင်း ယောက်ယက်ခတ်နေ၏။

"ဟဲ့ ဟဲ့. . . ဖယ်ကြ ဖယ်ကြ၊ လူနာနားမှာ အများကြီး ဝိုင်းမအုံရဘူး"

ဆရာမက သတိလစ်နေပုံရသောဖွန့်ကို ယပ်ခတ်ပေးရင်း အနားသို့ဝိုင်းအုံလာသော လူအုပ်ကြီးကို နောက်ဆုတ်ခိုင်းနေသည်။ အမှတ်ပေးကော်မတီဝင်တစ်ယောက်က . . .

"ဆေးရုံကို ဖုန်းမြန်မြန်ဆက်ကြပါ၊ ဒီကို လူနာတင်ယာဉ် တစ်စီးလောက်လွှတ်ပေးပါလို့ပြော"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မမျက်လုံးထဲမှာတော့ အရာရာသည်မှုန်ဝါးပြီး ရှုပ်ယှက်ခတ်နေသည်။ လူတွေကလည်း ဟိုပြေးလိုက်သည်လွှားလိုက်နှင့် တစ်ယောက်တစ်ပေါက်ပြောနေသော စကားသံများမှာလည်း ဆူညံနေ၏။

"ဖွန်. . . သမီး. . . ဖွန်"

ဆရာမကတော့ ဖွန့်ကို ညင်ညင်သာသာခေါ်ကြည့်နေသည်။ ခဏကြာတော့ ဖွန့်ခန္ဓာကိုယ်က အနည်းငယ်လှုပ်လှုပ်လာ၏။ နာကျင်စွာညည်းတွားသံလည်း ပေါ်ထွက်လာသည်။

"အား. . . နာတယ် ဆရာမ၊ သမီးနံရိုးကြားက အောင့်နေတယ်"

"မထနဲ့ဦးသမီး၊ ငြိမ်ငြိမ်လေးလှဲနေ၊ သမီးလဲကျတုန်းက ကြမ်းပြင်နဲ့ဆောင့်မိပြီး နံရိုးကျိုးသွားလားမသိဘူး"

ဖွန်က နာကျင်မှုဝေဒနာကြောင့် တကျွတ်ကျွတ်စုတ်သပ်ရင်း မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်ကြည့်၏။ ကျွန်မက စိတ်ပူပန်စွာဖြင့်. . .

"ဖွန်. . . နင်မကြောက်နဲ့နော်၊ ခဏနေရင် ဆေးရုံကကားရောက်လာတော့မှာ၊ နင်. . . နင် ဘာမှမဖြစ်ဘူး၊ ကောင်းသွားမှာပါဟာ"

ဖြုန်းကနဲ အခြေအနေက မျှော်လင့်မထားလောက်အောင် ပြောင်းလဲသွားသည်။ ကျွန်မကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဖွန့်မျက်လုံးတွေက မာန်ဖီနေသောမြွေဟောက်တစ်ကောင်၏မျက်လုံးတွေ





လို အရောင်တဝင်းဝင်းတောက်လာကြသည်။

"ဝတ်ရည်ဖြူ. . . ဒါ နင့်လက်ချက်ပဲ"

ကျွန်မ မယုံနိုင်အောင်ဖြစ်သွားပြီး . . .

"ဘာ. . . နင်ဘာပြောလိုက်တယ် ဖွန်"

"ငါ အခုလိုဒုက္ခရောက်သွားအောင် နင်လုပ်တာ၊ နင်လုပ်တာပဲဖြစ်ရမယ်"

"သမီး ငြိမ်ငြိမ်လေးလှဲနေ၊ သမီးကို ဘယ်သူမှမလုပ်ပါဘူး၊ စိတ်အေးအေးထားနော် သမီး၊ ဘာမှကယောင်ချောက်ချားတွေ လျှောက်တွေးမနေနဲ့"

ဆရာမက ဝင်ပြီးဖျောင်းဖျသော်လည်းမရ။ ဖွန်က နာကျင်စွာ တညည်းညည်းတညူညူဖြစ်နေသည့်ကြားမှ . . .

"ရဲဝေါင်စိုးကို မြက်ရိတ်စက်ရှုပြီး ဒဏ်ရာရအောင်လုပ်လိုက်တာလည်း နင်ပဲ၊ ကြက်တူရွေးလေးသေအောင် ကျိန်ဆဲလိုက်တာလည်း နင်ပဲ၊ ငါ့ကို အခုလိုဖြစ်အောင်လုပ်တာလည်း နင်ပဲ"

သူမ၏လက်ညှိုးက ကျွန်မမျက်နှာဆီသို့ တည့်တည့်ထိုးထားသည်။ လူတွေအားလုံးကလည်း ကျွန်မတို့အနီးသို့ ဝိုင်းအုံလာ ကြ၏။ ဖွန်က နာကျင်မှုကိုအံကြိတ်ခံရင်း . . .

"အား. . . ကျွတ် ကျွတ်. . . အကြားအမြင်ဆရာမကြီးပြောတာမှန်တယ်၊ နင်ဟာ မကောင်းဆိုးဝါးမပဲ ဝတ်ရည်ဖြူ"

ထိုစကားများကိုပြောပြီးသည်နှင့် သူမ ပြန်ပြီးသတိလစ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။ ဝိုင်းအုံနေသောလူတွေအားလုံး၏အကြည့်က ကျွန်မထံသို့ စုပြုံရောက်လာကြသည်။

သူတို့မျက်လုံးများ၏အဓိပ္ပါယ်ကို ကျွန်မ ကောင်းကောင်း ဘာသာပြန်တတ်ခဲ့ပါသည်။ သူတို့အကြည့်က ဖွန်၏စွပ်စွဲချက်များကို အမှန်တရားဟု ထောက်ခံနေသည့်အဓိပ္ပါယ်. . .၊ ကျွန်မကို တကယ့် မကောင်းဆိုးဝါးတစ်ကောင်အဖြစ် သတ်မှတ်လက်ခံလိုက်ကြသည့် အဓိပ္ပါယ်ပင်ဖြစ်သည်။

ကျွန်မနှလုံးသားထဲမှ ဒေါသနှင့်နာကျင်မှုတို့ကို မျိုသိပ်မထားနိုင်တော့ဘဲ ဖွင့်ချအော်ဟစ်ပစ်လိုက်တော့သည်။

"ကျွန်မ မကောင်းဆိုးဝါးမဟုတ်ဘူး. . .၊ ကျွန်မ မကောင်းဆိုးဝါးမဟုတ်ဘူး"

■





## အခန်း (၁၅)

ဆေးရုံမှ လူနာတင်ယာဉ်ရောက်လာကာ ဖွန့်ကိုခေါ်သွားပြီးသည့်နောက်တွင်ကား ခန်းမကြီးအတွင်းတွင် လူတွေ ဟိုနားတစ်စု သည်နားတစ်စု စကားတီးတိုးပြောရင်း ကျန်ရစ်ခဲ့လေတော့သည်။ ဆရာမကလည်း ဖွန်တို့အိမ်သို့ဖုန်းဆက်၍ ရုံးခန်းဆီသို့ထွက်သွား၏။

ဝေဝေနှင့်မျိုးနန္ဒာတို့က တီးတိုးတီးတိုးခေါင်းချင်းရိုက်ကာ ဆွေးနွေးရင်း ကျွန်မကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်သည်။ ကျွန်မအကြောင်း အတင်းပြောနေကြခြင်းသာဖြစ်လေသည်။ သူတို့အားလုံးကို ကျွန်မ ဥပေက္ခာပြုထားလိုက်သည်။

အဝတ်လဲခန်းထဲသို့ဝင်ကာ မင်းသမီးဝတ်စုံကိုချွတ်ပစ်လိုက်ပြီး တီရှပ်နှင့်ဂျင်းစကတ်ကို လဲလှယ်လိုက်၏။ ပြီးတော့ အပေါ်က



www.burmeseclassic.com

www.burmeseclassic.com

ဂျာကင်အင်္ကျီကိုပါ ထပ်မံဝတ်ဆင်လိုက်သည်။ နောက်. . . ဝေါ့ကင်းရှူး ကိုစီးရင်း ကြိုးကိုခပ်လျော့လျော့ချည်နှောင်လိုက်၏။

ဖိနပ်ကြိုးချည်ရင်း ကျွန်မလက်အစုံကို ကျွန်မပြန်ကြည့်လိုက်သည်။ အခုတော့ သည်လက်တွေက ဘာမှမဖြစ်သလိုပါပဲလား။

အဖြစ်ဆိုးတစ်ခုခုပေါ်ပေါက်ခါနီးတိုင်း ကျွန်မလက်တွေ ဟုန်းဟုန်းတောက်ပူလာတတ်သည်မှာ တိုက်ဆိုင်မှုပဲလား၊ ဒါမှမဟုတ် ကြိုတင်သတိပေးချင်တာပဲလား၊ ဒါမှမဟုတ် အဲဒီဖြစ်ရပ်ဆိုးတွေကို သည်လက်က ဖန်တီးနေတာလား. . .။

ဒါကတော့ လုံးဝမဖြစ်နိုင်။ ကျွန်မအနေဖြင့် ဖွန့်အပေါ် မည်သည့်မုန်းတီးမှုမှမရှိခဲ့သလို ဘယ်လိုမှ ထိခိုက်နာကျင်စေလိုသော ဆန္ဒလည်းမရှိခဲ့။ သည်လက်တွေကိုအသုံးချပြီး တစ်စုံတစ်ရာအဖြစ်ဆိုးပေါ်ပေါက်အောင် လုပ်လည်းမလုပ်၊ လုပ်နိုင်စွမ်းလည်းမရှိသော သာမာန်လူတစ်ယောက်သာဖြစ်သည်။

ဒါဖြင့် ဘာဖြစ်လို့ ဖွန့်က ကျွန်မကို တစ်ဖက်သတ်စွပ်စွဲနေရတာပါလိမ့်။

ဝမ်းနည်းလာသောကြောင့် ထိုအတွေးတွေကို မေ့ပစ်ရန်ကြိုးစားပြီး အဝတ်လဲခန်းအပြင်သို့ထွက်ခဲ့သည်။ ခန်းမအဝင်ဝအနီးတွင် ရပ်နေသော ဆရာမက ကျွန်မကိုမြင်သွားပြီး . . .

"ဖွန့်ပြောတာတွေကို စိတ်ထဲဘယ်လိုမှမအောက်မေ့ပါနဲ့ကွယ်၊ သူ ကယောင်ကတမ်းဖြစ်ပြီး ပြောမိပြောရာတွေ လျှောက်ပြောမိတာပါ"

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ဟုတ်ကဲ့ပါ ဆရာမ"

"ဖွန့်တစ်ယောက် ဘယ့်နှယ့်ကြောင့် အဲဒီလိုဖြစ်သွားရသလဲတော့ မပြောတတ်ဘူး၊ ဩော်. . . ဒါနဲ့ စိတ်မကောင်းတဲ့ကြားကပဲ ဝမ်းသာစကားပြောရဦးမယ်၊ အမှတ်ပေးကော်မတီက သမီးကို ရွေးချယ်လိုက်ပြီ၊ ကွန်ဂရက်ကျူလေးရှင်းပါ သမီး"

ဆရာမ၏ဂုဏ်ပြုမှုကို ဝမ်းမသာနိုင်ဘဲ ကျွန်မရင်ထဲတွင် တင်းကြပ်နေသည်။ ထို့ကြောင့် ခေါင်းကို ညိတ်ရုံသာညိတ်ပြလိုက်သည်။ ဆရာမက မျက်စိမျက်နှာပျက်နေသော ကျွန်မကို ကရုဏာသက်စွာကြည့်ပြီး . . .

"ဖွန့်ပြောသွားတဲ့စကားတွေအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ သမီး ဘာမှမလုပ်ဘူးဆိုတာ ဆရာမတို့သိနေတာပဲ၊ ဖွန့်လည်း နေကောင်းသွားတဲ့အခါကျရင် သူ့စကားလွန်သွားတဲ့အတွက် လာတောင်းပန်လိမ့်မယ်ထင်ပါတယ်ကွယ်"

"ရပါတယ် ဆရာမ၊ ကိစ္စမရှိပါဘူး၊ သမီးပြန်တော့မယ်"

"အေး. . . အေး"

ခန်းမရှေ့ထွက်လာခဲ့ပြီး ကားလမ်းပေါ်ချိုးကွေ့လိုက်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိတော့မလိုဖြစ်သွား၏။ ထိုသူက ဘေးသို့အသာတိမ်းရှောင်လိုက်ရင်း . . .

"အမယ်လေး. . . ဖြည်းဖြည်းလုပ်ပါကွာ၊ ဝင်တိုက်မိပါဦးမယ်"

"ဟင်. . . "

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်နေရာတွင် ရဲဂေါင်စိုးကိုတွေ့လိုက်ရသောကြောင့် ကျွန်မ အံ့သြသွားသည်။

"ဘာလာလုပ်တာလဲဟင်"

"မင်းနောက်ကိုလိုက်လာတာလေ"

"ရှင်. . . ဘာပြောတယ်"

သူက ရယ်မောလိုက်ပြီး . . .

"အလကားစတာပါ၊ မနက်က မင်းပြောသွားတယ်မဟုတ်လား. . .၊ ဒီညနေ ဖိုင်နယ်လူရွေးပွဲဆို၊ အဲဒါကြောင့် မင်းကတာကို လာကြည့်တာ၊ ဩော်. . . ဒါနဲ့ ဖွန်က ကနေတုန်းဘာဖြစ်သွားတာလဲဟင်"

သူ့အမေးကြောင့် ကျွန်မငိုချင်လာသည်။

"ဘာဖြစ်သွားတာလဲတော့ ကျွန်မမသိဘူး၊ ဒါပေမဲ့ သူက ကျွန်မကြောင့်ဖြစ်တာလို့ စွပ်စွဲသွားတယ်၊ ကျွန်မကိုလည်း မကောင်းဆိုးဝါးလို့စွပ်စွဲသွားတယ်"

"ဘာ. . . မကောင်းဆိုးဝါး ဟုတ်လား"

ကျွန်မက မနက်တုန်းက ကျောင်းမှာ ဖွန်တစ်ယောက် လေ့ကျင့်ဖို့ ကားပေါ်မှလိမ့်ကျပြီး ကျွန်မတွန်းချသည်ဟုစွပ်စွဲသည်မှအစပြု၍ တစ်ခုမကျန်ပြောပြလိုက်သည်။

ကျွန်မစကားဆုံးသောအခါ ရဲဂေါင်စိုးက ခေါင်းကို မသိမသာခါယမ်းလိုက်ပြီး . . .





"ဒါဆို တိုက်ဆိုင်တာက တစ်ရက်အတွင်း နှစ်ခါတောင်ဖြစ်တာပေါ့ဟုတ်လား"

"ဟုတ်တယ်"

သူက ကျွန်မကို မသင်္ကာသလိုကြည့်နေသည်။ ကျွန်မက. . .

"ကျွန်မ ဖွန့်ကိုဘာမှမလုပ်ဘူး၊ ကျွန်မ မကောင်းဆိုးဝါးလည်းမဟုတ်ဘူး"

"ဩော်. . . ဟုတ်လား. . . အင်း"

သူ့အသံက လိုက်လှဲမှုမပါ။ ဝတ်ကျေတန်းကျေသာဖြစ်၏။ ကျွန်မက . . .

"ရှင် ကျွန်မကိုမယုံဘူးလား"

"ယုံ. . . ယုံပါတယ်"

သူက ကျွန်မမျက်လုံးများကို တည့်တည့်မကြည့်ဘဲ ခေါင်းငုံ့ထားလျက်က ဖြေလိုက်ခြင်းဖြစ်သည်။

ကျွန်မ နားလည်လိုက်သည်။ ဩော်. . . သူကတောင် ငါ့ကို မယုံဘူးကိုး. . .။

"ဟင့်. . . ဟင့်. . ."

ကျွန်မကိုယ်ကျွန်မ မထိန်းချုပ်လိုက်နိုင်ခင်မှာပင် ငိုရှိုက်သံထွက်ပေါ်လာ၏။

ကျွန်မ သူ့ကို တွန်းဖယ်ပစ်လိုက်ပြီး အိမ်ဆီသို့ တစ်ဟုန်ထိုး



www.burmeseclassic.com

www.burmeseclassic.com

အပြေးပြန်လာခဲ့တော့သည်။

●

နောက်တစ်နေ့မနက်စောစောမှာပင် ဖွန်တို့အိမ်သို့ ကျွန်မ ထွက်ခဲ့သည်။ စောစောက ဖုန်းထဲမှာလှမ်းမေးလိုက်တုန်းကတော့ ဖွန့် အဖေနှင့်အမေတို့သည် မနေ့ညကတည်းက ဆေးရုံမှာစောင့်အိပ်ကြပြီး အခုထိ ပြန်မလာကြသေးဟု ဆိုသည်။

သို့သော် ကိစ္စမရှိပါ။ ကျွန်မ အဓိကတွေ့လိုသည်က ပေရယ်နှင့်မေတို့ကိုသာဖြစ်သည်။ ကျွန်မက သူတို့နှင့်စကားပြောချင်နေသည်။

ကျွန်မရောက်သွားတော့ တံခါးကိုလာဖွင့်ပေးသူက မေဖြစ်သည်။ မေ့မျက်လုံးတွေက နီရဲနေကြ၏။ ငိုထားဟန်တူသည်။ မေက ကျွန်မကိုမြင်လိုက်သည်နှင့် အလောတကြီးပင် . . .

"ဖွန် ဘာဖြစ်သွားတာလဲဟင် . . .၊ ဘာဖြစ်သွားတာလဲ၊ အခြေအနေအရမ်းဆိုးသလား၊ သူ . . . သူ နေကောင်းသွားမှာပါနော်"

"ကောင်းသွားမှာပါမေရယ်၊ စိတ်မပူပါနဲ့"

ကျွန်မက သိပ်ပြီးခွန်အားမရှိလှသောလေသံဖြင့်ပင် မေ့ကို နှစ်သိမ့်ရလေတော့သည်။ ညှော်ခန်းထဲမှာထိုင်မိကြတော့ မေက. . .

"ဘယ်လိုဖြစ်သွားတာလဲဟင်၊ သူ တစ်ခုခုကိုနင်းမိပြီး ချော်





လဲတာလား"

ကျွန်မနှုတ်မှ စကားလုံးများထွက်မလာ။ ပြောရမှာခက်ခဲနေသည်။ နောက်ဆုံး မပြောလျှင်မဖြစ်တော့သောကြောင့် ဖွန်တစ်ယောက်ကနေရင်း ခန္ဓာကိုယ်ကို တစ်ပတ်ပြီးတစ်ပတ်လှည့်ရာမှ အရှိန်မထိန်းနိုင်တော့ဘဲ မြန်သထက်မြန်လာပြီး လဲကျကာ နံရိုးကို ထိခိုက်သွားသည့်အကြောင်း ပြောပြလိုက်သည်။

ကျွန်မစကားဆုံးတော့ မေက ကြေကွဲစွာခေါင်းကိုခါယမ်းရင်း. . .

"ငါ. . . ဖွန့်ကိုသနားလိုက်တာ ဝတ်ရည်ဖြူရယ်၊ သူ ဒီပြိုင်ပွဲမှာ အရွေးခံရအောင်လို့ အရမ်းကိုကြိုးစားထားခဲ့တာ၊ ပြီးတော့ အရမ်းလည်းမျှော်လင့်ထားတယ်"

ကျွန်မ ခေါင်းကိုသာညိတ်ပြလိုက်ရတော့သည်။ ပြောစရာ ဘာစကားမှမရှိသည်ပဲလေ။ ထိုစဉ် အတွေးတစ်ချက်က ခေါင်းထဲမှာ လက်ကနဲပေါ်လာ၏။

ဖွန် သတိမလစ်မီနောက်ဆုံးအချိန်တွင် ကျွန်မကို မကောင်းဆိုးဝါးအဖြစ်စွပ်စွဲသွားသည့်အကြောင်း မေ့ကိုပြောပြလိုက်ရင် ကောင်းမလား။

ဟင့်အင်း. . . မပြောတာကောင်းမည်ထင်သည်။ ဆရာမ သုံးသပ်သလိုပင် ဖွန်တစ်ယောက်ဝေဒနာကြောင့် ကယောင်ကတမ်း ပြောသွားခြင်းသာ ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

မေက ဧည့်ခန်းထဲတွင် ဂနာမငြိမ်စွာ လူးလာခေါက်တုံ့ လျှောက်နေရာမှ ဖြုန်းကနဲရပ်တန့်လိုက်၏။ သူမ၏အမူအရာကလည်း ချက်ချင်းဆိုသလိုပင် ပြောင်းသွားသည်။မေက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် . . .

“ဒါနဲ့ နင့်ကို ငါ တစ်ခုမေးစရာရှိတယ် ဝတ်ရည်ဖြူ”

“ဟမ် . . . ဘာလဲ”

“မနေ့က နင် ငါ့ကြောင်ကြီးရွှေဝါကို ပွတ်သပ်ပေးခဲ့တာ မှတ်မိသေးလား”

“မှတ်မိတာပေါ့၊ နင့်အကောင်က ငြိမ်ပြီးသဘောကျနေလို့ ငါတောင် အံ့သြမိသေးတယ်၊ အဲဒါ ဘာဖြစ်လို့လဲ”

ကျွန်မကမေးလိုက်သော်လည်း မေက စကားကိုဆက်ပြော ရန် အားယူနေရဟန်ရှိသည်။ ပြီးမှ . . .

“နင်က သိတဲ့အတိုင်းပဲ၊ မိတ်ကပ်တွေ SKIN CARE တွေ အမျိုးမျိုး အသစ်ပေါ်တိုင်း စမ်းသုံးကြည့်နေတာဆိုတော့ မနေ့က ကော နင့်လက်ကို Lotion တွေဘာတွေ လိမ်းလာသေးလား”

“ဟင့်အင်း . . . မလိမ်းပါဘူး၊ဘာဖြစ်လို့လဲဟင်”

“မေက မျက်မှောင်တစ်ချက်ကုတ်သွားပြီး . . .

“နေဦး . . . နင့်ကိုငါပြမယ်”

ပြောပြောဆိုဆိုနှင့် အခန်းထဲမှပြေးထွက်သွားသည်။ နောက် မိနစ်အနည်းငယ်အကြာမှာပင် အခန်းထဲသို့ သူမ ပြန်ရောက်လာသည်။





မေ့လက်ထဲတွင်တော့ ကြောင်ကြီးရွှေဝါကို ပွေ့ချီလျက်သား . . .။ ရွှေဝါက လုံးထွေးထားသောအဝတ်စတစ်စလို ပျော့ခွေကာပါလာ သည်။ မေက ကျွန်မမျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး . . .

“သေသေချာချာပြန်စဉ်းစားစမ်းဟာ၊ မနေ့က နင် ကျောင်း ဓါတ်ခွဲခန်းထဲက တစ်ခုခုကိုကိုင်ပြီး လက်မဆေးဘဲနေမိသေးသလား”

သည်တစ်ခါ မျက်မှောင်ကုတ်ရသူက ကျွန်မအလှည့်ဖြစ် သည်။ မေ ဘာကိုရည်ရွယ်ပြီး မေးနေသလဲဆိုသည်ကို ကျွန်မ နား မလည်နိုင်တော့ ကျွန်မက . . .

“ဟင့်အင်း . . . ဘာကိုမှမကိုင်ပါဘူး၊ ဘာဖြစ်လို့လဲဟင်”

“ကဲ . . . ဒီမှာကြည့်”

မေက စိတ်တင်းမာနေသည့်လေသံဖြင့် ခပ်ပြတ်ပြတ်ပြော ပြီး သူ့လက်ထဲမှရွှေဝါကို ကြမ်းပြင်ပေါ်ချလိုက်၏။ ကျွန်မက ရွှေဝါ ၏ကျောပြင်ကို ငုံ့ကြည့်လိုက်မိရာ . . .

“ဟာ . . .”

ထိတ်လန့်တကြားရေရွတ်လိုက်မိသည်။

ရွှေဝါ၏ကျောပြင်တစ်ခုလုံးတွင် အနက်ရောင်နှင့်အနီရောင် များရောပြွန်းနေသော အစင်းကြောင်းကြီးတစ်ခု မြင်လိုက်ရသည်။ အမှန်စင်စစ်တော့ ရွှေဝါ၏အမွေးများသည် တစ်စုံတစ်ရာ လောင်ကျွမ်း ခံထားရသလို ဆိုးဆိုးဝါးဝါးမီးကျွမ်းနေပြီး မည်းနက်တွန့်လိမ်နေကြသည်။ အနီရောင်အကွက်တွေကတော့ အရေပြားများစုတ်ပြတ်ပေါက်ပြဲကာ



www.burmeseclassic.com

www.burmeseclassic.com



သွေးစိမ့်ထွက်နေခြင်းဖြစ်၏။ အနာတွေက ဆိုးရွားလွန်းသောကြောင့် မကြည့်ရက်စရာပင်ဖြစ်နေသည်။

မေက ကျွန်မမျက်နှာကိုအကဲခတ်ရင်း . . .

''မနေ့က နင်ပြန်သွားပြီးတာနဲ့ ရွှေဝါ့ကိုယ်ပေါ်ကအမွေးတွေ အခုလိုမီးကျွမ်းပြီး ကျွတ်ကျကုန်တော့တာပဲ၊ ကျွတ်ထွက်ကုန်တဲ့ အမွေးတွေကလည်း သူ့ကျောကို နင့်လက်နဲ့ ပွတ်သပ်သွားတဲ့နေရာမှာပဲဖြစ်တာ''

■

## အခန်း (၁၆)

သည်နေ့အဖို့ ကျောင်းသို့ထွက်လာရသော်လည်း ကျွန်မစိတ်မပါတော့။ ကျောင်းအဝင်ဝအနီးတွင် ရဲဂေါင်စိုးနှင့် မျက်နှာချင်းဆိုင်ဆုံမိကြသည်။ ကျွန်မက . . .

''ခြေထောက်ကဒဏ်ရာ ဘယ်လိုနေသေးလဲ''

''ဒီလိုပါပဲ''

သူက အနည်းဆုံးစကားလုံးများဖြင့် တုံ့ပြန်သည်။ မျက်လုံးတွေကလည်း ဂနာမငြိမ်ဘဲ ဘေးဘီဝဲယာကို အကဲခတ်နေ၏။ သူနှင့် ကျွန်မ စကားပြောနေသည်ကို တခြားသူတစ်ယောက်ယောက်တွေ့သွားမှာ စိုးရိမ်နေသလိုမျိုးဖြစ်နေ၏။

ကျွန်မရင်ထဲတွင် တစိမ့်စိမ့်ကြေကွဲလာသည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် နှုတ်ဆက်စကားပင်မဆိုတော့ဘဲ သူ့အနီးမှ လှည့်ထွက်ခဲ့၏။ သူ ငါ့ကို စိမ်းကားသွားတာလား။ ဒါမှမဟုတ် သူ . . . သူ ငါ့ကိုကြောက်နေတာလား။ မည်သည့်အတွေးကမှ ကျွန်မကို စိတ်သက်သာရာမရစေပါ။

စာသင်ခန်းရှေ့ စင်္ကြံပေါ်သို့ရောက်လာသည့်အချိန်တွင် ဝေဝေနှင့်မျိုးနန္ဒာတို့ ခပ်လှမ်းလှမ်းမှာရပ်နေသည်ကို တွေ့လိုက်ရ၏။ ကျွန်မက သူတို့ကိုလက်ဝှေ့ယမ်းပြလိုက်သော်လည်း သူတို့နှစ်ယောက်စလုံးက ချက်ချင်းပင်မျက်နှာလွှဲလိုက်ကြသည်။

ပါးရည်နပ်ရည်ကင်းမဲ့လွန်းသော ကျွန်မက သူတို့နှစ်ယောက်ဆီ တည့်တည့်လျှောက်သွားလိုက်ပြီး မျိုးနန္ဒာ၏ ဖန်စီနားဆွဲလေးကို ကြည့်ကာ . . .

"နင့်နားဆွဲလေးက သိပ်လှတာပဲနော်"

မျိုးနန္ဒာက ကျွန်မကို ဘာမှပြန်မပြောဘဲ ဝေဝေ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ဝေဝေက . . .

"ဖွန့်သတင်းရော ဘာကြားသေးလဲ"

"ခုထိတော့ ဘာမှမကြားသေးဘူး၊ ညနေကျရင် ကျောင်းက ပြန်မှ သူတို့အိမ်ကို တစ်ခေါက်သွားမေးကြည့်ရဦးမယ်"

သူတို့နှစ်ယောက်စလုံးက အေးတိအေးစက်ဖြင့် ခေါင်းညိတ်ပြပြီး လှည့်ထွက်သွားကြသည်။ ကျွန်မက ပါးစပ်အငြိမ်မနေနိုင်ဘဲ . . .

"ဖွန်နေကောင်းသွားမှာပါဟာ"





သူတို့နှစ်ယောက်က တံ့ကနဲရပ်ပြီး ကျွန်မကိုလှည့်ကြည့်သည်။ မျိုးနန္ဒာ၏မျက်နှာက သွေးဆုတ်ကာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ သူမက . . .

"မနေ့ညနေက ဘာဖြစ်လို့ ဖွန်က နင့်ကိုစွပ်စွဲတာလဲ"

"ဘာပြောတယ်"

ကျွန်မက နားမလည်နိုင်စွာပြန်မေးလိုက်သည်။ မျိုးနန္ဒာက တုန်တုန်ရီရီဖြင့် . . .

"ဖွန်က နင့်ကို မကောင်းဆိုးဝါးလို့ပြောသွားတယ်လေ၊ သူ အဲ့သလိုဖြစ်အောင် နင်လုပ်တာဆို"

"မဟုတ်ဘူး. . . လုံးဝမဟုတ်ဘူး၊ သူပြောတာကို နင်တို့ ယုံကြသလား"

သူတို့နှစ်ယောက်စလုံး ဘာစကားမှပြန်မပြော။ ကျွန်မကို ကြောက်မက်ဖွယ်ရာသတ္တဝါဆိုးတစ်ကောင်လို စိုက်ကြည့်နေကြသည်။ ထို့နောက် သုတ်ခြေတင်ကာ လှည့်ထွက်သွားကြလေတော့သည်။ ကျွန်မရင်ထဲမှ ဒေါသနှင့်ဝမ်းနည်းခြင်းတွေ ဗလောင်ဆူပြီး ကျန်ခဲ့၏။

အဲသည့်လို အဓိပ္ပါယ်မရှိသည့်စကားကို သူတို့ဘာဖြစ်လို့များ ယုံပစ်လိုက်ကြပါလိမ့်။ အကပြိုင်ပွဲတွင် သူတို့နှစ်ယောက် ရွေးချယ်မခံရသည့်အတွက် ကျွန်မကို မနာလိုဖြစ်နေတာလည်း ပါကောင်းပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အခုတော့ ဒဏ်ရာရသူက ဖွန်ဖြစ်ပြီး သူ့ထက်မက နာကျင်ခံစားရသူက ကျွန်မဖြစ်နေပါရောလား။ ကိုယ့်ကိုယ်ကို မသိလိုက်နိုင်ခင်မှာပင် ကျွန်မမျက်လုံးအိမ်ထဲမှ မျက်ရည်တွေစီးကျလာ၏။

ထိုစဉ်မှာပင် တစ်ဖက်လှေကားမှ စင်္ကြံဆီသို့တက်လာသော ပေရယ့်ကို လှမ်းတွေ့လိုက်ရလေသည်။ မျက်ရည်တွေကြောင့် မြင်ကွင်းကဝိုးတဝါး။ ကျွန်မက ပေရယ့်ဆီသို့ အပြေးသွားလိုက်ပြီး. . .

“ပေရယ်. . . ဟို. . . ဟို ဖွန့်အခြေအနေ ဘယ်လိုနေသေးလဲဟင်”

“ဆရာဝန်တွေကတော့ သိပ်မစိုးရိမ်ရဘူးလို့ပြောတာပဲ၊ ခြေကျင်းဝတ်က သပွတ်တိုင်လည်သွားတယ်၊ နံရိုးနှစ်ချောင်းလည်း အက်သွားတယ်လို့ပြောတယ်၊ သိပ်ဆိုးဆိုးဝါးဝါးကြီးဖြစ်ဖို့တော့ မရှိပါဘူး”

“ငါ ဖွန့်ကို ဆေးရုံမှာသွားကြည့်ချင်တယ် ပေရယ်ရယ်”

“အခုလောလောဆယ်တော့ မသွားတာကောင်းမယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖွန်က သူ အခုလိုဖြစ်ရတာ နင့်ကြောင့်လို့စွပ်စွဲနေတယ်၊ အကြားအမြင်ဆရာမပြောသလိုပဲ နင်ဟာ မကောင်းဆိုးဝါးတဲ့၊ ဒါကိုပဲ ထပ်တလဲလဲပြောနေတယ်”

“မဟုတ်ဘူး ပေရယ်. . . မဟုတ်ဘူး၊ ငါရှင်းပြ. . .”

“ဆရာဝန်တွေကတော့ ဖွန့်ကို ဝိုင်းပြီးဖျောင်းဖျကြပါတယ်၊ စိတ်က ကယောင်ချောက်ချားဖြစ်နေချိန်မှာ ဒီလိုပဲထင်မိထင်ရာ ဖြစ်





တတ်တယ်ဆိုတဲ့အကြောင်းပေါ့၊ ဟုတ်လည်းဟုတ်ပါတယ် ဝတ်ရည်ဖြူရယ်၊ ဖွန့်ခမျာ ဒီပြိုင်ပွဲအတွက် ဘယ်လောက်ကြိုးစား ဘယ်လောက်မျှော်လင့်ထားရတယ်ဆိုတာ နင်အသိပဲမဟုတ်လား။ ပြီးတော့ သူ့ကိုယ်သူ သေချာပေါက်အရွေးခံရမယ်လို့လည်း အပြတ်အသတ်ယုံကြည်ထားတာ၊ ဒါကြောင့် အခုလိုဖြစ်ပြီး သူ့ရည်မှန်းချက် ရုတ် တရက်ပျက်သွားတော့ သူ့စိတ်ကိုသူ မထိန်းနိုင်ဘဲဖြစ်သွားတယ်နဲ့ တူပါတယ်ဟာ”

ပေရယ်၏နွေးထွေးသောစကားကြောင့် ကျွန်မနှလုံးအိမ်ထဲမှာ အလင်းရောင်ပျပျသန်းလာသည်။ ကျွန်မက ဝမ်းသာအားရဖြင့် . . .

“ဒါ. . . ဒါဆို ဖွန်ပြောတာကို နင်မယုံဘူးပေါ့နော်၊ ဟုတ်လားပေရယ်”

“နေဦး. . . နေဦး ငါပြောစရာကျန်သေးတယ် ဝတ်ရည်ဖြူရဲ့”

“ဟင်. . . ဘာလဲ”

“ဒီနေ့ မေကျောင်းမတက်ဘူးလေ၊ ရွှေဝါ့ကို တိရစ္ဆာန်ဆေးကုခန်းသွားပြတယ်၊ ရွှေဝါ ဘာဖြစ်သလဲဆိုတာ နင်တွေ့ပြီးပြီမဟုတ်လား”

ကျွန်မက ထိတ်လန့်ချောက်ချားစွာဖြင့် . . .

“အဲဒါ. . . အဲဒါ ငါလုပ်တာမဟုတ်ပါဘူးပေရယ်ရယ်၊ ငါ့ကိုယုံပါ၊ မေကကော ငါ့ကြောင့်လို့စွပ်စွဲနေသေးလားဟင်”

ပေရယ်က အမောတကောဖြစ်နေသည့် ကျွန်မကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းချလိုက်သည်။ ထို့နောက် သူမက . . .

"နင့်ရင်ထဲမှာ ဘယ်လိုခံစားနေရသလဲဆိုတာ ငါနားလည်ပါတယ် ဝတ်ရည်ဖြူရယ်၊ ငါလည်း ဘယ်လိုပြောပြရမှန်းတောင် မသိတော့ဘူး"

"ကျောင်းဆင်းရင် နင့်အိမ်ကိုငါလိုက်လာခဲ့ချင်တယ်၊ နင့်အဖေနဲ့အမေကိုရော မေ့ကိုပါ ငါစကားပြောချင်လို့"

ပေရယ်က ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်သည်။ ထို့နောက် . . .

"ဒီရက်ပိုင်းအတွင်းတော့ မလာပါနဲ့ဦးဟာ၊ ညနေကျရင် နင့်အိမ်ကို ငါပဲလိုက်ခဲ့ပါ့မယ်"

●

ကျောင်းဆင်းပြီးသောအခါ ပေရယ်နှင့်ကျွန်မ စကားတပြောပြောဖြင့် အိမ်သို့ပြန်ခဲ့ကြသည်။ ကျွန်မအိမ်ကိုရောက်သည်နှင့်တစ်ပြိုင်နက် ပေရယ်က သူ့ထုံးစံအတိုင်း ကျွန်မ၏မှန်တင်ခုံပေါ်တွင်ရှိသော အလှပြင်ပစ္စည်းနှင့် မိတ်ကပ်ဗူးများကို ဖွလေတော့သည်။

သူမက မျက်တောင်ကော့ဆေးဖြင့် သူမ၏မျက်တောင်အဖျားများကို မှန်ထဲမှာကြည့်ကာ တို့ရင်း . . .

"နင် အရမ်းကံကောင်းတာပဲ ဝတ်ရည်ဖြူရယ်၊ ငါတို့အမေ





ကကျတော့ ဒီလိုမျိုးအလှပြင်ပစ္စည်းတွေ အများကြီးဝယ်ရင် ဆူတယ်ဟ"

"ငါလည်း ဝယ်နိုင်လို့မဟုတ်ပါဘူးဟာ၊ UNDP မှာ မေမေအလုပ်လုပ်ခဲ့တုန်းက နိုင်ငံခြားမှာနေတဲ့မိတ်ဆွေတွေ လက်ဆောင်ပို့ပေးတာပါ၊ မေမေက အသက်ကြီးပြီဆိုတော့ သိပ်မသုံးတော့ဘူးလေ၊ ငါ့ကိုပဲ ပေးတာများတယ်၊ ဪ . . . ဒါနဲ့ မနေ့ကတောင်မှ SKIN CARE အသစ်တစ်စုံရသေးတယ်၊ အပေါ်ဆုံးအံဆွဲထဲမှာဟ"

"ပြစမ်း . . . ပြစမ်း . . . ငါကြည့်ဦးမယ်"

ပေရယ်က မြူးတူးစွာပြောရင်း မှန်တင်ခုံအပေါ်ဆုံးအံဆွဲကိုဖွင့်လိုက်၏။

အံဆွဲထဲသို့ငုံ့ကြည့်လိုက်ပြီးနောက် ပေရယ့်အမူအရာက ချက်ချင်းပြောင်းလဲသွားသည်။ မျက်လုံးတွေပြူးကျယ်ကာ ဒေါသနီးတွေ တောက်လောင်လာပြီး နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်၏။

ထို့နောက် သူမက အံဆွဲထဲမှ တစ်စုံတစ်ရာကိုနှိုက်ယူပြီး ဒေါသတကြီးအော်ဟစ်လိုက်သည်။

"ဒါ ဘာသဘောလဲ ဝတ်ရည်ဖြူ၊ ပြောစမ်း . . . ဒါ ဘာသဘောလဲ"

ပေရယ့်လက်ထဲတွင်ကား . . .

သူမပျောက်ဆုံးသွားသည်ဆိုသော ပုလဲလည်ဆွဲ . . .။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ကျွန်မ အံ့အားအသင့်ကြီးသင့်ကာ ပါးစပ်အဟောင်းသား ဖြင့်ပင် ကျွန်မအံဆွဲထဲမှထွက်လာသည့် ပေရယ်၏ပုလဲလည်ဆွဲကို ကြောင်တက်တက်ငေးမောကြည့်နေမိသည်။

ဒေါသရင်ခုန်သံကြောင့် တဆတ်ဆတ်တုန်နေသည့် ပေရယ်၏လက်ကြောင့် ပုလဲလည်ဆွဲကလေးကလည်း တုန်ခါလှုပ်ရှားနေသည်။

"ငါ့လည်ဆွဲကို နင်ယူထားတာမဟုတ်လား၊ နင်ဟာလူလိမ်ပဲဝတ်ရည်ဖြူ၊ နင်ဟာ. . . နင်ဟာ မကောင်းဆိုးဝါးမ"

ပေရယ်က ရက်ရက်စက်စက်စွပ်စွဲနေလေသည်။

အရှက်တရား ကြောက်လန့်မှုနှင့် မျှော်လင့်ချက်ကင်းမဲ့မှုတို့သည် ကျွန်မ၏အသိဉာဏ်ကို ဓါးဖြင့်မွှန်းသလို အစိတ်စိတ်အမွှာ





မွှာဖွာလန်ကြဲကာ အဆုံးစွန်နာကျင်စေ၏။

ပေရယ့်လည်ဆွဲကို ကျွန်မ မခိုးပါ။

သည်သစ္စာဟရားကို ကျွန်မ ကျိန်ဆိုဝံ့ပါသည်။

သို့သော် အခုတော့ . . .

●

ပေရယ်က ကျွန်မအခန်းထဲမှထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။ သူမက ပုလဲလည်ဆွဲကို တင်းတင်းဆုပ်ကိုင်ရင်း ကျွန်မမျက်နှာတည့်တည့်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ . . .

"မကောင်းဆိုးဝါးမ"

ဟု စွပ်စွဲအော်ဟစ်လိုက်၏။ အဲသည့်အသံလှိုင်းက လေထဲတွင် ဖြည်းဖြည်းချင်းလွင့်မျောလာပြီး ကျွန်မ၏နားစည်ကို လာရောက်ရိုက်ခတ်သည်။ မကောင်းဆိုးဝါးမ. . . မကောင်းဆိုးဝါးမ။

ခေါ်သံက အကြားအာရုံမှတဆင့်သွေးကြောတွေထဲအထိ တစိမ့်စိမ့်ပျံ့နှံ့သွားသည်။ ကျွန်မခန္ဓာကိုယ်ကြီးကတော့ မလှုပ်မယှက်၊ ကျွန်မမျက်နှာကို ငေါက်ငေါက်ထိုးထားသည့် ပေရယ့်လက်ညှိုးကို စိုက်ကြည့်နေမိသည်။ ထိုအချိန်မှာပင် ကျွန်မလက်ဝါးပြင်နှစ်ဖက်က အပူငွေ့တွေ တရှိန်းရှိန်းထွက်လာပြန်လေတော့သည်။

ဘုရား. . . ဘုရား ငါ့လက်ဝါးတွေ ပူလာပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအာရုံကို အသိဖြင့်ထိန်းချုပ်ဖို့ ကျွန်မကြိုးစားလိုက်၏။ သို့သော် . . . မရ။ ကျွန်မလက်ဖဝါးနှစ်ဖက်စလုံးကို မီးဖိုထဲမှ ရဲရဲနီနေသောလျှပ်စစ်နန်းကြိုးဖြင့် နေရာမလပ် ရစ်ပတ်ထားသလိုခံစားနေရ၏။

"အား . . . အား . . . မလုပ်ပါနဲ့ ဝတ်ရည်ဖြူ။ မလုပ်ပါနဲ့ ဝတ်ရည်ဖြူ"

ပေရယ်၏အထိတ်တလန့်အော်သံကြောင့် လှမ်းကြည့်လိုက်သောအခါ ပုလဲလည်ဆွဲကို ဆုပ်ကိုင်ထားသော သူမ၏လက်ချောင်းများက အပြင်ဘက်သို့ ပြေကျဆန့်ထွက်ရုံမက လက်ချောင်းတွေကော့လန်နေသည်ကိုပါ တွေ့လိုက်ရသည်။

လက်ချောင်းတွေကို တစ်စုံတစ်ယောက်က လက်ပြန်လှန်ချိုးနေသည့်ပုံမျိုး . . .။ လက်သန်းပြီးတော့ လက်သူကြွယ် . . . နောက် လက်ခလယ် . . . ပြီးတော့လက်ညှိုး . . . ပေရယ့်လက်ထဲမှ ပုလဲလည်ဆွဲက ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲပြုတ်ကျသွား၏။

ပေရယ်၏နာကျင်ညည်းတွားသံ ပေါ်လာသည်။

"အား . . . မလုပ် . . . မလုပ် . . ."

ကျွန်မလက်ဖဝါးတွေကလည်း ပေါက်ကွဲထွက်လုမတတ် ပူလောင်လာသည်။ ကျွန်မမျက်စိကို တင်းတင်းစုံမှိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တော့သည်။

"ဖျောက် . . ."





"အား . . ."

ဖျောက်ကနဲ လက်ချောင်းအဆစ်ကလေးများ ကျိုးသွားသံနှင့်အတူ ပေရယ်၏ မချိမဆန့်အော်ဟစ်သံက ထွက်ပေါ်လာ၏။

ပေရယ်က သွေးရူးသွေးတန်းဖြင့် လှေကားထစ်တွေကို နှစ်ထစ်ကျော်သုံးထစ်ကျော်ခုန်ဆင်းကာ အိမ်ရှေ့တံခါးမဆီသို့ ပြေးထွက်သွားသည်။

"ပေရယ် . . . နေပါဦး၊ ငါရှင်းပြပါရစေ"

ကျွန်မက တကြော်ကြော်အော်ခေါ်ရင်း ပေရယ့်နောက်သို့ ပြေးလိုက်သွားသည်။ ကျွန်မ အောက်ထပ်သို့ရောက်သည့်အချိန်တွင် ပေရယ်က ခြံဝင်းတံခါးရှေ့သို့ပင် ရောက်နေလေပြီ။

"ပေရယ် . . . နေပါဦး"

ကျွန်မခေါ်သံကြောင့် ပေရယ်က ဆတ်ကနဲတစ်ချက်လှည့်ကြည့်၏။ သူမ၏မျက်နှာသည် ဒေါသကြောင့်ရဲတွတ်နေလေသည်။ ပေရယ်က ခြေလှမ်းကို တုံ့ကနဲရပ်လိုက်ပြီး . . .

"ငါ့ကိုဒုက္ခမပေးပါနဲ့ ဝတ်ရည်ဖြူ၊ ငါတို့မိသားစုကို ဒုက္ခမပေးပါနဲ့၊ ငါကြောက်လွန်းလို့ပါ"

ဒေါသစွက်သော ငိုသံပါကြီးဖြင့်လှမ်းအော်ပြီး တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

သို့သော် တကယ်တမ်းငိုရသူမှာ ကျွန်မသာလျှင်ဖြစ်သည်။ ကျွန်မမျက်နှာကို ပွန်းနေသည့်လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အားရပါးရငိုချလိုက်မိတော့သည်။

မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒီဖြစ်ရပ်တွေအားလုံးဟာ တကယ်မဟုတ်ဘူး။ ငါ အိပ်မက်မက်နေတာပါ။ ဒါဟာ အိပ်မက်ဆိုးတစ်ခုပဲ။

အခုနေ ကျွန်မမျက်လုံးဖွင့်ကြည့်လိုက်လျှင် အိပ်ရာမှနိုးသွားပြီး အရာအားလုံး ပုံမှန်ဖြစ်သွားလိမ့်မည်ဟု ကျွန်မတွေးလိုက်၏။

ထိုအတွေးနှင့်အတူ ကျွန်မမျက်လုံးအစုံကို ဆတ်ကနဲ ဖွင့်ကြည့်လိုက်သည်။

ဟင့်အင်း. . . မည်သည့်အရာမှ ပြောင်းလဲမသွားပါ။

အိမ်ရှေ့တွင် ကျွန်မတစ်ယောက်တည်း အထီးကျန်စွာရပ်လျက်။ ပေရယ်ပြေးထွက်သွားသော ခြံဝင်းတံခါးကလည်း ဟင်းလင်းပွင့်လျက်. . .။ ဒါတွေအားလုံးသည် အိပ်မက်မဟုတ်ပါ။ တကယ့်ဖြစ်ရပ်ဆိုးတစ်ခုပင် ဖြစ်လေသည်။

●

ဖွန်ကတော့ နောက်တစ်ပတ် သောကြာနေ့မှသာ ကျောင်းပြန်တက်နိုင်တော့သည်။ ဖွန်ကော ပေရယ်ပါ ကျွန်မကိုစကားမပြော ကြ။ ကျွန်မလာနေသည်ကိုမြင်လျှင် မသိချင်ယောင်ဆောင်ပြီး တစ် ဖက်သို့ မျက်နှာလွှဲသွားတတ်ကြသည်။

သူတို့ကွယ်ရာတွင် မေကတော့ ကျွန်မကို အားပေးဖော်ရ





ရှာပါသည်။

"သူတို့ စိတ်ပြေလာတဲ့အချိန်ထိ စောင့်လိုက်ပါဝတ်ရည်ဖြူရယ်၊ လောလောဆယ်မှာတော့ သူတို့စိတ်ဆိုးနေကြတုန်းမို့လို့ပါ၊ သိပ်မကြာခင် သူတို့ဘာသာသူတို့ သိသွားကြပါလိမ့်မယ်။ နင်နဲ့ငါတို့က လေးတန်းကတည်းက ပေါင်းလာကြတာပဲဟာ၊ တစ်ယောက်အကြောင်း တစ်ယောက် အတွင်းသိအဆင်းသိတွေပဲ၊ နင့်မှာ စုန်းတို့အောက်လမ်းတို့ ဘာအစွမ်းမှမရှိဘူးဆိုတာ ငါသိသလို သူတို့လည်းသိကြတာပဲ ဥစ္စာ"

မေ့စကားကြောင့် ကျွန်မ အနည်းငယ်တော့ စိတ်သက်သာရာရမိသည်။ သို့သော် ကျွန်မနှင့်ပတ်သက်သော ကောလာဟလတွေက တစ်ကျောင်းလုံးရှိ လူတိုင်းပါးစပ်ဖျားတွင် ပျံ့လွင့်နေလေပြီ။

ကျောင်းကန်တင်းထဲသို့ ကျွန်မဝင်သွားလိုက်ပြီဆိုလျှင် စားသောက်နေကြသူတွေအားလုံးက ကျွန်မကို ဝိုင်းပြီးကြည့်ကြသည်။ ရယ်ကာမောကာစကားပြောနေကြသော မိန်းကလေးတစ်စု၏စားပွဲအနီးမှ ကျွန်မ ဖြတ်လျှောက်သွားလိုက်သည်နှင့်တစ်ပြိုင်နက် ရယ်သံတွေ စကားပြောသံတွေ တိကနဲပြတ်ကာ ချက်ချင်းတိတ်ဆိတ်သွားကြသည်။

ကျွန်မ အပယ်ခံဘဝသို့ရောက်နေလေပြီ။

သူတို့အားလုံး ကျွန်မကိုကြောက်ရွံ့နေကြသည်။ ကျွန်မကို ဘယ်သူကမှ မေးထူးခေါ်ပြောမလုပ်ချင်ကြတော့။

မနေ့လည်ထမင်းစားချိန်တွင် သူများတွေထက်နောက်ကျအောင် တမင်ချန်နေရစ်ခဲ့ပြီးမှ ကန်တင်းစားသောက်ဆိုင်ထဲသို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ကုပ်လေးဝင်လာခဲ့သည်။ ပြီးတော့ ချောင်အကျဆုံးထိုင်ခုံမှာ တစ်ယောက်တည်းထိုင်နေမိသည်။

ဟိုးရှေ့ခပ်လှမ်းလှမ်းက စားပွဲမှာ ပေရယ်၊ မေ ဖွန့်တို့ညီအစ်မသုံးယောက် ဝိုင်းဖွဲ့စားသောက်ရင်း ရယ်ကာမောကာစကားပြောနေကြသည့်ကို မြင်ရ၏။ အခြားသောယောကျ်ားလေးသူငယ်ချင်းနှစ်ယောက်လည်း ပါသည်။

သူတို့အားလုံး ပျော်ရွှင်နေကြ၏။

ဟုတ်သည်။ ကျွန်မ မရှိသောအရပ်၌ သူတို့အားလုံး ပျော်ရွှင်နိုင်ကြသည်ပဲ။

ကျွန်မရင်ထဲတွင် အသက်ရှူသံက တဖြည်းဖြည်းတင်းကြပ်လာသည်။ ပေါက်ထွက်ခါနီးဆဲဆဲလို ခံစားလာရသည်။ ကိုယ့်အကြားအာရုံထဲတွင် ကိုယ့်အသက်ရှူသံက မုန်တိုင်းလို တဝုန်းဝုန်းမြည်ဟည်းနေ၏။

သည်အခြေအနေကို ကျွန်မဆက်ပြီး သည်းခံနိုင်စွမ်းမရှိတော့။

ကျွန်မမှာ ဘယ်လိုမိတ္တာစွမ်းအင်မှ မရှိဘူးဆိုသည်ကို သူတို့နားလည်လက်ခံလာအောင် တစ်စုံတစ်ခုလုပ်ပြမှ ဖြစ်တော့မည်။

ကျွန်မ စိတ်ကူးတစ်ခုရလိုက်သည်။

■





## အခန်း (၁၈)

ပေရယ်၊ မေ၊ ဖွန့်တို့ညီအစ်မသုံးယောက် စားသောက်နေကြသည့်စားပွဲအနီးသို့ ကျွန်မ သွားပြီးရပ်လိုက်သည်။ ပြီး . . .

''ငါ နင်တို့ကို စကားပြောလို့ရမလား''

ကျွန်မကိုမြင်လိုက်ရသောကြောင့် ပေရယ့်မျက်နှာက တစ္ဆေသရဲတစ်ကောင်ကို တွေ့လိုက်ရသလိုဖြစ်သွားပြီး . . .

''ဝတ်ရှည်ဖြူ . . . နင် ငါတို့အနားကိုမလာနဲ့၊ သွားပါဟာ''

''ခဏလေး . . . ခဏလေးပါဟာ၊ နင်တို့ ငါ့အပေါ် အထင်မှားနေတာ ဆိုတာ ငါပြောပြချင်လို့ပါ၊ ငါ့ကို တစ်မိနစ်နှစ်မိနစ်လောက်အချိန်ပေးပါ''

ပေရယ်၏မျက်နှာက ညိုပုပ်ပုပ်ဖြစ်လာသည်။ ဖွန့်ကမူ



www.burmeseclassic.com

www.burmeseclassic.com

အံကြိတ်ပြီး အဝေးသို့အကြည့်လွှဲထား၏။ မေက ခပ်တိုးတိုးလေသံဖြင့် . . .

"သူ့ကို အဲဒီလောက်တော့ အခွင့်အရေးပေးလိုက်ကြပါ"

"ဟုတ်ပါတယ်ဟာ၊ နင်တို့ညီအစ်မတွေနဲ့ သူငယ်ချင်းဖြစ်ခဲ့ရတာ ဟိုးငယ်ငယ်ကလေးတည်းကပဲ၊ အဲဒီသံယောဇဉ်မျက်နှာထောက်ပြီး ငါ့ကို နည်းနည်းလောက်အချိန်ပေးပါ"

ကျွန်မက တောင်းတောင်းပန်ပန်ပြောလိုက်၏။ ပေရယ် က. . .

"ကောင်းပြီလေ၊ နှစ်မိနစ်လောက်ပဲနော်၊ ကဲ. . . ဘာပြောမလို့လဲ"

"ငါ နင်တို့ကို ထိခိုက်နစ်နာအောင် ဘာတစ်ခုမှမလုပ်ခဲ့ ပါဘူး"

သည်စကားကိုကြားရတော့ ဖွန်က ခါးခါးသီးသီးဖြစ်သွား ပြီး . . .

"နင့်စကားကို နင် ဘယ်လိုသက်သေပြမှာလဲ"

ကျွန်မက ကျောင်းသားကျောင်းသူများဖြင့် စည်ကားနေသည့် ကန်တင်းတလျှောက်ကို ကြည့်လိုက်သည်။ ကျွန်မတို့နှင့်တစ်ဆိုင်ကျော်ဖြစ်သော ခေါက်ဆွဲကြော် ထမင်းပေါင်းရောင်းသည့်ဆိုင်ထဲမှ မျိုးနန္ဒာထွက်လာသည်ကို တွေ့ရ၏။

မျိုးနန္ဒာ၏လက်ထဲတွင်လည်း ထမင်းပေါင်းတစ်ပန်းကန်ကိုင်လာသည်။ သူမက စားလက်စပန်းကန်ကိုယူပြီး သည်ဘက်ဆိုင်ရှိ သူငယ်ချင်းများဝိုင်းတွင် အတူစားရန် လာနေခြင်းဖြစ်ပုံရသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ကျွန်မက မျိုးနန္ဒာဆီသို့ လက်ညှိုးထိုးပြလိုက်ပြီး . . .

"ဟိုမှာ မျိုးနန္ဒာကိုတွေ့လား"

ကျွန်မညွှန်ပြရာဆီသို့ ပေရယ်တို့ညီအစ်မသုံးယောက်စလုံး လှမ်းကြည့်ကြ၏။ ကျွန်မက . . .

"ငါ့စိတ်ထဲမှာ မျိုးနန္ဒာကို ပစ်မှတ်ထားပြီးတော့ ဒုက္ခတစ်ခုခုရောက်အောင် ဆုတောင်းလိုက်မယ်ဟာ၊ ငါ့စိတ်ကို သူ့အပေါ်မှာ စူးစူးစိုက်စိုက်အာရုံနှစ်ပြီး ကျိန်ဆဲလိုက်မယ်၊ ငါ ဘယ်လိုပဲကျိန်ဆဲကျိန်ဆဲ မျိုးနန္ဒာ ဘာမှမဖြစ်ဘူးဆိုတာ နင်တို့တွေ့ရမှာပါ၊ အဲဒီအခါကျရင် ငါဟာ မကောင်းဆိုးဝါးမဟုတ်ဘူးဆိုတာ နင်တို့ယုံမယ် မဟုတ်လား"

"ဟား. . . ဟား. . . ဟား. . . နင့်လှည့်ကွက်ကလည်း စကောလောက်မှ စောက်မနက်ပါလား"

ဖွန်က ကျွန်မကိုဟားတိုက်ကာ လှောင်ပြောင်ရယ်မောလိုက်သည်။ ပေရယ်ကလည်း ခေါင်းကိုခါယမ်းရင်း . . .

"ငါတို့ တုံးတွေမဟုတ်ဘူးဝတ်ရည်ဖြူ၊ နင် ဘယ်လို တစ်ပတ်ရိုက်ဖို့ကြံနေမလဲဆိုတာ ငါတို့ကောင်းကောင်းသိတယ်၊ နင်က မျိုးနန္ဒာကို လက်ညှိုးထိုးပြီး ပါးစပ်ကကျိန်ဆဲလိုက်မယ်၊ ဒါပေမဲ့ ငါတို့မသိအောင် နင့်စိတ်ကိုတော့ တခြားကို အာရုံလွှင့်ထားမယ်၊ အဲဒီအခါ မျိုးနန္ဒာက ဘာမှမဖြစ်တော့ ငါတို့က နင်ဟာ အပြစ်ကင်းပါတယ်လို့ ယုံကြည်ပေးလိုက်ရတော့မှာပေါ့၊ ဒီလိုလားဝတ်ရည်ဖြူ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . နင်တို့ကို ငါလှည့်စားဖို့ ကြံစည်နေတာ လုံးဝမဟုတ်ဘူး။ ငါ တကယ်အတည်ပြောနေတာ၊ ငါကိုယ်တိုင်လည်း ငါ့မှာ ဘယ်လိုမိစ္ဆာစွမ်းအားမှမရှိဘူးဆိုတာကို စိတ်သန့်သန့်နဲ့ယုံချင်နေတယ်၊ ဒါကြောင့် ငါတကယ် အပြည့်အဝ အာရုံစိုက်ပြီးလုပ်မှာပါ၊ ကဲ. . . မယုံရင်ကြည့်ကြ"

ကျွန်မက မျိုးနန္ဒာကိုလှမ်းကြည့်လိုက်သည်။ သူမက ထမင်းပေါင်းပန်းကန်ကိုကိုင်ပြီး သူ့သူငယ်ချင်းတွေရှိရာ စားပွဲဝိုင်းဆီသို့သွားနေသည်မှာ ခြေလှမ်းဆယ့်လေးငါးလှမ်းခန့် အကွာအဝေးသာလို တော့သည်။

ကျွန်မက အသက်ကိုဝဝရှူသွင်းလိုက်သည်။ မျိုးနန္ဒာတစ်ယောက် ဘာမှမဖြစ်ဘဲ သူ့ထိုင်ခုံဆီ ချောချောမွေ့မွေ့ရောက်သွားလျှင်တော့ ကိစ္စကပြီးပြီပေါ့၊ ကျွန်မမှာ အောက်လမ်းတန်ခိုးတွေ မိစ္ဆာစွမ်းအားတွေမရှိမှန်း အားလုံးလက်ခံသွားလိမ့်မည်။

ကျွန်မက မျိုးနန္ဒာကို စူးစူးစိုက်စိုက်ကြည့်ပြီး နှုတ်မှ တီးတိုးရေရွတ်လိုက်သည်။

"မျိုးနန္ဒာ. . . နင် အခုချက်ချင်း လဲကျစမ်း"

ထိုစကားဝါကျကို ရွတ်လို့မဆုံးသေးခင်မှာပင် ကျွန်မလက်ဖဝါးနှစ်ဖက်သည် ပြုန်းကနဲ ခြစ်ခြစ်တောက်ပူလောင်သွား၏။ ထိုအသံကြောင့် ကျွန်မရင်ထဲမှ ထိတ်ကနဲဖြစ်ပြီး လက်နှစ်ဖက်ကို ကမန်းကတန်းငုံ့ကြည့်လိုက်၏။ လက်ဖဝါးတွေက အခုချက်ချင်း မီးထတောက်

ကြောင်နှစ်ကောင်စာအုပ်တိုက်



တော့မည့်အလား ပူကျက်နေသည်။

ကျွန်မ နောက်ကျသွားလေပြီ။

အလန့်တကြား အော်ဟစ်သံတွေထွက်ပေါ်လာသဖြင့် မော့ကြည့်လိုက်တော့ . . .

"အား"

"အမယ်လေး. . . လုပ်ကြပါဦး"

အစွန်းထွက်နေသော အုတ်နီခဲတစ်လုံးကို ခလုတ်တိုက်မိပြီး ထမင်းပေါင်းပန်းကန် လွတ်ကျကွဲမည်စိုးသဖြင့် ထိန်းလိုက်စဉ် ကိုးရိုးကားရား ခြေပစ်လက်ပစ်မှောက်လျက်ကျသွားသည့် မျိုးနန္ဒာကို အနှေးပြကွက်တစ်ခုလို မြင်လိုက်ရသည်။

"ခလွမ်. . ."

"ဟာ. . ."

"အား. . . ပူတယ်. . . ပူတယ်"

မျိုးနန္ဒာ၏လက်ထဲမှပန်းကန်က အနီးဆုံးဝိုင်းမှစားပွဲထိုးကလေးကို တိုက်ချလိုက်ပြီး ထိုစားပွဲထိုးကလေးကိုင်လာသည့် ဟင်းချိုပူပူများက မျိုးနန္ဒာ၏မျက်နှာပေါ်သို့ မှောက်ကျသွားလေတော့သည်။

"ဟာ. . . လုပ်ကြပါဦး"

"ရေခဲနဲ့အုံရအောင်၊ ရေခဲအမြန်ရှာကြပါ"

ကန်တင်းတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်ကာ ပွက်လောရိုက်သွားလေတော့သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကိုကြည့်ပြီး ကျွန်မက ကြောက်လန့်တကြားဖြင့် ကိုယ့်ပါးစပ်ကိုယ် လက်ဝါးဖြင့် ပြန်ပိတ်လိုက်မိသည်။

"ဟင့်အင်း. . . ဟင့်အင်း. . . အဲဒီလိုမဖြစ်ရဘူး"

ကျွန်မ ရေရွတ်သံက တိုးညှင်းဖျော့တော့သလို နောက်လည်း နောက်ကျခဲ့လေပြီတည်း။

ဖွန်က ကျွန်မမျက်နှာကိုစူးစူးဝါးဝါးကြည့်ရင်း ကြောက်မက်ဖွယ်ရာ အော်ဟစ်လိုက်သည်။ သူမ၏အသံက ကန့်တင်းတစ်ခုလုံး ကြားနိုင်ရလောက်ပေသည်။

"အဲဒါ ဝတ်ရည်ဖြူလုပ်တာ. . . ဝတ်ရည်ဖြူလုပ်တာ၊ မျိုးနွယ်ကို အောက်လမ်းနည်းနဲ့လုပ်လိုက်တာ၊ တွေ့ကြတယ်မဟုတ်လား၊ ဝတ်ရည်ဖြူဟာ မကောင်းဆိုးဝါးမပဲ"

■





## အခန်း (၁၉)

ကျွန်မ ခေါ်သံအော်သံတွေကိုမကြားလိုတော့။ နားနှစ်ဖက်ကိုလက်ဖြင့်ပိတ်ပြီး ကန့်တင်းထဲမှ တစ်ဟုန်ထိုးပြေးထွက်ခဲ့သည်။

ဘယ်ကိုဦးတည်၍ပြေးနေမှန်း ကျွန်မကိုယ်တိုင်လည်းမသိ။ ကျွန်မအတွက် အရပ်မျက်နှာဟူသည်မရှိ။ ပုန်းအောင်းစရာနေရာမရှိ။ လွတ်မြောက်စရာနေရာမရှိ။

ကုန်ကုန်ပြောရလျှင်. . . ကျွန်မမှာ အနာဂတ်လည်းမရှိတော့ပါ။

မျက်ရည်စက်များနှင့် ခြေလှမ်းတို့၏သယ်ဆောင်ရာနောက်သို့ ကျွန်မ ဒယီးဒယိုင်နှင့်လိုက်ခဲ့သည်။ ကျောင်းဝင်းတံခါးဝအနီးသို့ အရောက်တွင် နောက်မှလှမ်းခေါ်သံတစ်ခုကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ရည်ဖြူ နေပါဦး"

"ဟင်. . . ရဲဂေါင်စိုး"

သူ့ကိုတွေ့လိုက်ရသည့်အတွက် ကျွန်မမှာ ရင်ဖွင့်စရာအဖော်ကောင်းတစ်ယောက်ရသလိုမျိုး ခံစားလိုက်ရသည့်နည်းတူ တစ်ပြိုင်တည်းမှာပင် သူ့စိမ်းကားကြောက်ရွံ့မှုကို ခံယူရလျှင် ရင်နာရမည့် ဆိုးကျိုးကိုလည်း ကျွန်မ မမျှော်လင့်ရဲအောင်ဖြစ်နေမိသည်။

ရဲဂေါင်စိုးက . . .

"စောစောက ငါ. . . ငါ ကန်တင်းထဲမှာရှိနေတယ် ဝတ်ရည်ဖြူ ဖြစ်သွားတာက အရမ်းထူးဆန်းတာပဲနော်"

မေးဟိုက်နေသောအသက်ကို မှန်အောင်ရှူရင်း ခေါင်းကို သာအနိုင်နိုင်ညိတ်ပြမိသည်။ ရဲဂေါင်စိုးက . . .

"လူတွေက နှင့်ကို အပြစ်တင်နေကြတယ်ဝတ်ရည်ဖြူ၊ မင်းဟာ မကောင်းဆိုးဝါးတဲ့၊ သူတို့ကပြောကြတယ်"

ယခုအချိန်တွင် မကြားချင်ဆုံးစကားကိုမှ ထပ်ကြားရပြန်သောကြောင့် ကျွန်မ ရှိုက်ကာရှိုက်ကာငိုချလိုက်မိ၏။

ရဲဂေါင်စိုးက ကရုဏာသက်စွာစိုက်ကြည့်ရင်း ကျွန်မလက်ကို လှမ်းဆုပ်ကိုင်သည်။ ချက်ချင်းပင် ကျွန်မသတိဝင်လာပြီး ရုတ်ရုတ်ဖြင့် လက်ကိုအကိုင်မခံဘဲ ရုန်းဖယ်ပုတ်ထုတ်လိုက်၏။

ရဲဂေါင်စိုးက ရုက်ကိုးရုက်ကန်း အားတုံ့အားနာဖြစ်သွားပြီး. . .





"ဆောရီးပါဟာ၊ ငါက နင့်ကို ကူညီချင်လို့ပါ"

ထိုစကားကြောင့် ကျွန်မရင်ထဲမှတင်းကြပ်မှုသည် အနည်းငယ်ပြေလျော့သလို ခံစားလိုက်ရ၏။ ကျွန်မက မျှော်လင့်တကြီးဖြင့်. . .

"ရှင်ကကော သူတို့ပြောတာကိုယုံသလား၊ ကျွန်မဟာ မကောင်းဆိုးဝါးဆိုတာလေ၊ ပြောစမ်းပါ ကိုရဲဂေါင်စိုး၊ ရှင် ကျွန်မကို မကြောက်ဘူးလား၊ မကောင်းဆိုးဝါးရှိတယ်ဆိုတာ ရှင်ယုံသလား"

အလောတကြီးဖြင့် ဆက်တိုက်မေးချလိုက်သော ကျွန်မမေးခွန်းများ၏အဆုံးတွင် သူ ရုက်ရွံ့သိမ်ငယ်စွာ ခေါင်းကိုငုံ့သွားသည်။ ပြီးမှ မပွင့်တပွင့်လေသံဖြင့် . . .

"အင်း. . . ယုံတယ်"

"ဘာ. . ."

ကျွန်မ မျှော်လင့်ချက်တွေအားလုံး သွက်သွက်ခါသွားသည်။ ပြိုကျသွားသည်။ အစိတ်စိတ်အမွှာမွှာကွဲကြေသွားသည်။

ကျွန်မက နာကျင်ခြင်း၏အဆုံးစွန် ဒေါသဖြင့် . . .

"ရှင်လည်း အလကားလူပဲ. . . ဖယ်. . . ကျွန်မရှေ့ကဖယ်"

သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်ခဲ့ပြီး ကားလမ်းမပေါ်သို့ ပြေးထွက်ခဲ့တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဦးခေါင်းခွံအတွင်းမှာ ပျားကောင်တွေအိမ်ရာဖွဲ့ပြီး တဝီဝီမြည်ကာ ပျံသန်းနေသည်ဟု ခံစားရ၏။ မျက်လုံးထဲမှာလည်း အလင်းစက်မှုန်လေးတွေ စုဝေးလာလိုက် ပြန့်ကျဲသွားလိုက်နှင့်။

ကျွန်မ အာခေါင်တွေလည်းခြောက်ကပ်နေသည်။

ကျွန်မ ဘယ်ကိုရောက်နေသည်မသိ။ ကျွန်မ ဘယ်ကို သွားနေသည်မသိ။ အိပ်မက်ရှည်ကြီးတစ်ခု မက်နေရသလို ဝိုးတဝါး ဖြစ်နေသည်။

ထိုအခိုက်အတန့်မှာပင် . . .

''ပွမ်း . . . ပွမ်. . .''

ကျယ်လောင်လှသော ကားဟွန်းတီးသံနှင့်အတူ . . .

''သေချင်လို့ ကားလမ်းပေါ်တက်ပြီးလျှောက်နေတာလား။ ရှေ့မကြည့်နောက်မကြည့်နဲ့၊ လမ်းကိုစွတ်ပြီး ဖြတ်ကူးမနေနဲ့၊ တစ်ခါတည်း မသာပေါ်သွားမယ်''

ကားပြတင်းပေါက်မှ ခေါင်းပြူထွက်ပြီး ဒေါသတကြီး အော်ဟစ်ဆဲရေးလိုက်သော ဒရိုင်ဘာ၏အသံကိုကြားလိုက်မှပင် ရုတ်တရက် လန့်နိုးလာရသလို ဖြစ်သွားသည်။

ငါ . . . ငါ ကားလမ်းမပေါ် ရောက်နေတာပါလား. . .။

ကားတွေက ကျွန်မအနီးမှ တဝီဝီဖြတ်သွားနေကြသည်။ စောစောကလို မှုးမှုးမိုက်မိုက်ဖြင့် ဘာကိုမှမမြင်ဘဲ ဆက်သွားနေလျှင် မကြာခင် ကားတိုက်ခံရမှာသေချာပါသည်။





ထို့ကြောင့် အတတ်နိုင်ဆုံး အာရုံကိုစုစည်းကာ ကားလမ်းကိုဖြတ်ကူးလိုက်ပြီး အနီးဆုံးဘတ်စ်ကားမှတ်တိုင်ရှိ ထိုင်ခုံတွင် ထိုင်ချလိုက်သည်။

အခုကျမှပင် ကျွန်မတစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသည် ကို သတိထားမိတော့၏။ စောစောက ကားတိုက်ခံရမလိုဖြစ်ပြီး မြှန်းကန်ကြောက်လန့်သည့်စိတ်က လွှမ်းမိုးသွားသောကြောင့် အရင်က ခံစားနေရသောဝမ်းနည်းမှုတွေ ကြေကွဲအားငယ်မှုတွေ ခဏ လွင့်စင်သွားကြသည်။

ကျွန်မ အနည်းငယ် တည်တည်ငြိမ်ငြိမ်ပြန်စဉ်းစားနိုင်လာ၏။

စဉ်းစားနိုင်ပြီဆိုသည်နှင့်တစ်ပြိုင်နက် ရဲဂေါင်စိုး၏မျက်နှာက ကျွန်မ၏အတွေးအာရုံထဲတွင် တရစ်ဝဲဝဲပေါ်လာသည်။

သူဟာ ငါ့ကို ကူညီချင်သတဲ့။

ဟုတ်မှာပါလေ။ သူ့တုန်းကလည်း ကျောင်းတစ်ကျောင်းလုံးရှေ့မှာ အရှက်ကွဲပြီး အခု ငါဖြစ်သလိုမျိုး ကျောင်းထဲက မျက်စိစုံမှိတ်ပြေးထွက်ခဲ့ရတာမဟုတ်လား။

ဖြစ်ပုံခြင်း အနီးစပ်ဆုံးတူလို့ သူတစ်ယောက်ကတော့ ငါ့ ခံစားချက်ကို နားလည်ပေးနိုင်မှာပါလေ။

သူ့ကို ကျွန်မ ပြန်တောင်းပန်ရဦးမည်ဟု တွေးလိုက်သည်။ ဒါပေမဲ့ တောင်းပန်ရုံနဲ့ကော အရာရာဟာ ပုံမှန်အတိုင်း ပြန်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com

မှာတဲ့လား။

ဆုံးရှုံးသွားတဲ့ ငါ့ရဲ့သူငယ်ချင်းတွေကို ဘယ်လိုပြန်ရနိုင်တော့မှာလဲ. . . ။

ဆုံးရှုံးသွားတဲ့ ငါ့ရဲ့ပုံမှန်လူသားဘဝကိုကော ဘယ်လိုပြန်လည်ရနိုင်တော့မှာလဲ. . . ။

●

ထိုစဉ်မှာပင် ကျွန်မထိုင်နေသော ကားမှတ်တိုင်သို့ ဘတ်စ်ကားတစ်စီးထိုးဆိုက်လာသည်။ ခေါင်းငုံ့ထားသော ကျွန်မမျက်ဝန်းထဲတွင် ကားပေါ်မှဆင်းလာသူတွေ၏ခြေထောက်များကို မြင်နေရသည်။

ကလေးတွေ ယောကျ်ားကြီးတွေ မိန်းမပျိုလေးတွေ. . . ။

ပြီးတော့. . . ပြီးတော့. . .

ခြေထောက်တစ်စုံကိုမြင်ရသည့်အချိန်တွင် ဘာကြောင့်မှန်းမသိဘဲ ကျွန်မ မော့ကြည့်ချင်စိတ်ပေါ်လာသည်။ ဖျတ်ကနဲ အမှတ်တမဲ့ မော့ကြည့်လိုက်သောအခါ . . .

“ဟင်”

ထိုမိန်းမကြီးကို ချက်ချင်းမှတ်မိလိုက်သည်။ ကျွန်မနားထင်မှာ သွေးတွေ တဒိန်းဒိန်းဆောင့်တိုးသွားတော့၏။

ဒေါ်နန်းမြရွှေ. . . ။ အကြားအမြင်ဆရာမကြီး ဒေါ်နန်းမြ





ရွှေပင် ဖြစ်သည်။

ဒေါ်နန်းမြရွှေက သူမ၏ပိန်ကိုင်းကိုင်းခန္ဓာကိုယ်ပေါ်တွင် ဖျင်ကြမ်းတဘက်ကြီးတစ်ထည် ခြုံထားသည်။ ပြီးတော့ အရောင်အဆင်းမွဲညစ်နေသည့် လွယ်အိတ်ကြီးတစ်လုံးကိုလည်း လွယ်ထားသည်။ သူမက ချာကနဲလှည့်ပြီး ဘတ်စ်ကားမှတ်တိုင်နှင့် ဝေးရာဆီသို့ လျှောက်သွားတော့၏။

ကျွန်မက ဝုန်းကနဲခုန်ထလိုက်ပြီး ဒေါ်နန်းမြရွှေနောက်သို့ ပြေးလိုက်ခဲ့တော့သည်။

“နေဦး. . . နေဦး. . . မသွားရဘူး”

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ကျွန်မခေါ်သံကြောင့် ဒေါ်နန်းမရွှေက လှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးများက ကြက်သရေကင်းမဲ့စွာ အေးစက်နေကြ၏။

နောက်. . . ချက်ချင်းလိုလိုပင် ကျွန်မကို သူ မှတ်မိသွားပုံပေါ်သည်။ မျက်လုံးများပြူးကျယ်သွားပြီး ပါးစပ်အဟောင်းသားဖြင့်. . .

"ဟင်. . . မင်း. . . မင်း ငါ့ဆီဝေဒင်လာမေးတဲ့ မကောင်းဆိုးဝါးပဲ"

"ဘာမကောင်းဆိုးဝါးလဲ၊ ရှင် ကျွန်မကို အဲဒီလိုဟောလိုက်ပြီးကတည်းက ကျွန်မမှာ ဒုက္ခတွေတစ်ခုပြီးတစ်ခု ကြုံနေရတာသိရဲ့လား။ ရှင်နဲ့မတွေ့ခင်အချိန်အထိ ကျွန်မဟာ သာမန်လူပဲ၊ ဘာအောက်လမ်းပညာမှလည်း မတတ်ဘူး။ခုလို ကျွန်မ မကောင်းဆိုးဝါး





ဖြစ်နေရတာ ရှင့်ကြောင့်. . . ရှင့်ကြောင့်. . . သိရဲ့လား"

ထိုအဘွားကြီးက မျက်စိမျက်နှာပျက်ကာ အတင်းပင်ဖွတ်ငြင်းလေတော့သည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ငါနဲ့မတွေ့ကခင်ကတည်းက မင်းဟာ မကောင်းဆိုးဝါးဖြစ်နေပြီ၊ ဒါကို ငါ့အာရုံထဲမှာသိနေတယ်၊ သွားပါ. . . ငါ့အနားက မင်း အခုချက်ချင်းထွက်သွားပါ"

ကျွန်မက သူ့ကို မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ကြည့်ရင်း . . .

"မသွားနိုင်ဘူး၊ ကျွန်မလက်ကို အခုပြန်ကြည့်ပေး၊ ရှင် အရင်တစ်ခေါက်ကဟောတာ မှားပါတယ်လို့ဝန်ခံစမ်းပါ"

ဒေါ်နန်းမြရွှေက တဆတ်ဆတ်တုန်အောင်ပင် ကြောက်ရွံ့နေရာမှ . . .

"ကလေးမရယ် ငါ့ကို အန္တရာယ်မပေးပါနဲ့၊ ငါ့ကိုမှီခိုနေတဲ့ မိသားစုရှိပါသေးတယ်၊ ငါ သွားပါရစေတော့နော်"

ဟု အသနားခံနေသည်။ ကျွန်မက . . .

"ခဏလေးပါ၊ ကျွန်မလက်ကို ခဏလောက်ကြည့်လိုက်စမ်းပါ၊ ဘယ်လောက်ကြာမှာမို့လို့လဲ၊ အရင်တစ်ခေါက်တုန်းက ရှင်မှားပြီး ဟောလိုက်တယ်ဆိုတာ သေချာပါတယ်"

ကျွန်မက လက်ဖဝါးနှစ်ဖက်ကို သူ့မျက်နှာရှေ့သို့ထိုးပြလိုက်သည်။ အဘွားကြီးက ကျွန်မလက်တွေကို မီးရဲရဲကင်ထားသော



www.burmeseclassic.com

www.burmeseclassic.com

ပြားတွေနှင့် ထိတွေ့ရမှာစိုးသလိုမျိုး အလန့်တကြား ရှောင်တိမ်းလိုက်၏။

ထို့နောက် နှစ်စက္ကန့်လောက်ကြာအောင် ကျွန်မညာဘက်လက်ကို ဖျတ်ကနဲရှုးစိုက်ကြည့်လိုက်ရင်း ဝမ်းခေါင်းသံကြီးဖြင့် အော်လေတော့သည်။

"ငါ မမှားဘူး။ ငါ မမှားဘူး။ နှင့်လက်ပေါ်မှာ အခုထိ မကောင်းဆိုးဝါးစီးနေသေးတယ်၊ အဲဒီမကောင်းဆိုးဝါးဟာ နှင့် မွေးနေ့နဲ့အတူရောက်လာတာပဲ"

အဘွားကြီးက မျက်လုံးပြူးမျက်ဆံပြူးဖြင့်ပြောရင်း နောက်သို့ တစ်လှမ်းပြီးတစ်လှမ်းဆုတ်သွားသည်။ သူမက ချာကနဲလှည့်ထွက်ပြေးမည့်ဟန်ပြင်လိုက်စဉ် ကျွန်မက . . .

"နေပါဦး. . . ဒီမှာ. . . ဒီမှာ"

ကျွန်မလက်ကိုဆန့်တန်းရင်း ရှေ့သို့တိုးသွားလိုက်ရာ . . .

"ငါ့ကို. . . ငါ့ကို ဘာမှမလုပ်ပါနဲ့၊ ငါ့မှာ လူမမယ်ကလေးတွေရှိပါသေးတယ်၊ သူတို့ကို သနားပါဦး"

အဘွားကြီးက ကယောင်ကတမ်းရေရွတ်တောင်းပန်ရင်း ချိနဲ့သောခန္ဓာကိုယ်ကို အနိုင်နိုင်သယ်ကာ ဖိုရိုဖားရား ပြေးထွက်သွားလေသည်။

●





အိမ်သို့ပြန်ရောက်ပြီးကတည်းက ကျွန်မအခန်းထဲမှာတင် ပေါ်မှာပင် တစ်ချိန်လုံးခွေနေခဲ့သည်။ မေမေက ညစာလာစားဖို့ခေါ်သည့်ကိုပင် ခေါင်းခါပြပြီးငြင်းလိုက်၏။ မေမေက . . .

"ဘာဖြစ်လို့လဲသမီး၊ နေမကောင်းလို့လား၊ မေမေ့ကိုပြောလေ"

"မဟုတ်ပါဘူးမေမေရယ်၊ သမီးတစ်ယောက်တည်း နေချင်လို့ပါ"

သည့်နောက်တွင်တော့ မေမေက ဆေးရုံတွင် နိုက်ဂျူတီကျသည်ဟုပြောကာ ဆေးရုံသို့ထွက်သွားလေတော့သည်။

အခန်းထဲတွင် ကျွန်မတစ်ယောက်တည်းဝေဒိုင်ကာ ကျန်နေရစ်ခဲ့သည်။

မှုန်ဝါးသောအလင်းရောင်အောက်တွင် ကျွန်မ၏အခန်းသည် သုသာန်တစ်စပြင်လို ငြိမ်သက်နေ၏။ ကျွန်မ၏ဘဝသည်လည်း နိဂုံးချုပ်ရမည့်နေရာသို့ ရောက်ပြီထင်သည်။

လူတွေအားလုံးက ရွံ့မုန်းတဲ့ဘဝမျိုးနဲ့ ငါအသက်ဆက်ရှင်ရမှာလား။

ပြတင်းပေါက်အပြင်ဘက်မှလရောင်က ကျွန်မအခန်းတွင်းသို့ ပါးပါးလျှလျှလေးကျနေသည်။ ဒါကိုကြည့်ရင်း ကျွန်မရင်ထဲမှာလည်း မျှော်လင့်ချက်အလေင်းရောင်ပါးပါးကလေးလင်းလက်လာ၏။

ကျွန်မက တယ်လီဖုန်းကိုကောက်ကိုင်ပြီး ဖေရယ်တို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"ဟဲလို. . ."

တစ်ဖက်မှဖုန်းလာကိုင်သူမှာ ဖေရယ်ပင်ဖြစ်သည်။ သူက ကျွန်မမှန်းသိသွားသောအခါ ဖုန်းကို ချက်ချင်းပြန်ချပစ်လိုက်ဖို့ ပြင်လိုက်၏။ ကျွန်မက မရမကတောင်းပန်ပြီး နောက်ဆုံးတွင် . . .

"ခဏလေး. . . ခဏလေး နားထောင်ပေးပါဖေရယ်ရယ်၊ ဖုန်းကိုမချလိုက်ပါနဲ့၊ ငါ့ကို အခွင့်အရေးတစ်ခုတော့ပေးပါဦး"

"နင် ဘာလုပ်ဦးမလို့လဲ ဝတ်ရည်ဖြူ။ ငါတို့ညီအစ်မတွေကို နင် ဒုက္ခပေးခဲ့တာ သိပ်လွန်လွန်းသွားပြီ၊ ငါတို့ နင့်ကိုလည်း ကြောက်နေပြီ၊ တော်လောက်ပြီထင်တယ် ဝတ်ရည်ဖြူ"

"မဟုတ်ဘူး. . . မဟုတ်ဘူးဖေရယ်"

"နင်က ဖုံးကွယ်ချင်သေးလို့လား ဝတ်ရည်ဖြူ။ ဒီနေ့ ငါတို့အားလုံး မျက်စိနဲ့တပ်အပ်မြင်ပြီးပြီပဲ ဥစ္စာ"

"ငါ. . . ငါ ဖုံးကွယ်မလို့မဟုတ်ပါဘူးဟာ၊ ငါ တကယ်ကို မသိလို့ မသိတဲ့အကြောင်း အမှန်အတိုင်းပြောပြတာပါဟာ၊ အဲဒီစိတ်တန်ခိုးကို ကောင်းတဲ့ဘက်မှာပဲ သုံးပါမယ်လို့ ငါကတိပေးပါတယ်ဟာ"

"ဘာ. . . ဘာပြောတယ်"

"နောက်ကို ငါ့စိတ်တန်ခိုးကြောင့် ဘယ်သူမှဒုက္ခမရောက်စေရဘူးဟာ၊ နင်တို့အားလုံးမှာ အခက်အခဲတွေရှိရင် ပြေလည်သွားအောင် အောင်မြင်သွားအောင် ငါ့စိတ်တန်ခိုးနဲ့ ကူညီမယ်လေ၊ အဲ





အဲဒါဆိုရင်ကော ငါ့ကို သူငယ်ချင်းအဖြစ်နဲ့ ပြန်လက်ခံမှာလားဟင်"

"သွေးရှူးသွေးတန်းနဲ့ အဓိပ္ပါယ်မရှိတာတွေ လာပြောမနေစမ်းနဲ့ ဝတ်ရည်ဖြူ။ နင့်ကို ဘယ်လိုအကြောင်းနဲ့မှ ပတ်သက်ဆက်ဆံစရာမရှိတော့ဘူး၊ ဒါပဲ"

သည့်နောက်တွင်တော့ ရက်စက်တိုတောင်းသော တယ်လီဖုန်းချသံမှတပါး အရာအားလုံးသည် တိတ်ဆိတ်သွားလေတော့သည်။

ကျွန်မ၏အိပ်မက်တွေအားလုံးသည် တငွေ့ငွေ့နှင့် လောင်ကျွမ်းခွေးမြေ့စပြုနေလေသည်။

"ငါ သွေးရှူးသွေးတန်းပြောနေတာမဟုတ်ပါဘူးဟာ၊ ငါ့အစွမ်းနဲ့ နင်တို့ကိုတကယ်ကူညီမှာပါ"

ကျွန်မတစ်ယောက်တည်း လိုက်လိုက်လှဲလှဲပြောရင်း ကတိပေးလိုက်သည်။

မနက်ဖြန်ဆိုလျှင် . . .

မေတို့အဖွဲ့ကကျင်းပမည့် ခွေးလိမ္မာပြိုင်ပွဲရှိသည်မဟုတ်ပါလား။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

လူတွေစည်ကားနေသောပန်းခြံထဲသို့ အထီးကျန်သူစိမ်းတစ်ယောက်လို ကျွန်မတစ်ယောက်တည်း ရောက်လာခဲ့သည်။

'ခွေးလိမ္မာပြိုင်ပွဲ'

ဟူသော ပိတ်ဆိုင်းဘုတ်ပေါ်တွင် မိုးပျံပူဖောင်းတွေ အစီအရီချိတ်ဆွဲထား၏။ ရေခဲချောင်းရောင်းသူတွေ၊ ဖီးထုပ်နေကြာစေ့ရောင်းသူတွေနှင့် ကလေးကစားစရာ အတိုအထွာပစ္စည်းရောင်းသူတွေကလည်း ဥဒဟို တိုးဝှေ့သွားလာနေကြ၏။

ဆောင်းဘောက်စ်မှ တက်ကြွဆူညံသော သီချင်းသံတွေကို တစ်ချိန်လုံးကျယ်လောင်စွာ ဖွင့်ထားသောကြောင့် လူစုလူဝေးကြီး၏ စကားပြောသံများ၊ အော်ဟစ်ရယ်မောသံများ၊ လက်ခုပ်တီးသံများနှင့်





ဗလုံးဗထွေးဖြစ်နေသည်။

နေရာတိုင်းလိုလိုမှာပင် လည်ပတ်ကြိုးလှလှကလေးများ တပ်ဆင်ထားသည့် ခွေးအရွယ်အစားမျိုးစုံတို့ကို ကြိုးဖြင့်ဆွဲသူဆွဲ၊ ပွေ့ချီသူကပွေ့ချီဖြင့် ပန်းခြံအလယ်ရှိ စင်မြင့်ဆီသို့ သွားနေကြသည်ကို မြင်ရသည်။

စင်မြင့်ရှေ့ရှိ မြက်ခင်းစိမ်းစိမ်းပေါ်တွင် အတော်ကျယ်ဝန်းသော လေးထောင့်ကွက်လပ်တစ်နေရာကို မည်သူမျှမဝင်နိုင်အောင် ကြိုးဖြင့် စည်းတားကာရံထားသည်။ ပြိုင်ပွဲကျင်းပမည့်နေရာဖြစ်လိမ့်မည်ဟု ကျွန်မ တွက်ဆမိလိုက်၏။

ကျွန်မလည်း ထိုကွက်လပ်အနီးသို့ ရောက်နိုင်သမျှရောက်အောင် တိုးဝှေ့သွားပြီး ရပ်ကြည့်နေလိုက်သည်။ မကြာခင်မှာပင် သီချင်းသံရပ်သွားပြီး မိုက်ကရိုဖုန်းမှ 'ဟဲလို... တက်စတင်... ဝမ်း... တူး... သရီး... ဖိုး' ဟူသည့် စက်စမ်းသံကို သုံးလေးကြိမ် ကြားလိုက်ရသည်။

ခဏကြာတော့ မေက စင်မြင့်ပေါ်သို့တက်လာပြီး မိုက်ကရိုဖုန်းကိုကိုင်ကာ ခွေးလိမ္မာပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းပြနေ၏။ ကျွန်မနှလုံးသားထဲမှပဲ့ကျသွားသော သူငယ်ချင်းတစ်ယောက်ကို လွမ်းမှုတ်တသစွာ ငေးကြည့်နေမိသည့်အတွက် မေ့စကားတွေက ကျွန်မနားထဲတွင် ကြားရတစ်ချက် မကြားရတစ်ချက်။

စင်မြင့်၏လက်ယာဘက်ရှိ ဆုတံဆိပ်တွေထားသည့်နေရာကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တော့ ပေရယ်နှင့် ဖွန်တို့က အစစအရာရာ ကူညီလုပ်ကိုင်ပေးနေသည်ကို တွေ့ရသည်။ ကျွန်မဘာဝသာ အခုလိုမပြောင်းလဲခဲ့ဘူးဆိုပါလျှင် အခုအချိန်လောက်ဆို ကျွန်မကိုယ်တိုင်လည်း အဲဒီစင်မြင့်ပေါ်တွင် သူတို့ကိုကူညီရင်းပျော်ရွှင်နေရမှာသေချာပါသည်။

ထိုအတွေးက ကျွန်မမျက်လုံးအစုံကို စူးရှသောအလင်းရောင်ဖြင့် အတိုးခံလိုက်ရသလို ပြာကနဲမိုက်ကနဲဖြစ်သွားစေ၏။ ကျွန်မ အာရုံကိုပြန်လည်စုစည်းနိုင်သည့်အချိန်တွင်ကား မေက မိုက်ကရို ဖုန်းထဲမှတဆင့် . . .

"ကဲ. . . အခုဆိုရင် ပြိုင်ပွဲကို စတင်ကျင်းပတော့မှာဖြစ်ပါတယ်၊ ဒါကြောင့် ပြိုင်ပွဲဝင်ဖို့ စာရင်းပေးထားသူများ မိမိတို့ရဲ့ ခွေးလိမ္မာတွေနဲ့အတူ မြက်ခင်းပေါ်မှာ တန်းစီပြီးနေရာယူပေးကြပါရှင်၊ ကျွန်မတို့က ယှဉ်ပြိုင်ရမယ့်နံပါတ်စဉ်ကို မဲနှိုက်ပြီး ရွေးချယ်ပေးမှာ ဖြစ်ပါတယ်။ ကဲ. . . နေရာယူနိုင်ကြပါပြီရှင်။"

မေ့စကားအဆုံးတွင် ခွေးတွေကိုလည်ပတ်ကြိုးမှဆွဲကာ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲစီဝင်လာကြပြီး စင်မြင့်ရှေ့မြက်ခင်းအစပ်တွင် တန်းစီရပ်လိုက်ကြ၏။ အမိန့်နာခံတတ်အောင် စနစ်တကျလေ့ကျင့်ထားသည့် ခွေးတွေဖြစ်သောကြောင့် အားလုံးက မိမိသခင်၏ရှေ့တွင် တစ်ညီတစ်ညာတည်း ဆောင့်ကြောင့်ထိုင်ကာ ငြိမ်သက်နေကြသည်။

ထိုခွေးများအားလုံးအနက် နံပါတ်(၁၂)ကထာန်းကို လည်ပတ်





ကြိုးတွင်တပ်ဆင်ထားသည့် အယ်လ်ဖေးရှင်းခွေးကြီးမှာမူ ထူးထူးခြားခြားကြီးမားလှပြီး လူတစ်ရပ်၏ခါးသာသာခန့် မြင့်မားထွားကျိုင်းလှသည်။ ပြိုင်ပွဲဝင်မည့်ခွေးများ နေရာယူပြီးသောအခါ မေက မဲလိပ်များထည့်ထားသော ငွေဖလားကိုမြှောက်ကိုင်တာ မဲလိပ်တစ်လိပ်နှိုက်ယူလိုက်ပြီး . . .

"ကဲ. . . အခု ပထမဦးဆုံးယှဉ်ပြိုင်ဖို့ ကံစမ်းမဲကျတဲ့ နံပါတ်ကတော့. . ."

မေက စကားကိုဆုံးအောင် ဆက်မပြောနိုင်တော့ဘဲ ချက်ချင်းပင် နာခေါင်းကို လက်ဖြင့်ပိတ်လိုက်၏။ ပရိတ်သတ်တွေအားလုံးကလည်း တစ်ပြိုင်တည်းလိုလိုမှာပင် မျက်စိမျက်နှာပျက်သွားကြပြီး နာခေါင်းရှုံ့လိုက်သည်။

"ဟင်. . . ဘယ်လိုအပုပ်နံ့ကြီးပါလိမ့်"

"ဟုတ်ပါရဲ့ အနံ့ကလည်းဆိုးလိုက်တာ"

ပြိုင်ပွဲကျင်းပမည့်နေရာတစ်ခုလုံးကို အပုပ်နံ့ဆိုးကြီးတစ်ခု ကရုတ်တရက်ဖုံးလွှမ်းသွားသည်။ ပရိတ်သတ်ထဲမှ အတော်များများ ကတဝေါ်ဝေါ်ဖြင့် ထိုးအန်ကုန်ကြ၏။

"ဂီး. . . ဂရီး. . . ဂရား"

"ဝေါင်း. . . ဝေါင်း. . . ဝုတ်"

"ဝု. . . အု. . . အူ"

တစ်ပြိုင်တည်းမှာပင် ခွေးတွေကလည်း ထူးထူးခြားခြားဟိန်း



www.burmeseclassic.com

www.burmeseclassic.com

မနိုင်သိမ်းမရဖြစ်ကာ မမြင်ရသောတစ်စုံတစ်ရာကို မာန်ဖီကြသည်။ တဝုတ်ဝုတ်ထိုးဟောင်ကြသည်။ ချောက်ချားဖွယ်ရာအူသံပေးကြသည်။

ခွေးတွေအားလုံး ဒေါသတကြီးဖြင့်မာန်ဖီကာ ဆောင့်ဆောင့်ရုန်းနေသောကြောင့် ခွေးရှင်များလည်း ထိန်း၍မရတော့။

"လုပ်ကြပါဦးဗျို့၊ ကျုပ်ခွေးကို ထိန်းလို့မနိုင်တော့ဘူး၊ လွှတ်သွားပြီ . . . လွှတ်သွားပြီ"

"အမယ်လေး . . . ပြေး . . . ပြေး . . . ခွေးကိုက်လိမ့်မယ်၊ ပြေးကြ"

"အမေရေ့ . . . လုပ်ပါဦး"

ပြေးသံလွှားသံ ခွေးဟောင်သံ ကယ်ပါယူပါ အော်ဟစ်သံများနှင့် ကမ္ဘာပျက်သလိုဆူညံပွက်နေ၏။

"ဂရီး . . . ဂရား . . . ဂီး"

စိတ်ရိုင်းဝင်နေသော နံပါတ်(၁၂)အယ်လ်ဆေးရှင်းခွေးကြီးကား စင်ပေါ်တွင်ရှိသောမေ့ကိုသွေးနီရောင်ရဲရဲတောက်သော မျက်လုံးများဖြင့် ရှုးရှုးဝါးဝါးကြည့်ကာ တရစပ်မာန်ဖီနေတော့သည်။ ခွေးပိုင်ရှင်ကလည်း ကြိုးကို ခြေစုံကန်ပြီးဆွဲထား၏။

မေ့မှာ အန္တရာယ်ကျရောက်တော့မည်ဟူသောအသိကြောင့် မြက်ခင်းပြင်ကိုဖြတ်ပြီး ကျွန်မ တစ်ဟုန်ထိုးပြေးလွှားသွားလိုက်သည်။

"ဝတ်ရည်ဖြူ . . . ဝတ်ရည်ဖြူ . . . ဒီကိုပြန်လာခဲ့"

ကျွန်မနောက်ဘက်တစ်နေရာမှ လှမ်းခေါ်နေသော ရဲဂေါင်





စိုး၏အသံကို ကြားရသော်လည်း ကျွန်မလှည့်မကြည့်တော့။ ကျွန်မ ဦးတည်ပြေးလွှားနေသော မေ့ဆီသို့သာ။

ထိုအချိန်မှာပင် လေပြင်းလည်းမတိုက်ခတ်ပါဘဲနှင့် အနီးအနားရှိ သစ်ပင်ကြီးတွေအားလုံး တဝုန်းဝုန်းမြည်ကာ အရွက်အလက်တွေ သိမ့်သိမ့်ခါလှုပ်ယမ်းသွားလေတော့သည်။

အယ်လ်ဆေးရှင်းခွေးကြီး၏လည်ပတ်ကြိုးကလည်း ထောင်းကနဲမြည်ကာ ပြတ်ထွက်သွား၏။

"ဟာ . . ."

"အမယ်လေး . . ."

"ဂရား . . . ဝုန်း"

အယ်လ်ဆေးရှင်းခွေးကြီးက စင်ပေါ်သို့ လွှားကနဲခုန်တက်လိုက်သည်။ ကြောက်လန့်တကြားလဲကျသွားသော မေ၏ကိုယ်ပေါ်မှ ခွကာ မေ့လည်ပင်းကို အစွယ်ဖြင့်ငုံခဲဖို့ ပါးစပ်ကိုဟလိုက်၏။

ကျွန်မက ချက်ချင်းပင် အယ်လ်ဆေးရှင်းခွေးကြီးဆီသို့ ညာဘက်လက်ကိုဆန့်တန်းလိုက်ပြီး . . .

"မေ့ကို အန္တရာယ်မပြုနဲ့"

ဟု စိတ်ထဲကရေရွတ်လိုက်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် မာန်ဖီနေသောခွေးကြီးသည် ချက်ချင်းပင်အမြီးကုတ်ကာ ငြိမ်ကျသွားသည်။ ထို့နောက် ကြောက်လန့်နေသောအသွင်အပြင်ဖြင့် မြက်ခင်းပေါ်သို့ ပြန်ခုန်ဆင်းလာပြီး တစ်နေရာတည်းမှာပင် တရှုတ်ဆွဲကာ တဒီဒီ


www.burmeseclassic.com

www.burmeseclassic.com



နှင့် သနားစဖွယ်အော်သံပေးနေလေတော့သည်။

အခြားသောခွေးများကလည်း မာန်ဖီခြင်း ဟောင်ခြင်း လုံးဝ မရှိတော့ဘဲ တအီအီညည်းတွားနေသည်ကိုပင် အံ့ဩဖွယ်ရာတွေ့ လိုက်ရတော့၏။

ကျွန်မက ဝမ်းသာအားရဖြစ်သွားပြီး . . .

"မေ. . . မေ. . . နင် ဘာမှမဖြစ်ဘူးနော်"

လှမ်းခေါ်လိုက်သံကြောင့် စင်ပေါ်တွင်ရှိနေသော မေတို့ညီ အစ်မသုံးဦးစလုံး ကျွန်မကိုမြင်သွား၏။

ကျွန်မက သူတို့ကိုရှင်းပြဖို့ စင်မြင့်ပေါ်လှမ်းတက်ရန် ခြေ လှမ်းပြင်လိုက်စဉ်မှာပင် ကျွန်မ၏လက်နှစ်ဖက်က ဖြုန်းကနဲပူလာ လေတော့သည်။

ကြောက်ရွံ့စိတ်ဖြင့် ကျွန်မ ခေါင်းနပန်းကြီးသွားသည်။ ကြက်သီးတွေတဖြန်းဖြန်းထလာ၏။ ဟင်. . . ဒါဆို စောစောကငြိမ် သက်သွားတာဟာ ငါ့အစွမ်းကြောင့်မဟုတ်ဘူးပေါ့။ ခုနက ငါ ဘယ် လိုမှမခံစားလိုက်ရဘူး။ ငါ့လက်တွေက အခုမှ ခြစ်ခြစ်တောက်ပူလာ ကြတာ။

ကျွန်မ တွေးနေစဉ်မှာပင် လက်နှစ်ဖက်စလုံးက မခံမရပ် နိုင်လောက်အောင် လောင်မြိုက်နေကြလေပြီ။ ထိုအသိနှင့်အတူ လူတွေသွေးပျက်လုမခန်း အော်ဟစ်လိုက်သံများကို ကြားရလေသည်။

"ပြေးကြဟေ့. . . ပြေးကြ၊ မြွေတွေ. . . မြွေတွေ"





"အမယ်လေး. . . မြွေတွေထွက်လာကုန်ကြပြီ"

"မြွေတွေလိုက်ပေါက်နေပြီ. . . ကယ်ကြပါဦး"

တစ်ခါမှ မြွေဆိုးမရှိခဲ့ဖူးသော သည်ပန်းခြံထဲသို့ ဘယ်က ဘယ်လိုမြွေတွေ ရောက်လာမှန်းမသိ။ မြက်ပင်တွေကြားမှ သစ်ပင် အခေါင်းထဲမှ အလျှိုလျှိုထွက်လာကြသည်။ တချို့က ပါးမြင်းထောင် လျက်၊ တချို့က တွန့်လိမ်လျက်။

ချောက်ချားစရာကောင်းလှသော ထိုမြင်ကွင်းကိုကြည့်ပြီး တန်ဖိုးကြီးမားလှသည့် အသိတစ်ခုက ကျွန်မခေါင်းထဲဝင်လာသည်။

ကျွန်မ၏စိတ်တန်ခိုးသည် မည်သည့်ကောင်းကျိုးကိုမှ ဖြစ် စေနိုင်စွမ်းမရှိပါ။

ဆိုးကျိုးသက်သက်ကိုသာဖြစ်စေနိုင်သည့် ယုတ်ညံ့သော မိစ္ဆာတန်ခိုးသာလျှင်ဖြစ်ပါသည်။

ထိုစဉ်မှာပင် မေက စင်မြင့်ပေါ်မှနေ၍ အော်ပြောလိုက်၏။

"ဒါ ဝတ်ရည့်ဖြူကြောင့်ဖြစ်တာ၊ သူဟာ မကောင်းဆိုးဝါး မ. . . အခုလိုဖြစ်အောင် သူလုပ်တာပဲ"

သူတို့အားလုံး ကျွန်မကိုရန်ပြုသတ်ဖြတ်ရန် လိုက်လာကြ ပေတော့မည်။

ကျွန်မ နာကျင်စွာဖြင့် ပြေးထွက်ခဲ့တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ပန်းခြံထဲမှ တစ်ဟုန်ထိုးပြေးထွက်လာရင်း ကျွန်မနာမည် အား လှမ်းခေါ်လိုက်သံကို သဲ့သဲ့ကြားလိုက်ရလေ၏။

"ဝတ်ရည်ဖြူ. . . လာလာ. . . ဒီကိုပြေးလာခဲ့"

ကျွန်မလှမ်းကြည့်လိုက်တော့ ရဲဝေါင်စိုးက ကားလမ်းမ အလယ်တည့်တည့်မှာရပ်ပြီး ကျွန်မကိုလှမ်းခေါ်နေသည်။ ကျွန်မက သူ့အနီးသို့အရောက်တွင် မရုက်နိုင်တော့ဘဲ သူ့ရင်ခွင်ထဲခေါင်းမှီကာ ငိုချလိုက်ရင်း . . .

"ကျွန်မကို သူတို့အားလုံးက အထင်လွဲကုန်ကြပြီ၊ ကျွန်မ ကျွန်မ. . ."

ရဲဝေါင်စိုးက ဝမ်းပန်းတနည်းငိုရှိုက်နေသည့်ကျွန်မကို ကြည့် ရင်း . . .





"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ လူ့ဘဝဆိုတာဒီလိုပါပဲ၊ ကိုယ် မကျူးလွန်တဲ့ကိစ္စတွေအတွက်လည်း ကိုယ့်မှာတာဝန်ရှိရင် ရှိနေ တတ်တာမျိုးပါ၊ အဲဒီလို မပြည့်စုံတဲ့သစ္စာတရားတွေကြောင့်ပဲ လူ သားရဲ့ဘဝတွေဟာ အဆုံးမသတ်သေးဘဲ ကာလအရှည်ကြီး တည် တန့်နေတာပေါ့၊ သစ္စာတရားတွေပြီးပြည့်စုံတဲ့နေ့ဟာ လူတွေ အားလုံး နိဂုံးချုပ်မယ့်နေ့ပဲဖြစ်သွားလိမ့်မယ်"

သူ့စကားတွေက ရှုပ်ထွေးလွန်းသောကြောင့် ကျွန်မ နား မလည်။

"ဘယ်လို. . . ဘယ်လို. . . ကျွန်မ မကျူးလွန်တဲ့ကိစ္စဟုတ် လား၊ ဘယ်လိုကိစ္စမျိုးကိုပြောတာလဲ"

သူက သက်ပြင်းချလိုက်ပြီး . . .

"ဥပမာပြောရရင်တော့ကွာ. . . ပေရယ့်လည်ဆွဲကို မင်းမခိုး ဘဲနဲ့ မင်းဆီမှာရောက်နေလို့ မင်းကို သူခိုးပါလို့စွပ်စွဲခံရတဲ့ကိစ္စမျိုး ပေါ့"

"ဘာ. . ."

ကျွန်မ အလန့်တကြားဖြင့် လူချင်းခွာပြီး နောက်တစ်လှမ်း ဆုတ်ကာ သူ့မျက်နှာကို လှမ်းကြည့်လိုက်မိသည်။ ကျွန်မက . . .

"ရှင်. . . ရှင် ဘယ်လိုလုပ်ပြီး ဒီလည်ဆွဲအကြောင်းသိနေ ရတာလဲ၊ ဒီအကြောင်း ရှင့်ကို တစ်ခါမှလည်း ကျွန်မမပြောပြဘဲ နဲ့"

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ထိတ်လန့်ချောက်ချားဖွယ်ကောင်းသောအဖြေတစ်ခု ကျွန်မ ခေါင်းထဲတွင် ဖျတ်ကနဲပေါ်လာသည်။

"လက်စသတ်တော့ ရှင်ကို။ ရှင်ဟာ မကောင်းဆိုးဝါးလား"

သူက ကျွန်မအမေးကိုပြန်မဖြေဘဲ . . .

"မင်းကိုယ်မင်း မကောင်းဆိုးဝါးစိတ်တန်ခိုးရထားတဲ့သူလို့ ထင်နေသလား ဝတ်ရည်ဖြူ"

"ဟုတ် . . . ဟုတ်တယ်၊ အဖြစ်ဆိုးတစ်ခုခုဖြစ်တော့မယ်ဆိုရင် ကျွန်မလက်ဖဝါးတွေ မီးလိုပူလာတယ်"

"အဲဒါ ငါ့အပြစ်ပါဝတ်ရည်ဖြူ။ ငါ့အပြစ်ပါ၊ တကယ်တော့ မင်းဟာ အင်မတန်ဖြူစင်တဲ့ ရိုးရိုးသာမန်လူသားစစ်စစ်တစ်ယောက်





ပါ၊ မင်းဟာ မကောင်းဆိုးဝါးမဟုတ်ပါဘူး"

ထိုသို့ပြောပြီး ရဲဂေါင်စိုးက စိတ်ထိခိုက်စွာဖြင့် သူ့ညာဘက်လက်ဖဝါးကို သူ ပြန်ငုံ့ကြည့်နေသည်။

ရုတ်တရက်ဆိုသလိုပင် အတိတ်ကိုကျွန်မ ပြန်သတိရလာသည်။ ကျွန်မမွေးနေ့တုန်းက ပွဲဈေးတန်းသို့သွားသည့်မြင်ကွင်းကို ပြန်မြင်ယောင်လာ၏။ အကြားအမြင်ဆရာမ၏ ဗေဒင်ဟောခန်းသို့ မသွားခင်အချိန်လေးမှာပင် သူနှင့်ကျွန်မ လမ်းမှာဆုံဆည်းခဲ့ကြခြင်းဖြစ်သည်။

အဲသည့်တုန်းက သူနှင့်ကျွန်မ မွေးနေ့တူကြောင်းပြောမိရင်း သူ့ညာဘက်လက်နှင့် ကျွန်မညာဘက်လက်တို့ လက်ဝါးချင်းရိုက်ခဲ့ကြသည်မဟုတ်ပါလား။

အဲသည့်လက်ကိုပင် အကြားအမြင်ဆရာမကကြည့်ကာ ဟောခဲ့ခြင်းဖြစ်လေသည်။ နောက်ပြီး ဘတ်စ်ကားမှတ်တိုင်မှာ ဒေါ်နန်းမြရွှေနှင့် ထပ်မဆုံခင်အချိန်ကလေးမှာလည်း ရဲဂေါင်စိုးက ကျွန်မလက်ကို ဆုပ်ကိုင်ခဲ့သေးသည်မဟုတ်ပါလား။

ဒေါ်နန်းမြရွှေသည် ဘယ်တုန်းကမှ ကျွန်မလက်ဖဝါးစစ်စစ်ကို ကံကြမ္မာဖတ်ခွင့်မရခဲ့ပါ။ သူမ တစ်ချိန်လုံးမြင်နေခဲ့သည်မှာ ရဲဂေါင်စိုး၏လက်ကိုသာလျှင် ဖြစ်လေသည်။

ရဲဂေါင်စိုးသည် ကျွန်မနှင့်လက်ဝါးချင်းရိုက်ရင်း သူ့လက်ပေါ်မှနိမိတ်ဆိုးကို ကျွန်မလက်ပေါ်သို့ ကူးစက်စေခဲ့ခြင်းသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှင်. . . ရှင်. . . ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"

"ငါ့ကို တစ်ကျောင်းလုံးရှေ့မှာအရှက်ခွဲခဲ့တဲ့ ပေရယ်တို့ညီအစ်မသုံးယောက်ကို ကလဲ့စားချေဖို့ပေါ့ကွာ"

"ဟင်. . . ဒါဆို မြက်ရိတ်စက်က ရှင့်ခြေထောက်ကိုရှသွားတာကကော ဘယ်သူ့ကြောင့်ဖြစ်တာလဲ"

သူက မချိတင်ကဲပြုံးရင်း ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ကာ . . .

"အဲဒါက ငါ သက်သက်ဟန်ဆောင်ခဲ့တာပဲ ဝတ်ရည်ဖြူ။ ဟိုညီအစ်မသုံးယောက်ရဲ့အမြင်မှာ မင်းကိုစပြီး သံသယဝင်လာအောင်လို့ ငါလုပ်ခဲ့တာပဲ၊ မင်းရဲ့ကြက်တူရွေးလေးဟာလည်း ငါ့ကြောင့်ပဲသေရတာ၊ ဒါပေမဲ့ သူတို့အမြင်အရကြည့်ရင်တော့ မင်းကြောင့်ဖြစ်တယ်လို့ထင်စရာပေါ့၊ ဒါမှလည်း သူတို့ကို ငါ ကလဲ့စားချေတဲ့အခါကျရင် မင်းကိုပဲ သူတို့ သံသယဝင်ကြတော့မှာပေါ့"

ဒါကြောင့်လည်း အဖြစ်ပျက်ဆိုးတွေ ဖြစ်ပျက်တဲ့နေရာတိုင်း အချိန်တိုင်းမှာ သူရောက်ရောက်နေတတ်တာကိုးဟု ကျွန်မ ဆက်စဉ်းမိလိုက်သည်။

"ရှင်. . . ယုတ်မာလှချည်လား"

"ငါ့ကိုခွင့်လွှတ်ပါ ဝတ်ရည်ဖြူ။ ငါဟာ တကယ်ပဲမကောင်းဆိုးဝါးပါ၊ ဒါပေမဲ့ ငါယုတ်မာတဲ့သူတော့ မဖြစ်ချင်ဘူး၊ ငါမှားပြီလို့





သိလိုက်ရတဲ့အချိန်မှာ မင်းလက်ပေါ်က မကောင်းဆိုးဝါးအငွေ့အသက်တွေကို ငါ ပြန်ရုတ်သိမ်းဖို့ကြိုးစားပါသေးတယ်။

မင်းမှတ်မိမလားမသိဘူး၊ ကန်တင်းတဲက မင်းပြေးထွက်လာတဲ့နေ့တုန်းကလေ၊ မင်းညာဘက်လက်ကလေးကို ငါလှမ်းကိုင်လိုက်တော့ မင်းက ချက်ချင်းရုန်းဖယ်သွားတယ်၊ တကယ်လို့များ အဲဒီတုန်းက နောက်ထပ်တစ်မိနစ်လောက်သာ မင်းလက်ကလေးကို ဆုပ်ကိုင်ထားခွင့်ရမယ်ဆိုရင် . . ."

သူက စကားပြောနေရင်း အသံတိမ်ဝင်သွား၏။

ကျွန်မ အံကိုတင်းတင်းကြိတ်ထားလိုက်၏။ သူ့ကြေကွဲဝမ်းနည်းမှုတွေကို ခံစားပေးဖို့ရန် ကျွန်မနှလုံးသားထဲတွင် နေရာမရှိပါ။

အရုပ်ကြွဲအောင် နောက်ပြောင်မှုရှုံးမှုဖြင့် သည်လောက် အထိ ကလဲ့စားချေဖို့မလိုပါ။

ထိုစဉ် ပန်းခြံအဝင်ဝမှနေပြီး ကျွန်မတို့ရှိရာဆီသို့ ဒေါသတကြီးဖြင့် ပြေးလာသည့်ညီအစ်မသုံးယောက်ကို လှမ်းမြင်ရသည်။ သူတို့ကို ငါ. . . ငါ ဘယ်လိုရှင်းပြရပါ့မလဲ။

■



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

သူ့ကိုပြောပြခွင့်မရလိုက်တဲ့ စကားလုံးတွေအများကြီးကို စက္ကူဗူးလေးထဲမှာထည့်ပြီး ကျွန်မ သိမ်းဆည်းထားပါတယ်။

ဘယ်နေ့ ဘယ်အချိန်မှာ အဲဒီစက္ကူဗူးလေးကို ပြန်ဖွင့်ခွင့်ကြုံလေမလဲ. . .။

ကျွန်မ အိုမင်းသွားတဲ့အရွယ်အထိ၊ ဆံပင်တွေဖြူ သွားတွေကျိုးပြီး အဖွားကြီးဖြစ်တဲ့အချိန်အထိတော့ အဲဒီစက္ကူဗူးလေးကို တယုတယ သိမ်းထားမှာသေချာပါတယ်။

ကျွန်မမှာ မြေးတွေ. . .မြစ်တွေရလာပြီဆိုရင်လည်း လသာတဲ့ညတွေမှာ အိမ်ရှေ့ဝရန်တာလရောင်အောက်မှာ ထိုင်ရင်း . . .

'ဟိုးရှေးရှေးတုန်းက လူတစ်ယောက်ရှိခဲ့တယ် မြေးတို့ရေ'

ကြောင်နှစ်ကောင်စားအုပ်တိုက်



ဆိုတဲ့စကားနဲ့ အစချီပြီး သူ့အကြောင်းကို တဖွဖွပြောပြရဦးမယ်။

ဆုံးရှုံးလိုက်ရတော့မယ်ဆိုကာမှ မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိမိတတ်တဲ့ 'အချစ်'ဟာ ကျွန်မကိုငိုအောင် ပျက်လုံးထုတ်တဲ့လူရွှင်တော်ပေါ့"

●

လူ့ဘဝမှာ 'ချိုမြိန်မှု'ဆိုပြီး တသီးတသန့် ဘယ်အရာမှ ပေါ်ပေါက်မနေခဲ့ဖူးပါဘူး။ လူလူချင်း တစ်ယောက်ကိုတစ်ယောက် 'ခါးသီးအောင်မလုပ်တာ' ကိုပဲ ဘဝရဲ့ချိုမြိန်မှုအဖြစ်နဲ့ သဘောတူနားလည်ထားခဲ့ကြတာပါ။

သူ့ကို တစ်နေရာရာမှာတွေ့မိရင် ပြောဖြစ်အောင်ပြောပြလိုက်ကြပါနော်. . .။

■

ရဲဂေါင်စိုးက ကျွန်မ၏အတွေးကို ရိပ်စားမိသွားဟန်ဖြင့် ပြေးလာနေသည့် ညီအစ်မသုံးယောက်ဖက်သို့ လှည့်ကာ မျက်နှာချင်းဆိုင်လိုက်သည်။

ထို့နောက်. . .လက်ကာပြပြီး လှမ်းတားရင်း

ကြောင်နှစ်ကောင်စားအုပ်တိုက်

www.burmeseclassic.com



"နေဦး. . . နင်တို့ ဝတ်ရည်ဖြူကို အထင်လွဲနေပြီ။ နင်တို့ကို ဒုက္ခပေးခဲ့တဲ့ တရားခံအစစ်ဟာ ငါပဲ"

"ဘာ. . ."

"ဟုတ်တယ်၊ ကြက်တူရွေးလေး သေရတာလည်း ငါ့လက်ချက်ပဲ"

နင်တို့အိမ်ထဲနိုးဝင်ပြီး မေ့ရဲ့ကြောင် 'ရွှေဝါ' ရဲ့ ကျောကုန်းပေါ် အက်ဆစ်တွေ အစက်ချခဲ့တာလည်း. . . ငါပဲ။ ပုလဲလည်ဆွဲကို နိုးပြီး ဝတ်ရည်ဖြူရဲ့ အံဆွဲထဲမှာ ဝှက်ပစ်ခဲ့တာလည်း ငါလုပ်တာပဲ"

ရဲဂေါင်စိုးက တိတိကျကျ ပိုင်ပိုင်နိုင်နိုင် ပြောပြနေနိုင်သောကြောင့် ဇော်၊ မေ၊ ဖွန့် တို့ ညီအစ်မသုံးယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြ၏။

မေက မယုံကြည်နိုင်စွာ အထိတ်တလန့်ဖြင့်

"နင်. . . နင်. . . ဘာဖြစ်လို့. . ."

"ဟား. . . ဟား. . . ဟား. . .။ နင်တို့ညီအစ်မ မျက်နှာတွေက ဘာလို့ ဒီလောက်တောင် အထိတ်တလန့်ဖြစ်နေကြတာလဲ။ ဟား. . . ဟား ငါ့ကို တစ်ကျောင်းလုံးရှေ့မှာ လူကြားသူကြားထဲ အရှက်ခွဲခဲ့တုန်းကတော့ နင်တို့ ဟားတိုက်ပြီး လှောင်ရယ်ရယ်ခဲ့ကြတယ်မဟုတ်လား"

●





"ဟင်. . . မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

ကျွန်မက အလန့်တကြား အော်ဟစ်ရင်း ရဲဂေါင်စိုးနှင့်ဝေးရာဆီသို့ ကမန်းကတန်းဆုတ်သွားမိသည်။

ရဲဂေါင်စိုးက

"ဟုတ်တယ်. . . ဝတ်ရည်ဖြူ၊ ငါဟာ သေဆုံးပြီးသားလူတစ်ယောက်ပါ။ တမလွန်ကို သွားရမယ့်လှေပေါ်က ခုန်ချနေရစ်ခဲ့ပြီး မရဏာမြစ်ကို ဖြတ်ကူးပြန်လာတာ။ သေရွာပြန်ဆိုပါတော့လေ။ မောဒီညီအစ်မတွေကို ကလဲ့စားချေဖို့ သေရာက ပြန်ထလာခဲ့တာပေါ့"

"ဟင့်အင်း. . . ဟင့်အင်း၊ နင်. . . ငါတို့ကို သက်သက်ခြောက်လှန့်. . ."

ရုတ်တရက်ဆိုသလို ရဲဂေါင်စိုး မျက်နှာက ကြောက်လန့်ရောတင်းမာသွားပြီး. . .

"ကဲ. . . နင်တို့ သေဖို့သာပြင်ကြပေတော့"

ရဲဂေါင်စိုးက လက်နှစ်ဖက်ကိုဆန့်တန်းကာ ပေရယ်ကို လည်ပင်းညှစ်သတ်မည့်ဟန်ဖြင့် ရှေ့သို့တိုးဝင်လာရာ

"အမယ်လေး. . . ကယ်ကြပါဦး"

"မလုပ်နဲ့. . . မလုပ်နဲ့"

"အား"

သူတို့အားလုံး တုန်လှုပ်စွာ ယောက်ယက်ခတ်နေကြသည့်အနီးသို့ ဆလွန်းကားတစ်စီး ဝေါခနဲ ထိုးဆိုက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . သား၊ သား. . . မလုပ်နဲ့လေကွာ"

ကားပေါ်မှ အသက်ငါးဆယ်အရွယ် လူကြီးတစ်ဦးက စိုးရိမ်တကြီး အော်ဟစ်လျက် ပြေးဆင်းလာ၏။ ထိုလူကြီး၏ နောက်မှာ သန့်သန့်မာမာ လူငယ်သုံးယောက်ခန့်နှင့် ဂျူတီကုတ်အဖြူ ဝတ်ဆင်ထားသူတစ်ယောက် ပါလာသည်။

"သား. . . သား၊ သတိထားဦးမှပေါ့. . .၊ ဖေဖေပါကွ"

ရဲဂေါင်စိုး သူ့ဖခင်၏အသံကို မှတ်မိသွားပြီး တွေခနဲဖြစ် ကာ ရပ်တန့်ငေးငိုင်သွားသည်။

ထိုအချိန်အခိုက်အတန့်ကလေးကိုပင် အခွင့်ကောင်းယူကာ သူ့ဖခင်နှင့်ပါလာသည့် လူငယ်သုံးယောက်က အတင်းဝင်ရောက်လုံးထွေးချုပ်နှောင်လိုက်ကြ၏။

"လွှတ်. . . လွှတ်၊ ငါ့ကိုလွှတ်"

"သား. . .၊ စိတ်အေးအေးထားပါ သားရယ်"

"ချုပ်ထား. . . ချုပ်ထား၊ အဲဒီဘယ်လက်ကို မလွှတ်စေနဲ့"

ရဲဂေါင်စိုးက အတင်းရုန်းကန်နေခိုက် ဂျူတီကုတ်ဝတ်ထားသည့် ဆရာဝန်က အသင့်ယူဆောင်လာသော ဆေးထိုးအပ်ဖြင့် ရဲဂေါင်စိုး၏ကိုယ်တွင်းသို့ ဆေးထိုးလိုက်သည်။

ရဲဂေါင်စိုး တစ်ကိုယ်လုံး ပျော့ခွေကျသွားသည်။

သူ. . . သတိလက်လွတ်မဖြစ်ခင် နောက်ဆုံးအကြည့်တစ်ချက်က ဝတ်ရည်ဖြူ. . . ဆီသို့။

●

ကြောင်နှစ်ကောင်တအုပ်တိုက်



"အန်ကယ် အနူးအညွတ်တောင်းပန်ပါတယ် သမီးတို့ရယ်၊ သားလေးက စိတ်မကျန်းမာဖြစ်နေရှာတာပါ၊ လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းက ကျောင်းကပွဲတစ်ခုကအပြန် ဟောဒီနားမှာပဲ သားလေး ကားတိုက်ခံရရှာတယ်လေ. . .

ဒဏ်ရာက ပြင်းလွန်းတော့ လုံးဝအသက်မရှင်နိုင်တော့ဘူးတောင် အောက်မေ့ထားတာ၊ ဒါပေမယ့် ဆေးရုံပေါ်မှာ တစ်ပတ်လောက် သတိလစ်နေပြီးတော့မှ လူကောင်းပကတိပြန်ဖြစ်လာတယ် လေ. . .

အင်း. . . ဒါပေမယ့် စိတ်ကတော့ မကျန်းမာတော့ဘူးဆိုပါတော့၊ ဒဏ်ရာက ဦးနှောက်ကို နည်းနည်းထိသွားတယ်ထင်ပါရဲ့၊ သားက သူ့ကိုယ်သူ သေရွာကပြန်လာတယ်. . . မရဏမြစ်ကို ဖြတ် ကူးပြီး ထွက်ပြေးလာတယ်. . . လို့ပဲ အစွဲအလန်းကြီးပြီး ပြော. . . ပြောနေတော့တာပဲ"

"သြော်. . ."

"အခုတလော သူ နည်းနည်းပုံမှန်ပြန်ဖြစ်နေတာနဲ့ အန်ကယ်လည်း မျက်ခြေမပြတ်ကြည့်မနေမိတော့ဘဲ နည်းနည်းပေါ့ဆသွားမိတယ်။ သားကြောင့် အထိတ်တလန့်ဖြစ်သွားရရင် အန်ကယ်တောင်းပန်ပါတယ်ကွယ်"

ဖွန်က 'ရပါတယ် အန်ကယ်ရယ်၊ ကိစ္စမရှိပါဘူး၊' ဟု ခေါင်းငုံ့ထားလျက်က တီးတိုးပြောနေသည်။

ဝတ်ရည်ဖြူကတော့ အသံထွက်နိုင်လောက်အောင်ပင် အင်အားမရှိတော့။

ကြောင်နှစ်ကောင်တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ရဲဂေါင်စိုးအား ပွေ့ချီ၍ ကားပေါ်တင်ခေါ်နေသည့်မြင်ကွင်းကိုသာ ကြေကြေကွဲကွဲ ငေးကြည့်နေမိသည်။

●

ရဲဂေါင်စိုးကတော့ အသိမဲ့ကမ္ဘာထဲတွင် အိပ်မောကျနေချေပြီး သူ့တစ်ကိုယ်လုံးသည် ပွေ့ချီထားသည့်လက်များပေါ်တွင် ပျော့ခွေလျက်. . .။

သူ့အိပ်မက်ထဲမှာတော့ ဝတ်ရည်ဖြူရှိနေလေမည်လား မသိချေ။

●

ခဏအကြာတွင်တော့

ရဲဂေါင်စိုးကို တင်ဆောင်ထားသည့်ကားအဖြူလေးက ဆေးရုံဆီသို့ ဦးတည်မောင်းနှင်ထွက်ခွာသွားလေတော့သည်။

■

သတိုးတေဇ

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com

ဆောင်မျိုး
စီစဉ်သည်။

# [illegible]

## ရင်စောင့်နတ်သမီး

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com